
အောင်မြင်စာပေ
ဂ မ္ဘီ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်
ကြိုသံ
သေရွာမြန်ရန်ငြိုးနှင့်လည်ကိုင်သည့်ကြိုး

www.burmeseclassic.com



အချစ်ကို ဖွတ်အတင်း ဖန်တီး၍ မရပေ။ အချစ်သည် သဘာဝအရ အလိုလို ပေါ်ပေါက်လာသည့်အရာဖြစ်၏။ အချစ်ကို ဖန်တီးသူသည် ခံစားမှုကို ပြုပြင်ပြောင်းလဲသူသာဖြစ်၏။

ဘဝခရီးဆိုသည်မှာ...လှေတစ်စင်းနှင့် အဆုံးအစမမြင်ရသော ပင်လယ်ပြင်၌ သွားရသည်နှင့် သဏ္ဍာန်တူ၏။ ထိုသို့သွားရာတွင်...သင့်အနေနှင့် ခရီးသည်အနေနှင့် လိုက်မှာလား၊ ပဲ့ကိုင် လှော်ခတ်သူအနေဖြင့် သွားမှာလား ရွေးချယ်ရပေမည်။

ယေ်ရှယ်စဉ်အချိန် တပည့်ဖြစ်ခဲ့ဖူးသော သူသည် အရွယ်ရလာသည့်အခါ ဆရာတစ်ယောက် မဖြစ်နိုင်စေကာမူ တပည့်အဖြစ်နှင့်တော့ ဆက်လက်မနေသင့်တော့ပေ။

ရေထုသည် ထုထည်ကြီးမားစေကာမူ ဆီတစ်စက်ကို နှစ်မြုပ်အောင် မတတ်နိုင်သကဲ့သို့ မြောက်မြားစွာသော အများတို့သည် အမှန်တရားကို ပျောက်ကွယ်သွားအောင် မလုပ်နိုင်ကြပေ။

BURMESE CLASSIC .com

ဘဝသည် အိပ်မက်သဖွယ် ရှိတတ်သော်လည်း တစ်ခါတစ်ရံ၌မူ...ထိုအိပ်မက်သည်ပင် အကောင်အထည်ပေါ်လာတတ်ပေသည်။

ဘဝတွင် တိုးတက်အောင်မြင်လိုပါက ကြိုးစားမှုကို အဖော်ပြုပါ။ လုံ့လဝီရိယကို မိတ်ဆွေဖွဲ့ထားပါ။ ဉာဏ်ပညာရဲ့အကူအညီကို ရယူပါ။ ထို့ပြင် ပါရမီ ရှိရန်လည်း ကြိုးစားအားထုတ်ရပေမည်။





www.burmeseclassic.com

www.burmeseclassic.com

အပြစ်ကင်းစင်သော မိတ်ဆွေတစ်ယောက်ကို ရရှိရန် မလွယ်ကူလှပေ။ အဘယ်ကြောင့်ဆိုသော်... သင်ကိုယ်တိုင် အပြစ်မကင်းသောကြောင့် ဖြစ်၏။

အခြားသူ တစ်ဦးတစ်ယောက်၏ အောင်မြင်မှုများကို ထိုင်ကြည့်ရင်း အားကျနေမည့်အစား...သူ ဘယ်လိုအောင်မြင်အောင် ကြိုးစားခဲ့သည့် လျှို့ဝှက်ချက်ကို စိတ်ဝင်စားခြင်းကသာ အကျိုးရှိနိုင်ပေမည်။

အခြားအတတ်ပညာများနည်းတူ... စိတ်ရှည်သည်းခံနိုင်သော အလေ့အကျင့်ကိုလည်း သင်ယူသင့်သည်။ စိတ်ရှည်သည်းခံမှုသည် အောင်မြင်မှုအတွက် သွားရာလမ်း၌ များစွာ အထောက်အပံ့ ရရှိစေသည်။


BURMESE CLASSIC .com

ရှာဖွေကြံဆသူ အတော်များများတို့မှာ...အခြားအရာများကိုသာ လိုက်လံရှာဖွေလေ့ရှိကြသည်။ မိမိကိုယ်၌ ရှိသော အရည်အချင်းကို သတိပြုပြီး ရှာဖွေချင်သူ နည်းလှသည်။

မြေကြီးရှိနေသော်လည်း သစ်ပင်စိုက်ပျိုးမှု မပြုလျှင် ဘာမှ စားရမည် မဟုတ်ပေ။ အရည်အချင်း ရှိသော်လည်း ထုတ်ယူသုံးစွဲခြင်း မပြုလျှင် အလဟဿ ဖြစ်စေနိုင်သည်။

အချစ်စိတ်ကြောင့် ရှုတ်အချက် ဖြစ်ပေါ်လာသည့် ခွန်အားတို့သည် မီးခိုးငွေ့နှင့် သဏ္ဌာန်တူ၏။ အချစ်နှင့်အတူ လိုက်လံပြောင်းလဲလေ့ရှိကြပြီး

နောက်ဆုံး ထိုအချစ်စိတ်
ပျက်ပြယ်သွားပါက
၎င်းတို့လည်း ပျောက်
ကွယ်သွားတတ်ပေ၏။





www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးမှတ်တမ်း

ဤဝတ္ထုတွင် ထည့်သွင်းအသုံးပြုခဲ့သော
အင်းစိန်ထောင်နှင့် ပတ်သက်သော အချက်အလက်တို့မှာ
"ထောင်မှူးကြီး သိန်းဝင်း၏ ကျွန်တော်နှင့်ထောင်စခန်းများ"
စာအုပ်မှ ထုတ်ယူသုံးစွဲထားပါကြောင်းနှင့် ဆရာကြီး
ထောင်မှူးကြီး သိန်းဝင်းအား ကျေးဇူးတင်ပါကြောင်း
မှတ်တမ်းတင်အပ်ပါသည်။

BURMESE CLASSIC .com

(စာရေးသူ)





# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) မောရမြိုင်နှင့် လျှို့ဝှက်ချက်များ

အခန်း(၂) လည်ကို ငုံသည့် ကျော့ကွင်း

အခန်း(၃) ဆရာဝန်ကြီး ဦးကျော်သာ အဖမ်းခံရလေပြီ

အခန်း(၄) ကြိုးမိန့်အတွက် မျှော်လင့်နေသူ

အခန်း(၅) သေမင်းကို အံတုမည့်သူ

အခန်း(၆) ကြိုးစင်ပေါ်မှ အာဃာတ

အခန်း(၇) သေသူ့ဝိညာဉ် ကလဲ့စား

အခန်း(၈) ရွှေညောင်ပင်နောက်မှ ကြောက်စရာလူသတ်သမား

အခန်း(၉) သေရွာပြန်မျက်နှာနှင့် ရန်ငြိုးရန်စ

အခန်း(၁၀) ဒေါက်တာမင်းထင်ကျော်နှင့် မြသင်းကြူ

အခန်း(၁၁) ဦးရွှေမောင်နှင့် လျှို့ဝှက်ချက်များ

အခန်း(၁၂) လူသတ်သမားနှင့် ကြောက်မက်ဖွယ် အန္တရာယ်

အခန်း(၁၃) သေမင်းရောင်ခြည် လက်နက်ဆန်း

အခန်း(၁၄) သေရွာပြန် ကျော့ကွင်းထောင်ချောက်

အခန်း(၁၅) သေရွာပြန်နိဂုံး

အခန်း(၁၆) အချစ်များဖြင့် တွဲလက်မြဲစေ


www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁)

# မောရုမြိုင်နှင့် လျှို့ဝှက်ချက်များ

တစ်နေ့သ၌ ရန်ကုန်မြို့မှ ထုတ်ဝေလျက်ရှိသော သတင်းစာ ဂျာနယ်နှင့် စာစောင်များ၌ လူအများ စိတ်ဝင်စားသော သတင်းများမှာ နေ့စဉ်ရက်ဆက်ဆိုသလို ပါလာလေသည်။ ထိုအချိန်က ထုတ်ဝေနေကြသော သတင်းစာ ဂျာနယ် စာစောင် အများအပြား ရှိပေသည်။

အိုးဝေဂျာနယ်၊ ဗမာ့ခေတ်၊ ရွှေတူဂျာနယ်၊ ရှုဒေါင့်ဂျာနယ်၊ ပြည်ထောင်စုနေ့စဉ်၊ လင်းယုန်ဂျာနယ်၊ မိုးကြိုးသတင်းစာ၊ မြန်မာ့အလင်း သတင်းစာနှင့် မန္တလေးမြို့မှ ထုတ်ဝေသော သံတော်ဆင့် သတင်းစာတို့မှာ လူသိများသော သတင်းစာ



www.burmeseclassic.com

စာစောင် ဂျာနယ်များ ဖြစ်ကြပေသည်။

ထိုစာစောင်များတွင် အများအားဖြင့် နိုင်ငံရေးသတင်းများကို ဦးစားပေးကာ အကျယ်တဝင့် ဖော်ပြကြပြီး ဒုတိယအနေဖြင့် မှုခင်းနှင့် ပတ်သက်သော သတင်းများကို ထည့်သွင်းဖော်ပြကြလေသည်။

နောက်ပိုင်းမှာတော့ မြင်းပွဲသတင်းနှင့် အခြားသတင်းများအပြင် ရုပ်ရှင်ကြော်ငြာများကိုလည်း ဦးစားပေးကာ ရေးသားဖော်ပြကြသည်။

ထိုခေတ်အခါက ရေးသားသော ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု စသည်တို့မှာလည်း နိုင်ငံရေးနှင့် ပတ်သက်သော ဝေဖန်ရေးနှင့် သရော်စာများသာ များပေသည်။

သတင်းစာ၊ ဂျာနယ်များတွင် လူတို့၏စိတ်အစဉ်ကို ဖမ်းစားနိုင်သော သတင်းများကတော့ နိုင်ငံရေးနှင့် ပတ်သက်သော သတင်းများနှင့် မှုခင်းသတင်းများ ဖြစ်ပေသည်။ အထက်က ဖော်ပြခဲ့သည့်အတိုင်း တစ်နေ့တွင် မိုးကြိုးသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာနှစ်စောင်တို့တွင် စိတ်ဝင်စားဖွယ်ကောင်းသော သတင်းတစ်ပုဒ် ပါလာလေသည်။

"နိုင်ငံခြားမှ ဆေးပညာ ပါရဂူဘွဲ့ရ ဆရာဝန်ကြီး ဦးကျော်သာအား လူသတ်မှုဖြင့် ဖမ်းဆီးအရေးယူလိုက်ပြီ"

မင်္ဂလာဒုံ သတင်းထောက်ထံမှ. . .

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ထောက်ကြံ့ရွာကြီးအတွင်း၌ နေထိုင်သော ဆရာဝန်ကြီး ဦးကျော်သာအား





၎င်းကျူးလွန်သော လူသတ်မှု ထင်ရှားသဖြင့် မင်္ဂလာဒုံ ဂါတ်တဲမှ ဌာနအုပ် ဦးဘဇံ၊ အင်စပက်တော် ဦးမင်းဟန်နှင့် ဆားပုလင်း ရဲဒင်တို့ ခေါင်းဆောင်သော မင်္ဂလာဒုံ ဂါတ်တဲမှ ပုလိပ်အဖွဲ့မှ ဖမ်းဆီးအရေးယူလိုက်ပြီဖြစ်၏။

အမှုဖြစ်ပွားပုံမှာ ထိုနေ့ညနေပိုင်းအချိန်တွင် မင်္ဂလာဒုံဂါတ်တဲစခန်းသို့ မရင်မေ အမည်ရှိသော မိန်းကလေးတစ်ဦး ရောက်လာပြီး ၎င်းယိုကာ တိုင်ချက်ဖွင့်သဖြင့် လိုက်လံစုံစမ်းရသောအမှုဖြစ်သည်။

ထောက်ကြံ့ရွာ၌ နေထိုင်သော ဆရာဝန်ကြီး ဦးကျော်သာ၏နေအိမ်သို့ ရောက်သွားသောအခါ မရင်မေ တိုင်ချက်ဖွင့်သည့်အတိုင်း သူမ၏ယောကျ်ားဖြစ်သူ မောင်ထွန်းခမှာ ဆရာဝန်ကြီး ဦးကျော်သာလက်ချက်ဖြင့် အသက်သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိသဖြင့် တရားဥပဒေအရ ဆရာဝန်ကြီး ဦးကျော်သာအား ဖမ်းဆီးအရေးယူလိုက်ပြီ ဖြစ်ပါကြောင်း။

ဟု ရေးသားဖော်ပြထားလေသည်။

ထိုသတင်းထူး ပါလာသောအခါ သတင်းစာဖတ်သူတို့ ... လွန်ခဲ့သောနှစ်က သတင်းစာများတွင် အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြသည့် ဆရာဝန်ကြီး ဦးကျော်သာနှင့် ပတ်သက်သော သတင်းတစ်ပုဒ်ကို ပြန်လည်အမှတ်ရကြလေသည်။

ထိုအချိန်ကလည်း ၎င်းသတင်းကို သတင်းစာများက အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြလေသည်။

"မြန်မာပြည်သူများအတွက် သတင်းကောင်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြခြင်း"

မြန်မာနိုင်ငံမှာ အင်္ဂလန်၊ ဂျာမနီ၊ အမေရိကန် အစရှိသော အနောက်နိုင်ငံကြီးများသို့ ဆေးပညာများ သွားရောက်လေ့လာသင်ကြားလျက်ရှိသော ဆရာဝန်ကြီး ဦးကျော်သာမှာ ဆေးပညာအရပ်ရပ်တို့တွင် ပါရဂူဘွဲ့ ရသည်အထိ သင်ကြားတတ်မြောက်ခဲ့ကာ ယခုအခါ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီ ဖြစ်ပေသည်။

၎င်းသည် မင်္ဂလမ်းတွင် ဆေးတိုက်ကြီး ဖွင့်လှစ်တည်ထောင်ကာ ပြည်သူအများတို့၏ရောဂါဝေဒနာများအား စစ်ဆေး ကြပ်မတ်ကာ ကုသပေးတော့မည်ဖြစ်ကြောင်း သတင်းကောင်း ပါးလိုက်ရပေသတည်း။

ဆရာဝန်ကြီး ဦးကျော်သာ နိုင်ငံခြားမှ ပြန်ရောက်လာစကလည်း သတင်းစာ၊ ဂျာနယ်စာစောင်များက သူ့ထက်ငါ အလုအယက် ရေးသားကာ အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြပေသည်။

ယခုအခါမှာလည်း ဆရာဝန်ကြီး ဦးကျော်သာနှင့် ပတ်သက်သောသတင်းများကို အလုအယက် ရေးသားဖော်ပြကြပြန်ရာ ထိုသတင်းကို ဖတ်မိသူများမှာ များစွာအံ့ဩလျက် တအံ့တဩ ဖြစ်ကြရလေသည်။

"ဆရာဝန်ကြီး ဦးကျော်သာဆိုတာ တစ်နှစ်ကမှ အနောက်နိုင်ငံတွေက ဆေးပညာပါရဂူဘွဲ့ ယူပြီး ပြန်လာတဲ့ ပုဂ္ဂိုလ်ကြီး ဟုတ်လားကွယ့်"





"ဟုတ်တယ်လေ. . . မြန်မာပြည်က အနောက်နိုင်ငံတွေက ဆေးပညာပါရဂူဘွဲ့ သွားယူတဲ့လူက ဘယ်နှစ်ယောက်များ ရှိလို့လဲ၊ သူပဲ ရှိမှာပေါ့"

"သူလို ဆေးပညာ ပါရဂူဘွဲ့ရတဲ့ ဆရာဝန်ကြီးတစ်ယောက်က အခုလို လူသတ်မှုမျိုး ကျူးလွန်ကယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဒါကတော့ အတပ်မပြောနိုင်ဘူးလေ၊ ပညာတတ်တာက တခြား၊ အမှားလုပ်တာက တခြားဆိုတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ကျုပ်တော့ တစ်ခုခု မှားနေပြီလားလို့တောင် ထင်မိတယ်၊ ဒီလောက်ပညာတတ်ပြီး အသိဉာဏ်ရှိတဲ့ လူတစ်ယောက်က လူတစ်ယောက်ကို အကြောင်းမဲ့ သတ်တာမျိုး မဖြစ်နိုင်ပေဘူး မဟုတ်လား"

"ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမယ့် လူဆိုတာ မမှားဘူးတဲ့လူဆိုတာ မရှိလေတော့ မှားချင်လည်း မှားတတ်တာမျိုးပဲ"

ဟု အမျိုးမျိုး ဝေဖန်ပြောဆိုလျက် ရှိကြလေသည်။

သည်နေရာတွင် ပါရဂူဘွဲ့ရ ဆရာဝန်ကြီး ဦးကျော်သာ၏အကြောင်းကိုလည်း အနည်းငယ် ဖော်ပြရန် လိုအပ်ပေသည်။ ဆရာဝန်ကြီးဦးကျော်သာမှာ စစ်တွေဇာတိဖြစ်ပြီး ဖခင်မှာ ခရိုင်တော်ရှင်တရားသူကြီးဖြစ်ပြီး မိခင်မှာ နန်းတွင်းသူတစ်ဦး၏ အနွယ်တော်သူတစ်ဦးဖြစ်သည်။

ဦးကျော်သာမှာ ငယ်စဉ်ကတည်းက ဆေးပညာကို



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါသောကြောင့် ကြိုးစားသင်ယူခဲ့ရာ နောက်ဆုံး ဆရာဝန် တစ်ဦး ဖြစ်လာသည်အထိပင်။

အင်္ဂလိပ်များ အုပ်ချုပ်နေစဉ်ကာလ၌ မြန်မာနိုင်ငံမှ ဆရာဝန်ဖြစ်မည့်သူများကို နည်းအမျိုးမျိုးဖြင့် ဖိနှိပ်ချုပ်ချယ်ထား သည့်ကြားမှ ဦးကျော်သာမှာ ဖခင်ဖြစ်သူ စက်ရှင်တရားသူကြီး အရှိန်အဝါဖြင့် နိုင်ငံခြားသို့ သွားရောက်ကာ ဆေးပညာ သင် ကြားခွင့် ရခဲ့လေသည်။

အင်္ဂလန်၊ ဂျာမနီ၊ အမေရိကန် အစရှိသော အနောက် နိုင်ငံကြီးများတွင် နှစ်ပေါင်းများစွာကြာသည့်တိုင် ဆေးပညာကို ပါရဂူဘွဲ့ရသည်အထိ သင်ကြားခဲ့ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးစအချိန်တွင် မြန်မာနိုင်ငံသို့ ပြန်ရောက်လာလေသည်။

ရန်ကုန်မြို့သို့ ပြန်ရောက်လာပြီးနောက်တွင် ၎င်းနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေလည်းဖြစ် ဆေးကျောင်းတက်ဖက် လည်း ဖြစ်သော ဦးရွှေမောင်နှင့်အတူ လက်တွဲကာ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း)တွင် ဆေးတိုက်ကြီးတစ်တိုက် ဖွင့်လှစ်ကာ ဆေးကုသပေးခြင်းလုပ်ငန်းများ လုပ်ကိုင်ခဲ့ပေသည်။

ဦးကျော်သာ၌ သမီးတစ်ယောက် ရှိပြီး အသက်နှစ် ဆယ်အရွယ်ခန့် ရှိသည်။

နာမည်က မေနှင်းကျော်ဖြစ်ပြီး ဖခင်ကြီး တည်ထောင် ထားသည့် ဆေးတိုက်ကြီးမှာပင် တာဝန်ယူ လုပ်ကိုင်လျက်ရှိ သည်။

ထို့အတူ ဦးရွှေမောင်မှာလည်း အသက်နှစ်ဆယ်ကျော်





အရွယ်ရှိ မောင်သူရဆိုသော သားတစ်ယောက်ရှိပြီး ဆေးတိုက် မှာပင် အတူတကွ ဝင်ရောက်လုပ်ကိုင်လျက် ရှိလေသည်။

မောင်သူရနှင့် မေနှင်းကျော်တို့မှာ မိဘချင်းများက လည်း ရင်းနှီး၊ လူငယ်ချင်းကလည်း ခင်မင်မှု ရှိကြလေသည်။

ဆရာဝန်ကြီး ဦးကျော်သာမှာ နိုင်ငံခြားမှ ပြန်ရောက် လာပြီးကတည်းက မဂိုလမ်းတွင် ဆေးတိုက်ကြီး ပြန်လည်ဖွင့် လှစ်ထားသော်လည်း ၎င်းကိုယ်တိုင်က ဆေးတိုက်တွင် နေလေ့ မရှိပေ။

လက်ထောက်ဆရာဝန်ဖြစ်သော ဦးရွှေမောင်ကသာ တပည့်တပန်းများဖြင့် ကြပ်မတ်လုပ်ကိုင်လေသည်။

ဦးကျော်သာကတော့ နိုင်ငံခြားမှ ပြန်ရောက်လာ ကတည်းက မင်္ဂလာဒုံအလွန် ထောက်ကြံ့ရွာဘက်တွင် ဧက အတော်ကျယ်ဝန်းသော ခြံကျယ်ကြီးတစ်ခုကို ဝယ်ယူကာ ထိုခြံ ကြီးအတွင်း၌ ကြီးမားသော အိမ်ကြီးတစ်ဆောင်ကို စိတ်တိုင်းကျ ဆောက်လုပ်ကာ သုတေသနလုပ်ငန်းများကိုသာ အပတ်တကုပ် ကြိုးစားလုပ်ကိုင်လေသည်။

ဆေးခန်း၌ ခွဲစိတ်ကုသရန် အရေးကြီးသော လူနာများ ရောက်လာမှသာ လာရောက်၍ ကိုယ်တိုင် ကုသပေးလေ့ရှိလေ သည်။

အများအားဖြင့်တော့ ၎င်းကိုယ်တိုင် စိတ်တိုင်းကျ တည် ဆောက်ထားသည့် ခြံကျယ်ကြီးအတွင်းရှိ အိမ်ကြီး၌သာ သုတေ သနလုပ်ငန်းများ လုပ်ကိုင်နေလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လုပ်ကိုင်နေသော်လည်း အခြားကူဖော်လော်ဖက် အဖော်မထားပဲ လူယုံတော်တစ်ယောက်သာ အဖော်အဖြစ် ထားလေသည်။

၎င်းမှာ အသက်ခြောက်ဆယ်အရွယ်ဝန်းကျင်ခန့် ရှိသည့် ရခိုင်လူမျိုး ဦးစံသာဆိုသူဖြစ်သည်။

ဦးစံသာမှာ ငယ်ရွယ်စဉ်အခါက ဆိုးသွမ်းမှုများကြောင့် ထောင်ထဲသို့ အကြိမ်ကြိမ် ဝင်ဖူးပြီး ရုပ်နှင့် ပုံပန်းသဏ္ဌာန်မှာလည်း များစွာဆိုးသူဖြစ်၏။

အသားမည်းမည်း၊ ခါးက အနည်းငယ် ကိုင်းနေပြီး မျက်နှာပေါက်ကလည်း ခက်ထန်ကြမ်းတမ်းပေသည်။

အမြဲတစေ အနက်ရောင် အင်္ကျီဖားဖားကြီးနှင့် ဘောင်းဘီပွကြီးကို ဝတ်ဆင်ထားကာ ဦးခေါင်းပေါ်မှာ ကက်ဦးထုပ်ကြီးကို အမြဲတစေ ဆောင်းထားတတ်သည်။

ဦးကျော်သာမှာ နိုင်ငံခြားမှ ပြန်ရောက်စကတည်းက ဦးစံသာကို ရှာဖွေခေါ်ယူကာ တပည့်အဖြစ် ကျွေးမွေးစောင့်ရှောက်ထားလေသည်။

ထောက်ကြံ့၌ ခြံကျယ်ကြီးကို ဝယ်ယူပြုပြင်၍ ကြီးမားသော အိမ်ကြီးတစ်ဆောင် ဆောက်လုပ်ကာ နေထိုင်သောအခါ ဦးစံသာအား အဖော်အဖြစ် ခေါ်ထားလေသည်။

ဦးစံသာသည် ၎င်း၏လူယုံတော်ဖြစ်သလို ခြံစောင့်လည်း ဖြစ်လေသည်။

ထို့ပြင် ဦးကျော်သာအတွက် အစားအသောက်များကို





လည်း စီမံပြုလုပ်ပေးရလေသည်။

ဦးကျော်သာ ဝယ်ယူထားသော ခြံကျယ်ကြီးမှာ ပြည်လမ်းအဝင်နေရာမှ မြောက်ဘက်သို့ ချိုးဝင်သွားသော လမ်းသွယ်ကလေး၏အတွင်းပိုင်း၌ ရှိလေသည်။

ထိုနေရာဘက်တွင် လူနေအိမ်ခြေ မရှိတော့ဘဲ သီးနှံစိုက်ပျိုးသော ခြံအချို့ပင် ရှိလေသည်။

ခြံ၏အကျယ်အဝန်းမှာ တစ်ဧကကျော်ကျော် နှစ်ဧကနီးပါးရှိပြီး ခြံဝန်းထဲတွင် အရိပ်ကောင်းသော သစ်ပင်ကြီးငယ် အတော်များများ ရှိသည်။

ရှေးကတည်းက စိုက်ပျိုးထားခဲ့သော မရမ်းပင်၊ သရက်ပင်၊ ပိန္နဲပင်၊ ကနစိုးပင်၊ ဒညင်းပင်၊ မန်ကျည်းပင် အစရှိသော သီးပင်စားပင်များ။

အပွင့်ရသော ကံ့ကော်ပင်၊ ခရေပင်၊ ပိတောက်ပင်၊ စိန်ပန်းပင်ကြီးများလည်း ရှိသည်။

ထို့ပြင် အရိပ်ကောင်းသော ကုက္ကိုပင်၊ ကျွန်းပင်များလည်း ခြံစည်းရိုးပတ်လည်၌ ရှိလေသည်။

တစ်ခြံလုံး သစ်ပင်ကြီးများမှာ အရွက်ချင်းယှက် ကိုင်းချင်း ဆက်ကာ နေပြောက်မထိုးအောင် ရှိတော့သည်။

အိမ်ကြီးကိုတော့ လမ်းနှင့် မနီးမဝေး ခြံဝန်းစပ်၌ ဆောက်ထားသည်။

အိမ်၏ပုံသဏ္ဌာန်မှာ နှစ်ဆောင်ပြိုင် အိမ်ပုံသဏ္ဌာန်မျိုးဖြစ်ကာ အောက်ထပ်၌ အိမ်ထောင်သုံး ပရိဘောဂများ ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှာတော့ သုတေသန ပြုလုပ်သောအခန်းများ ထားလေသည်။

နိုင်ငံခြားဘာသာဖြင့် ရေးသားထားသော စာအုပ်စာတမ်းများ၊ ဆေးဝါးပစ္စည်းများ၊ အသုံးပြုသော ကိရိယာ အမျိုးမျိုးနှင့် သုတေသန ပြုလုပ်သော သီးသန့်အခန်းများ ရှိလေသည်။

ထိုအပေါ်ထပ်အခန်းကိုတော့ ဦးစံသာနှင့် လက်ထောက်ဆရာဝန် ဦးရွှေမောင်တို့မှလွဲ၍ မည်သူမှ တက်ခွင့်မရပေ။ ဦးကျော်သာက ၎င်း၏ခြံကျယ်ကြီးကို 'မောရမြိုင်ခြံ'ဟု အမည်ပေးထားလေသည်။

ဦးကျော်သာမှာ ဆေးပညာ သင်ယူနေစဉ်ကာလမှာ ကတည်းက မိဘများ သဘောတူသော အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ကာ သမီးတစ်ယောက် ထွန်းကားခဲ့သည်။

သမီး၏အမည်မှာ 'မေနှင်းကျော်' ဖြစ်သည်။

မေနှင်းကျော် ဆယ်နှစ်ကျော်အရွယ်မှာ နိုင်ငံခြားဦးပြည်များသို့ ပညာသင် သွားခဲ့ရလေသည်။

သူ နိုင်ငံခြား၌ ရှိနေစဉ်မှာပင် ဇနီးဖြစ်သူမှာ ရောဂါတစ်ခုဖြင့် သေဆုံးသွားသဖြင့် တစ်ကောင်ကြွက်ဘဝဖြင့် ကျန်ရစ်ခဲ့သည့် မေနှင်းကျော်အား အဘိုးအဘွားများက ခေါ်ယူစောင့်ရှောက်ထားခဲ့ရသည်။

ဦးကျော်သာ မြန်မာပြည်သို့ ပြန်ရောက်လာသောအခါ သမီးဖြစ်သူအား ဘော်ဒါဆောင်သို့ ပို့ကာ တက္ကသိုလ် ဆက်တက်ခိုင်းခဲ့လေသည်။





နောက်ပိုင်း ဦးရွှေမောင်၏သား မောင်သူရနှင့် ခင်မင်ရင်းနှီးကာ အဖော်ရလေသည်။

ဦးကျော်သာမှာ လွန်စွာစည်းကမ်းကြီးသူ ဖြစ်လေသည်။

တစ်ဦးတည်းရှိသော သမီးဖြစ်သူကိုပင် မောရမြိုင်ခြံကြီးအတွင်းသို့ ဘယ်သောအခါမှ မခေါ်ပေ။

မေနှင်းကျော်မှာ ဖခင်ဖြစ်သူအား မဂိုလမ်းဆေးတိုက်သို့ လာမှသာ တွေ့ခွင့်ရလေသည်။

ဦးကျော်သာမှာ မဂိုလမ်းရှိ ဆေးတိုက်သို့ သမီးဖြစ်သူနှင့် တွေ့ရန်နှင့် လူနာများအား ကြည့်ရှုစစ်ဆေးရန်အတွက် တစ်ပတ်တစ်ခါသာ လာလေ့ရှိသည်။

၎င်းဖွင့်လှစ်ထားသော ဆေးခန်းမှာ ဆေးခန်းဟုသာ ခေါ်သော်လည်း ဆေးရုံတစ်ရုံတစ်မျှ ကြီးကျယ်ခမ်းနားပြီး ရက်ရှည် တက်ရောက်သည့် လူနာများကိုပင် လက်ခံကုသပေးရာ အခန်းတိုင်း ကုတင်တိုင်း လူနာများဖြင့် ပြည့်နေတတ်သည်။

အများအားဖြင့် ခွဲစိတ်ကုသရမည့် လူနာများမှာ ဦးကျော်သာ၏ဆေးခန်းသို့ လာရောက်ကုသလေ့ ရှိကြသည်။

မေနှင်းကျော်မှာလည်း ထိုအခါမှပင် ဖခင်ဖြစ်သူနှင့် တွေ့ခွင့်ရတော့သည်။

"ဖေဖေက သိပ်ရက်စက်တာပဲ၊ သမီးကို ဒီမှာ ထားပြီး မောရမြိုင်မှာ တစ်ယောက်တည်း သွားနေတယ်"

"စိတ်မဆိုးပါနဲ့ သမီးရယ်၊ ဖေဖေက အလုပ်ရှိလို့ မနေရ



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ ဒီမှာ သမီးနေရတာ အဆင်ပြေတယ် မဟုတ်လား"

"အဆင်တော့ ပြေတာပေါ့၊ ဒါပေမယ့် ဖေဖေနဲ့အတူတူ နေချင်တာပေါ့၊ သမီး ဖေဖေနဲ့ ခွဲနေရတာ ဘယ်လောက်ကြာပြီလဲ၊ သမီး ငယ်ငယ်ကတည်းက နိုင်ငံခြား ထွက်သွားခဲ့တယ်၊ အခု ပြန်ရောက်လာတော့လည်း ဖေဖေနဲ့ အတူတူ နေခွင့်မရဘူး၊ ဘယ်လောက် ဝမ်းနည်းဖို့ ကောင်းသလဲ"

ဟု မျက်ရည်ကလေး အဝိုင်းသားနှင့် ပြောလေသည်။

"သမီးလေးကို မောရမြိုင်မှာ ခေါ်ထားဖို့ ဘယ်လိုမှ မသင့်လို့ပါကွယ်၊ ဖူိုမှာက တောထဲတောင်ထဲမှာ နေရသလို ဆိုတော့ သမီး နေချင်မှာလည်း မဟုတ်ဘူး၊ နေရတာ ပျော်မှာလည်း မဟုတ်ပါဘူး"

"အို . . . ကိုယ့်ဖေဖေနဲ့ နေရတာပဲ၊ ဘယ်နေရာမှာပဲ နေရနေရ ပျော်မှာပဲ"

"ဒါပေမယ့် ဒီဆေးခန်းကြီးတစ်ခုလုံး သမီးက ကြီးကြပ်ပေးနေရတာ၊ သမီး မရှိတော့ ဘယ်ဖြစ်ပါ့မလဲ"

"အို . . . ဒီဆေးခန်းမှာ အန်ကယ်ဦးရွှေမောင်နဲ့ ကိုသူရတို့နှစ်ယောက်တောင် ရှိတာပဲ၊ သူတို့လည်း ဒီဆေးခန်းအတွက် စိတ်ချရတဲ့လူတွေ မဟုတ်လား"

"ဟုတ်တော့ ဟုတ်တာပေါ့ကွယ်၊ ဒါပေမယ့် ဒီဆေးခန်းမှာ သမီးရှိတော့ ဖေဖေ စိတ်ချရတာပေါ့"

ဟု ချော့မော့ပြောဆိုသော်လည်း မေနှင်းကျော်ကတော့ စိတ်ကျေနပ်ခြင်း မရှိပေ။





တစ်နေ့သ၌တွင် မောင်သူရနှင့် တိုင်ပင်ပြောဆိုလေသည်။

"ကိုသူရ . . . ကျွန်မကို ထောက်ကြံ့က မောရမြိုင်ကို လိုက်ပို့ပေးပါလားဟင်"

ထိုစကား ကြားသောအခါ မောင်သူရမှာ အထိတ်တလန့် ဖြစ်ကာ မျက်လုံးပြူးသွားလေသည်။

"ဘာသွားလုပ်မှာလဲ မေနှင်း၊ ဆရာကြီးက သူမခေါ်ဘဲနဲ့ သွားရင် ဒေါသဖြစ်လိမ့်မယ်"

"အို . . . ဖေဖေ မသိအောင် သွားမှာပေါ့"

"မောရမြိုင်ကို သွားမှာ ဆရာကြီး မသိအောင် ဘယ်လို သွားမှာလဲ"

"ကျွန်မမှာ အစီအစဉ် ရှိပါတယ်၊ ကိုသူရသာ လိုက်ပို့ပေးပါ"

ဟု အတင်းပြောသဖြင့် မောင်သူရမှာ မလွန်ဆန်နိုင်ရှာဘဲ မေနှင်းကျော် သဘောအတိုင်း လိုက်ပို့ပေးရန် စီမံရလေတော့သည်။

ထိုကိစ္စကို ဦးရွှေမောင် သိလျှင်လည်း ခွင့်ပြုမည် မဟုတ်သောကြောင့် အခြားတစ်နေရာသို့ သွားမည်ဟု ပြောဆိုကာ နှစ်ယောက်သား ကားဖြင့် ထွက်လာခဲ့ကြလေသည်။

မော်တော်ကားကို မောင်သူရကိုယ်တိုင် မောင်းလာခဲ့လေသည်။

ဖရဲဇာလမ်း (ယခု အနော်ရထာလမ်း)အတိုင်း မောင်း



www.burmeseclassic.com

www.burmeseclassic.com

လာပြီး ပြည်လမ်းသို့ ရောက်သောအခါ ချိုးကွေ့ပြီး ပြည်လမ်းအတိုင်း တောက်လျှောက်မောင်းလာလေသည်။

မင်္ဂလာဒုံ ကျော်သောအခါ ထောက်ကြံ့ရွာ နယ်နိမိတ်အတွင်းသို့ ဝင်ရောက်လာကြသည်။

ထောက်ကြံ့လမ်းဆုံသို့ ရောက်သောအခါ မြောက်ဘက်သို့ သွားသောလမ်းအတိုင်း အတွင်းသို့ မောင်းဝင်လာခဲ့သည်။

လမ်းက ကားတစ်စီး သွားသာရုံသာ ရှိသဖြင့် စက်ရှိန်လျှော့၍ ဖြည်းဖြည်းချင်းသာ မောင်းလာရသည်။

ခြံကြီးနှင့် မနီးမဝေးနေရာသို့ ရောက်သောအခါ ကားကို ရပ်ထားခဲ့ပြီး ကားပေါ်မှ ဆင်းကာ နှစ်ယောက်သား ခြေလျင်လျှောက်လာကြသည်။

ထိုနေရာတစ်ဝိုက်မှာလည်း ချုံနွယ်ပိတ်ပေါင်းများက ထူထပ်စွာ ရှိသဖြင့် အိမ်ကြီးရှိရာကိုပင် ရုတ်တရက် လှမ်းမမြင်ရပေ။

"ဘယ်လိုလုပ်မှာလဲ မေနှင်း"

မောင်သူရက စိုးရိမ်သောလေသံဖြင့် မေးသည်။

"ခြံထဲ ဝင်ကြည့်ကြမယ်လေ"

"ဖြစ်ပါ့မလား. . . တော်ကြာ ဆရာကြီး သိသွားရင်"

"သိသွားတော့လည်း ပိုကောင်းတာပေါ့"

"ဘယ်လိုဝင်ကြမှာလဲ"

"နောက်ဘက်အပေါက်က ဝင်ကြမယ်. . . လာ"

မေနှင်းကျော်မှာ မောရမြိုင် ခြံကြီးအတွင်းသို့ တစ်ကြိမ်





မက ရောက်ဖူးသူမို့ တော်ရုံနေရာများကို မှတ်မိနေသည်။

နှစ်ယောက်သား ခြံများ နောက်ဘက်မှ အကာအကွယ်ယူကာ ခြံအနောက်ဘက်မှ လျှောက်လာကြသည်။

ခြံအနောက်ဘက်အပေါက်မှာ အိမ်ကြီးနှင့် အတော်ဝေးသောနေရာ၌ ရှိပေသည်။

ထိုနေရာတစ်ဝိုက်တွင် ခြံစည်းရိုးအတွက် သံဆူးကြိုးများ ကာရံထားသော်လည်း လူဝင်လောက်သည့် အပေါက်များရှိနေလေသည်။

၎င်းတို့နှစ်ယောက်သည် ခြံစည်းရိုးအပေါက်မှ အတွင်းသို့ ဝင်သွားကာ သစ်ပင်ကြီးများအား အကာအကွယ် ပြုလုပ်ကာ အိမ်ကြီးရှိရာသို့ ချဉ်းကပ်သွားကြလေသည်။

အိမ်ကြီးအနီးသို့ ရောက်သောအခါ သစ်ပင်ကွယ် တစ်နေရာမှ အခြေအနေကို စောင့်ကြည့်နေကြစဉ် အဝင်ပေါက်ဘက်မှ အဝတ်မည်းကြီး ဝတ်ထားသော လူကြီးတစ်ယောက် ခပ်သုတ်သုတ် ဝင်လာသည်ကို လှမ်းမြင်ရသည်။

"အဲဒါ ဖေဖေ့ရဲ့အားအကိုးရဆုံး တပည့်ကြီး ဦးစံသာပဲ"

မေနှင်းကျော်က ခပ်တိုးတိုး ပြောသည်။

ဦးစံသာသည် ပတ်ဝန်းကျင်ကို စိတ်မချသလို အကဲခတ်ကြည့်ပြီးနောက် အိမ်ကြီးအတွင်းသို့ လှစ်ခနဲ ဝင်သွားလေသည်။

အတန်ကြာတော့ တံခါးပြန်ပွင့်လာပြီး ဦးစံသာနှင့်အတူ ဦးကျော်သာပါ အပြင်ထွက်လာသည်။

ဦးကျော်သာလက်ထဲမှာ သေနတ်တစ်လက် ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

သို့ကြောင့် မောင်သူရနှင့် မေနှင်းကျော်တို့ နှစ်ယောက်မှာ သစ်ပင်ကြီးတစ်ပင် နောက်ကွယ်ရှိ ချုံပုတ်နံဘေး၌ ဝပ်နေကြရသည်။ ဦးစံသာက ဦးကျော်သာအား ကားလမ်းနံဘေးသို့ လက်ညှိုးထိုးပြကာ တစ်စုံတစ်ခု ပြောပြနေသည်။

သူသည် လမ်းဘေးတစ်နေရာ၌ ရပ်ထားခဲ့သော မော်တော်ကားကို တွေ့မြင်ခဲ့သဖြင့် ဦးကျော်သာအား ပြန်ပြောပြနေဟန်ရှိသည်။

နှစ်ယောက်သား အိမ်ပေါက်ဝမှ ရပ်တန့်ကာ ခြံဝန်းအတွင်းသို့ လှမ်းကြည့်နေသဖြင့် မောင်သူရတို့ နှစ်ယောက်လည်း ခေါင်းမဖော်ဝံ့ဘဲ ဝပ်နေကြရသည်။

အတန်ကြာသောအခါမှ အိမ်ထဲသို့ ပြန်ဝင်သွားကြပြီး ဝင်ပေါက်တံခါးမကြီးအား ပြန်ပိတ်လိုက်လေသည်။

ထိုအခါမှ မောင်သူရနှင့် မေနှင်းကျော်တို့နှစ်ယောက်မှာ ကပျာကယာ ခြံဝန်းအတွင်းမှ ပြန်ထွက်ကာ ကားဖြင့် နောက်ကြောင်းပြန်လှည့်ခဲ့ကြရလေသည်။

မေနှင်းကျော် စိတ်ထဲမှာတော့ ဖခင်ဖြစ်သူနှင့် မောရမြိုင်ခြံကြီးနှင့် ပတ်သက်သော လျှို့ဝှက်ချက်များကို သိချင်နေသည်။





အခန်း(၂)

# လည်ကို ငင်သည့်ကျောက်တွင်း

BURMESE CLASSIC .com

နောက်တစ်ပတ်ခန့် ကြာသောအခါ မဂိုလမ်းဆေးခန်းသို့ လူနာတစ်ယောက် ရောက်လာလေသည်။

ဂင်းမှာ အသက်သုံးဆယ်အရွယ်ခန့် ရှိသော လူရွယ်တစ်ယောက်ဖြစ်ပြီး တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်များ ပွနေလေသည်။

သို့ပြင် စိတ်ကယောင်ချောက်ခြားဖြစ်နေပြီး ဘာမှ သတိမရနိုင်အောင် နှလုံးသွေးပျက်နေလေသည်။

လက်ထောက်ဆရာဝန်ကြီး ဦးရွှေမောင်ကိုယ်တိုင် ဇရုတစိုက် ကုသပေးသောအခါမှ သတိပြန်ရလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘာကိုမှ မေးမရပဲ ကယောင်ချောက်ခြား ဖြစ်နေသေး၏။

"ကြောက်ပါပြီဗျ. . . ကြောက်ပါပြီ၊ ကျွန်တော့်ကို မသတ်ကြပါနဲ့. . . မသတ်ကြပါနဲ့"

ဟုသာ အထိတ်တလန့် အော်ဟစ်နေလေသည်။

ထိုလူနာကို လာပို့သူမှာ အသက်လေးဆယ်အရွယ်ခန့်ရှိ အမျိုးသားတစ်ဦးဖြစ်သည်။

"သူ ဘယ်လိုဖြစ်တာလဲ"

ဦးရွှေမောင်က မေးသည်။

"ကျွန်တော်လည်း မသိပါဘူး ဆရာကြီးရယ်၊ ခါတိုင်းတော့ ဒီလိုမဖြစ်ဘူးပါဘူး၊ တစ်နေ့က အလုပ်သွားရာက ပြန်လာပြီးမှ အခုလို ကယောင်ချောက်ခြား အော်ဟစ်နေတော့တာပါပဲ"

"သူက ခင်ဗျားနဲ့ ဘာတော်သလဲ"

"တူတော်ပါတယ်. . . တောကနေ အိမ်မှာ လာနေပြီး အလုပ်လုပ်နေတာပဲ"

"ခင်ဗျားတို့ ဘယ်မှာ နေကြတာလဲ"

"မှော်ဘီမှာပါ"

"သူ့ကို စမ်းသပ်ကြည့်တော့ တခြား ထွေထွေထူးထူး ရောဂါမတွေ့ရဘူး၊ ဘယ်လိုဖြစ်တယ်ဆိုတာ ခင်ဗျားသိသမျှ ပြောပြပါ"

ဟု ဦးရွှေမောင်က မေးသဖြင့် လူနာရှင်က ၎င်းမှတ်မိသမျှ ပြန်ပြောပြသည်။





လူနာ၏အမည်မှာ မောင်လူခင်ဖြစ်ပြီး အသက် သုံးဆယ်အရွယ်ခန့်သာ ရှိသေး၏။

ပဲခူးနယ်ဘက်မှ ရန်ကုန်သို့ လာရောက်အလုပ်လုပ်ကိုင်လိုသဖြင့် ဦးလေးတော်သူ၏နေအိမ်မှာ တည်းခိုနေထိုင်ရင်း ကြုံရာကျဘမ်း အလုပ်လုပ်နေသူဖြစ်၏။

တစ်နေ့တော့ အလုပ်မှ ပြန်လာရင်း ဝမ်းသာစရာ စကားပြောလေသည်။

"ကျွန်တော် အလုပ်လုပ်ရတော့မယ် ဦးလေးရ"

"ဘယ်မှာ လုပ်ရမှာလဲ"

"ထောက်ကြံ့ဘက်က ခြံကြီးတစ်ခြံမှာ လုပ်ရမှာတဲ့"

"ဘာအလုပ်တွေ လုပ်ရမှာလဲ"

"လောလောဆယ်တော့ ခြံစောင့်အလုပ်နဲ့ သန့်ရှင်းရေး အလုပ် လုပ်ရမယ်လို့ ပြောတယ်၊ လစာက တစ်လကို တစ်ရာ ပေးမယ်လို့ ပြောလိုက်တယ်"

"ဟေ. . . တစ်ရာဆိုတော့ မနည်းပါလားဟ၊ ရုံးစာရေး တစ်ယောက်ရဲ့လစာထက်တောင် ပိုများနေပါသေးလား၊ ခြံစောင့်တစ်ယောက်ကို ဒီလောက် လစာများများ ပေးမယ်ဆိုတာ ဟုတ်နိုင်ပါ့မလား လူခင်ရဲ့"

"ဟုတ်ပါတယ် ဦးလေးရဲ့၊ အဲဒီခြံထဲမှာ အလုပ်လုပ်ရင်း သူတို့ခိုင်းတာကို လုပ်ပေးမယ်ဆိုရင် နောက်ထပ် လစာတိုးပေးမယ်လို့တောင် ပြောလိုက်သေးတယ်"

"ဒီလိုဆိုတော့လည်း ကောင်းတာပေါ့ကွယ်၊ ဒါထက်

www.burmeseclassic.com



နေပါဦး၊ မင်းအလုပ်ဆင်းမယ့်နေရာက ဘယ်နေရာမှာလဲ"

"ထောက်ကြံ့လမ်းဆုံကနေ ဝင်သွားရင် မဝေးလှဘူးလို့ ပြောတယ်"

"ဒါထက် ဘယ်တော့ အလုပ်ဆင်းမှာလဲ"

"မနက်ဖြန်ပဲ သွားတော့မယ်၊ တကယ်လို့ ဟိုမှာ နေရေး ထိုင်ရေး အဆင်ပြေရင် ဒီကိုပြန်မလာတော့ဘူး၊ ဟိုမှာပဲ နေတော့မယ်၊ လစာထုတ်တော့မှပဲ ဦးလေးတို့ဆီ ပို့ပေးလိုက်တော့မယ်"

ဟု ပြောဆိုကာ နောက်တစ်နေ့တွင် မောင်လူခင်တစ်ယောက် အဝတ်အစား ထည့်ထားသော လွယ်အိတ်ကလေးကို လွယ်ကာ ထွက်သွားလေတော့သည်။

"အဲဒီလို ထွက်သွားပြီး တစ်ပတ်လောက်ကြာတော့ အိမ်ပြန်ရောက်လာပြီး အခုလို သွေးပျက်သွားတော့တာပါပဲ ဆရာကြီးရယ်"

ဟု လူနာလာပို့ပေးသော လူကြီးက ပြောပြသည်။

"ဒါထက် သူ ဘယ်နေရာမှာ ဘာတွေဖြစ်လာခဲ့တယ် ဆိုတာကိုတော့ ခင်ဗျားကို ဘာမှ ပြန်မပြောနိုင်ဘူးပေါ့"

"ဘာမေးလို့မှ မရတော့ပါဘူး၊ သူ့အိပ်ထဲမှာတော့ ငွေတစ်ရာ ပါလာတာ တွေ့ရပါတယ်၊ ဒီငွေနဲ့ပဲ သူ့ကို ဆေးကုပေးရမှာပါပဲ၊ ပျောက်ကင်းအောင် ကုသပေးပါ ဆရာကြီးရယ်"

ဟု တောင်းပန်ပြောဆိုလေရာ ဦးရွှေမောင်ကလည်း လူနာရှင်ကို စိတ်မပူစေရန်နှင့် အစွမ်းကုန် ကုသပေးမည်ဖြစ်





ကြောင်း နှစ်သိမ့်အားပေးကာ မောင်လူခင်ကို ဆေးကုပေးလေသည်။

ထို့နောက် စူးစူးဝါးဝါး အော်ဟစ်နေသော မောင်လူခင်အား ဆေးတစ်လုံး ထိုးပေးလိုက်ရာ ချက်ချင်း အိပ်ပျော်သွားလေတော့သည်။

နောက်တစ်ရက်တွင် ဆရာဝန်ကြီးဦးကျော်သာ ရောက်လာပြီး လူနာများကို လိုက်လံစစ်ဆေးပေးသည်။

ခွဲစိတ်ကုသရန် လိုအပ်သော လူနာများကိုလည်း ခွဲစိတ်ကုသပေးလေသည်။ အားလုံးပြီးစီးသောအခါ လက်ထောက်ဆရာဝန် ဦးရွှေမောင်က မောင်လူခင်ကို ခေါ်ပြသည်။

ထိုအချိန်၌ မောင်လူခင်မှာ အိပ်ပျော်လျက်ရှိသည်။

"သူ့အခြေအနေ ဘယ်လိုရှိသလဲ"

"နှလုံးသွေးပျက်သွားတဲ့ပုံပဲ ဆရာကြီး"

ဆရာဝန်ကြီး ဦးကျော်သာက ဘာမှမပြောပဲ မောင်လူခင်ကို အသေအချာ စမ်းသပ်စစ်ဆေးပြီးနောက် ဆေးတစ်လုံး ထိုးပေးလိုက်သည်။

"သူ့ကို လူနာရှင်တွေ ပြန်ခေါ်သွားနိုင်ပြီလို့ ပြောလိုက်ပါ"

ဟု ပြောဆိုမှာကြားကာ ပြန်ထွက်သွားလေသည်။

ထို့နောက်တွင် ဦးရွှေမောင်က လူနာရှင်အား ခေါ်ကာ မောင်လူခင်အား ပြန်ခေါ်သွားရန် ပြောသဖြင့် ပြန်ခေါ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်လူခင်မှာ အိမ်ပြန်ရောက်သည်အထိ အိပ်ပျော်နေဆဲပင် ရှိသေးပြီး နောက်တစ်ရက်မှ နှစ်ရက်ကြာသည်အထိ မထလာတော့မှ သွားရောက်ကြည့်ရှုသောအခါ အိပ်ယာထဲမှာပင် သေဆုံးနေကြောင်း တွေ့ကြရလေသည်။

နောက်ထပ် တစ်ပတ်ခန့် ကြာသောအခါ ထိုအချိန်က ထုတ်ဝေလျက်ရှိသော သတင်းစာ ဂျာနယ်နှင့် စာစောင်များတွင် အောက်ပါ-ကြော်ငြာတစ်ပုဒ် ပါလာလေသည်။

**အလုပ်သမား အလိုရှိသည်**

ခြံဝန်းသန့်ရှင်းရေးနှင့် ခြံစောင့်တာဝန်ကို လုပ်ကိုင်နိုင်သူ လူရွယ်တစ်ဦး အလိုရှိသည်။

အသက်အရွယ်အားဖြင့် (၂၅)နှစ်မှ (၃၅)နှစ်အတွင်း ဖြစ်ပြီး ကျန်းမာသန်စွမ်းသူ ဖြစ်ရမည်။

အလုပ်အဆင်ပြေပါက နေရေးစားရေး အားလုံးတာဝန်ယူသည်။ လစာကောင်းကောင်းပေးသည်။

လုပ်ကိုင်လိုသူများ မဂိုလမ်းမှ ဦးကျော်သာ ဆေးတိုက်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဟူသော ကြော်ငြာစာ ဖြစ်လေသည်။

ထိုကြော်ငြာစာ ပါပြီး (၃)ရက်ခန့် ကြာသောအခါ ဆေးတိုက်သို့ လူရွယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ရောက်လာကြ





သည်။

၎င်းတို့မှာ ဆင်းရဲနွမ်းပါးဟန်ရှိပြီး တောမှ လာကြသူများ ဖြစ်ဟန်ရှိလေသည်။

ဦးရွှေမောင်ကပင် ရုံးခန်းအတွင်း ခေါ်၍ မေးမြန်းကြည့်လေသည်။

"အလုပ်လာလျှောက်တာလား"

"ဟုတ်. . . ဟုတ်ပါတယ် ခင်ဗျာ"

လက်ထဲမှာ ကျစ်ကျစ်ပါအောင် လိပ်ထားသောသတင်းစာကို ပြသည်။

"ဘယ်က လာခဲ့တာလဲ"

"တိုက်ကြီးဘက်က ရွာတစ်ရွာကပါ"

"အလုပ်ခန့်ပြီးရင် ဘာမဆို လုပ်နိုင်ပါ့မလား"

"လုပ်နိုင်ပါတယ် ကျွန်တော်တို့ လင်မယားအတွက် စားဝတ်နေရေး အဆင်ပြေမယ်ဆိုရင် ခိုင်းတာမှန်သမျှ လုပ်ပါ့မယ်"

ထိုစကားကြောင့် ဦးရွှေမောင်က သဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။

"မောင်ရင်တို့က လင်မယားလား၊ နာမည်တွေကရော ဘယ်လိုခေါ်ကြသလဲ"

"ကျွန်တော်က စိန်မောင်လို့ ခေါ်ပါတယ်၊ သူက မခင်မြလို့ ခေါ်ပါတယ်၊ ကျွန်တော်တို့နှစ်ယောက်က ညားတာ မကြာသေးပါဘူး၊ သူ့ဘက်က သဘောမတူလို့ ခိုးပြေးကြရင်းနဲ့ ဘာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမှန်း မသိတာနဲ့ အလုပ်လာလျှောက်တာပါ။

တဆိတ်လောက် တောင်းပန်ပါရစေ၊ အဆင်ပြေနိုင်မယ်ဆိုရင် ကျွန်တော့်ကို အလုပ်ပေးပါ။ ဘာမဆို ခိုင်းတာ လုပ်ပါ့မယ်"

ဟု တောင်းပန်ပြောဆိုလေသည်။

"မောင်ရင်ပြောတဲ့အတိုင်း ကတိတည်မယ်ဆိုရင်တော့ အလုပ်ပေးနိုင်ပါတယ်၊ လစာလည်း မနည်းစေရပါဘူး"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာဗျာ၊ ဒါထက် တစ်ခုတော့ ပြောပါရစေ၊ အလုပ်လုပ်တဲ့နေရာမှာ ကျွန်တော့်မိန်းမကိုပါ ခေါ်ထားပါရစေ"

"ဒါကတော့ လက်ခံရမှာပေါ့ကွယ်"

ဟု ပြောဆိုကာ ထိုလင်မယားနှစ်ယောက်အား မောရမြိုင်ခြံသို့ ပို့ပေးလိုက်လေသည်။

ဎင်းတို့နှစ်ယောက် ရောက်သွားသောအခါ လူယုံတော်ကြီး ဦးစံသာကပင် နေရာထိုင်ခင်း ချပေးကာ ခြံအလုပ်များကို လုပ်ကိုင်စေလေသည်။

ထိုသို့လုပ်ကိုင်ရင်း အေးချမ်းစွာ နေထိုင်ရသဖြင့် မောင်စိန်မောင်တို့ လင်မယားနှစ်ယောက်မှာ များစွာပျော်ရွှင်လျက်ရှိနေကြသည်။

သို့သော် လအနည်းငယ် ကြာသောအခါ ထိုလင်မယားနှစ်ယောက်တို့မှာ ပျောက်ချင်းမလှ ပျောက်သွားလေတော့သည်။





နောက်ထပ် တစ်လခန့် ကြာသောအခါ ပျဉ်းမပင်ရွာမှ လင်မယားနှစ်ယောက် ရောက်လာပြီး အလုပ်လာလျှောက်ကြပြန်သည်။

ယောကျ်ားဖြစ်သူက မောင်ထွန်းခ ဖြစ်ပြီး မိန်းမနာမည်က မရင်မေဖြစ်သည်။

ဎင်းတို့နှစ်ယောက်မှာလည်း မောရမြိုင်ခြံကြီးအတွင်းသို့ ရောက်သောအခါ ခြံစောင့်အလုပ်နှင့် ခြံတွင်း သန့်ရှင်းရေး အလုပ်များ လုပ်ကိုင်ကြရလေသည်။

ဎင်းတို့နှစ်ဦးအတွက် နေထိုင်ရန်အတွက် အိမ်ကြီးအနောက်ဘက်တွင် အိပ်ခန်းတစ်ခန်း ပေးထားပြီး စားသောက်စရာများကိုလည်း လိုလေသေး မရှိအောင် စီမံပေးထားလေသည်။

အလုပ်ဝင်ပြီး တစ်လခန့် ကြာသောအခါ ဆရာဝန်ကြီး ဦးကျော်သာက မောင်ထွန်းခတို့ လင်မယားနှစ်ယောက်ကို ခေါ်ပြောလေသည်။

"မင်းတို့လင်မယား ဒီခြံထဲမှာ အလုပ်လုပ်ရတာ အဆင်ပြေကြရဲ့လား"

"ဟုတ်. . . ဟုတ်ကဲ့၊ အဆင်ပြေပါတယ် ဆရာကြီး"

"ငါပေးထားတဲ့ လစာငွေ တစ်ရာနဲ့ကော လောက်ငှရဲ့လား"

"ဟုတ်ကဲ့. . . လောက်ပါတယ်"

"ဒီ့ထက်ပိုပြီး ငွေများများရမယ့်အလုပ်ဆိုရင်ကော



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ချင်ဘူးလား”

ထိုစကားကြားသောအခါ လင်မယားနှစ်ယောက်စလုံး အံ့သြသွားကြလေသည်။

ထို့အတူ စိတ်လှုပ်ရှားမှုလည်း ဖြစ်သွားကြသည်။

“ဘာလုပ်ရမှာလဲ ဆရာကြီး”

“တခြားတော့ မဟုတ်ပါဘူးကွယ်၊ ကျုပ်ရဲ့ဆေးပညာ အလုပ်မှာ အကူအညီ ပေးရုံပါပဲ”

“ကျွန်တော်တို့က တောသူတောင်သားတွေဆိုတော့ ဆေးပညာနဲ့ ပတ်သက်ပြီး ဘာမှ မသိပါဘူး ဆရာကြီးရယ်”

ထိုစကားကြားသောအခါ ဆရာကြီး ဦးကျော်သာက သဘောကျစွာ ရယ်လေသည်။

“မင်းတို့အနေနဲ့ ဆေးပညာ တတ်စရာ မလိုပါဘူး၊ ငါခိုင်းတဲ့အတိုင်းပဲ လုပ်ကြရုံပါပဲ၊ အဲဒီလို လုပ်ပေးရုံနဲ့ ငွေသုံးရာ ပေးမယ်”

“ဗျာ. . . ငွေသုံးရာ ဟုတ်လား ဆရာကြီး”

“အေး. . . ဟုတ်တယ်၊ ငွေသုံးရာ ပေးမယ်”

ထိုအချိန်က ငွေသုံးရာဆိုသည်မှာ ဘဝတစ်ခုထူထောင်နိုင်သော ငွေအခြေအနေမျိုးဖြစ်သည်။

ဆန်တစ်အိတ်(၁၅)ကျပ်၊ ရွှေတစ်ကျပ်သား(၁၂၅)ကျပ်၊ ဆီတစ်ပိဿာ(၃)ကျပ်၊ နို့ဆီတစ်ဗူးတစ်ကျပ်၊ ငါးသေတ္တာတစ်ဗူး တစ်ကျပ်မျှသာ ရှိသောအချိန်တွင် ငွေသုံးရာဆိုသော အတိုင်းအတာမှာ လင်မယားနှစ်ယောက်အဖို့ တစ်နှစ်ပတ်လုံး စား





လောက်သော အခြေအနေမျိုး ဖြစ်သည်။

“ကဲ. . . မင်းတို့ လင်မယားနှစ်ယောက်လည်း တိုင်ပင်ကြဦး၊ ငါပြောတာကို သဘောတူရင်တော့ လာပြောလှည့်ကြ”

ဟု ပြောဆိုကာ ပြန်လွှတ်လိုက်လေသည်။

မောင်ထွန်းခတို့ လင်မယားနှစ်ယောက်မှာ မိမိတို့ နေထိုင်ရာနေရာသို့ ရောက်သောအခါ ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြလေသည်။

“ဘယ်လိုသဘောရသလဲ မရင်မေ”

“ငွေသုံးရာဆိုတာကတော့ နည်းတော့ မနည်းဘူး၊ ဒါပေမယ့် ဘယ်လိုအလုပ်မျိုး လုပ်ရမယ်ဆိုတာ မသိတော့ စိတ်ပူပန်စရာပဲ”

“အို. . . ဘာများ စိတ်ပူပန်စရာ ရှိသလဲ၊ ဆရာကြီးက ငါတို့လင်မယားနှစ်ယောက်ရဲ့ကျေးဇူးရှင်ပဲဟာ၊ သေလောက်တဲ့ အလုပ်မျိုးတော့ ခိုင်းမယ်မထင်ပါဘူး”

“ဒါပေမယ့် ငွေသုံးရာ ပေးပြီး ခိုင်းတဲ့အလုပ်ဆိုမှတော့ သာမန်အလုပ်မျိုးတော့ ဟုတ်မယ် မထင်ဘူး၊ ကျွန်မတော့ စိတ်ထဲမှာ လေးနေသလိုပဲ”

“မင်းကလဲကွာ. . . စိုးရိမ်စရာ မရှိတာကို စိုးရိမ်နေပြန်ပြီ၊ ဆရာကြီးက ငါတို့ရဲ့ကျေးဇူးရှင်ပဲ မဟုတ်လား၊ ငါတို့ ဒုက္ခရောက်မယ့်အလုပ်မျိုးတော့ ခိုင်းပါ့မလား”

ထိုသို့ပြောလိုက်သောအခါ မရင်မေမှာ တွေတွေလေး ငိုင်သွားနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မရင်မေ. . . မင်းဘာမှစဉ်းစားမနေနဲ့၊ ဘာပဲဖြစ်ဖြစ် ဆရာကြီး ခိုင်းတဲ့အလုပ်ကို ငါလုပ်မယ်၊ ငွေသုံးရာ ရပြီးရင် ငါတို့ ရွာပြန်ပြီး အေးအေးဆေးဆေး နေကြမယ်"

"ရှင် လုပ်ချင်ရင်လည်း လုပ်ပေ့ါ၊ ဒါပေမယ့် သတိတော့ ထားပါ"

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

နောက်တစ်ရက်တွင် မောင်ထွန်းခအား ဆရာဝန်ကြီး ဦးကျော်သာနှင့် တွေ့ဆုံကာ ဆရာကြီး စေခိုင်းသည့်အတိုင်း ပြုလုပ်ပါမည့်အကြောင်း ကတိပေးလိုက်လေသည်။

"မင်းတို့ ငါခိုင်းတဲ့အလုပ်ကို လုပ်ဖို့ တကယ်ဆုံးဖြတ်ပြီး ကြပြီလား"

"ပြီးပါပြီ ဆရာကြီး၊ ဘယ်လိုလုပ်ရမလဲဆိုတာသာ ပြောပါ"

"အချိန်တန်တော့ သိရမှာပေါ့ကွယ်၊ လောလောဆယ် ဒီအကြောင်းတွေကို ဘယ်သူမှ အသိပေးလို့ မဖြစ်ဘူးကွယ့်၊ ဒီတော့ မင်းတို့လင်မယားနှစ်ယောက်စလုံး နောက်ဘက်ဆောင်မှာ မနေကြနဲ့တော့၊ ဦးစံသာ စီစဉ်ပေးလိမ့်မယ်၊ ဒီအိမ်ကြီးပေါ်ကိုသာ ပြောင်းနေကြပေတော့"

ဟု ပြောသဖြင့် မောင်ထွန်းခတို့ လင်မယားနှစ်ယောက်မှာ ပိုမို၍ အံ့သြမှုဖြစ်ကာဖြင့် မောရမြိုင်အိမ်ကြီးပေါ်သို့ ပြောင်းရွှေ့နေထိုင်ကြလေသည်။

အိမ်ကြီးပေါ်သို့ ရောက်သောအခါ အပြင်သို့ ထွက်ခွင့်





နေရတော့ပဲ အိမ်ထဲမှာပင် အမြဲနေရပြီး ကောင်းကောင်းနေ ကောင်းကောင်းစားရပြီး ခြံအလုပ်ကိုပင် မလုပ်ရတော့ပေ။

တစ်နေ့တော့ ဦးကျော်သာက မောင်ထွန်းခကို ခေါ်ပြောလေသည်။

"မင်းကို ခိုင်းမယ့်အလုပ်က တခြားတော့ မဟုတ်ဘူး၊ ငါ့ရဲ့ဆေးပညာ စမ်းသပ်မှုမှာ အကူအညီ ပေးရုံပါပဲ"

"ဘယ်လိုအကူအညီပေးရမှာလဲ ဆရာကြီး"

"တခြားတော့ ထွေထွေထူးထူး မဟုတ်ပါဘူးကွယ်၊ ငါဖော်စပ်ထားတဲ့ ဆေးဝါးနဲ့ စမ်းသပ်ကြည့်မယ်၊ ပြီးရင် ဖြေဆေးပေးရင် မူလအတိုင်း ပြန်ဖြစ်မှာပါပဲ"

"ဟုတ်. . . ဟုတ်ကဲ့ပါ ဆရာကြီး"

ထိုစကားကြားသောအခါ မောင်ထွန်းခ စိတ်ထဲမှာ စိုးရိမ်စိတ်တော့ ဝင်လာသည်။

သို့သော်လည်း ကတိပေးမိပြီးမှတော့ နောက်မဆုတ်ချင်တော့ပေ။

"ဘယ်လိုလဲကွယ့် မောင်ထွန်းခ. . . လုပ်မှာလား"

"ဟုတ်ကဲ့. . . လုပ်ပါ့မယ် ဆရာကြီး"

"ဒါပေမယ့် တစ်ခုတော့ ကတိပေးရမယ်၊ ငါ ဘာလုပ်မယ်ဆိုတာ မင်းမိန်းမကို လုံးဝ အသိမပေးလေနဲ့၊ ဘာကြောင့်လဲဆိုတော့ မိန်းမတွေက အကြောင်းမရှိ အကြောင်းရှာပြီး စိုးရိမ်တတ်ကြလေတော့ တော်ကြာ ငါ့အလုပ်ကို ဖျက်မှာ စိုးရိမ်ရတယ်၊ ဒီတော့ သူ့ကို လုံးဝအသိမပေးလေနဲ့. . . ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"မင်းလည်း ဘာမှ မစိုးရိမ်နဲ့၊ ဘာမှ အန္တရာယ် မရှိပါဘူး တစ်ရက်နှစ်ရက်လောက် စမ်းသပ်ကြည့်ပြီးတာနဲ့ မင်းတို့လ မယား ငွေသုံးရာ ပိုင်ကြမှာပါ၊ ကဲ. . . ဒီမှာ ငွေသုံးရာကို အရင် ယူထားပါ"

ဟု ပြောကာ ဆရာကြီး ဦးကျော်သာက အံဆွဲထဲမှ အဆင်သင့် ထည့်ထားသော ရာတန်သုံးရွက်ကို ထုတ်၍ မောင် ထွန်းခ လက်ထဲသို့ ထည့်ပေးလိုက်သည်။

မောင်ထွန်းခမှာ တစ်ခါမှ မရခဲ့ဖူးသော ငွေသုံးရာကို ရသဖြင့် ဝမ်းသာမိသော်လည်း ရင်ထဲမှာတော့ လွတ်လွတ်လ လပ် ပျော်ရွှင်မှု မရတော့ပေ။





**အခန်း(၃)**

# ဆရာဝန်ကြီး ဦးကျော်သာ အဖမ်းခံရလေပြီ

သတ်မှတ်ထားသည့်နေ့သို့ ရောက်သောအခါ နှစ် ယောက်စလုံး အပေါ်ထပ်၌ ရှိသော စမ်းသပ်ခန်း ရှိရာသို့ သွား ကြရသည်။ မောင်ထွန်းခရော မရင်မေပါ ရင်ခုန်လျက်ရှိကာ အသက်ရှူမှားမတတ် ရှိနေကြသည်။

သို့သော်လည်း ယခုအခါမှတော့ ငြင်းပယ်၍လည်း မဖြစ်တော့ပေ။

အဘယ်ကြောင့်ဆိုသော် ဦးကျော်သာ ပေးထားသည့်



www.burmeseclassic.com

www.burmeseclassic.com


ငွေသုံးရာကို ယူထားပြီးသောကြောင့်ပင်။

သူတို့နှစ်ယောက်ကို အပေါ်ထပ် အခန်းရှေ့သို့ လူယုံတော်ကြီး ဦးစံသာက ခေါ်ဆောင်သွားခြင်းဖြစ်၏။

ထိုအချိန်တွင် မောရမြိုင် ခြံကြီးနှင့် နှစ်ဆောင်ပြိုင် အိမ်ကြီးပေါ်၌ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

လူသံသူသံလည်း မကြားရ။

အခြားမည်သည့်အသံမှလည်း မကြားရသဖြင့် ချောက်ခြားဖွယ်ရာ ကောင်းလွန်းလှသည်။

မောင်ထွန်းခနှင့် မရင်မေတို့ နှစ်ယောက်မှာ ဦးစံသာ ထိုင်ခိုင်းထားသည့် အခန်းပေါက်ဝရှိ ခုံပေါ်တွင် ထိုင်နေကြရင်းရင်တထိတ်ထိတ် ဖြစ်နေကြသည်။

နှစ်ယောက်စလုံးမှာလည်း မျက်နှာငယ်ကလေးများနှင့် ရှိနေကြပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်၊ လက်ချင်း တင်းတင်းဆုပ်ကိုင်လိုက်နှင့် ရှိနေကြသည်။

"ကိုထွန်းခ"

"ဘာလဲ မရင်မေရဲ့"

"ရှင့်အလုပ်က ဖြစ်မှ ဖြစ်ပါ့မလား၊ တော်ရုံအလုပ်မျိုးဆိုရင် ငွေသုံးရာတောင် ပေးပါ့မလား၊ ကျွန်မတော့ စိတ်ထဲမှာ တထင့်ထင့် ဖြစ်နေမိတယ်"

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ကွာ၊ တော်ရုံကိစ္စလောက်တော့ ငါ မကြောက်ပါဘူး၊ ဒီကိစ္စပြီးတာနဲ့ ငါတို့လင်မယား ငွေသုံးရာ ပိုင်ပြီးတော့ ပျော်ပျော်ကြီး နေလို့ရပြီ မဟုတ်



လား"

"ဒါတော့ ဒါပေါ့ရှင်၊ ဒါပေမယ့် ရှင် တစ်ခုခုဖြစ်သွားရင် ဘယ်နှယ့်လုပ်ရပါ့မလဲ. . . မခက်ပေဘူးလား၊ နောက်ပြီး ကျွန်မ ဒီအိမ်နဲ့ခြံကြီးထဲမှာ နေရတာ တစ်မျိုးပဲ"

"လူသူမနီးလို့ မင်းကြောက်နေတာပဲ ဖြစ်မှာပါ၊ ဒီမှာနေရတာ ဒီလောက်ကြောက်နေရင် ဒီကိစ္စပြီးတာနဲ့ အလုပ်ကထွက်ပြီး ငါတို့လင်မယား ရွာပြန်နေကြတာပေါ့၊ အဲဒါ မကောင်းဘူးလား"

"အဲဒါ ကောင်းတယ်၊ ဒီအတောအတွင်းသာ ဘာမှ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ၊ ဒါထက် ကျွန်မတို့ လင်မယားကို ဒီအခန်းပေါက်ဝမှာ ထိုင်ခိုင်းထားတယ်၊ အခုထိ ဘယ်သူမှလည်း မတွေ့ရသေးပါလား"

"အချိန်တန်တော့ လာမှာပေါ့ကွာ"

ဟု ပြောဆိုနေကြစဉ် အောက်ထပ်မှ အပေါ်သို့ တက်လာသောခြေသံများကို ကြားလာရသဖြင့် လှမ်းကြည့်လိုက်သောအခါ လှေခါးမှ တက်လာသော လူသုံးယောက်ကို တွေ့ရသည်။

"ဟင်. . ."

အပေါ်ထပ်သို့ တက်လာသော လူသုံးယောက်စလုံး ဦးခေါင်းမှ ခြေဖျားအထိ ရှည်သော အဝတ်မည်းကြီးများကို ဝတ်ဆင်ထားကာ မျက်လုံးပေါက်သာ ဖော်ထားသဖြင့် ဘယ်သူဘယ်ဝါမှန်း မသိနိုင်ပေ။

သူတို့အနီးသို့ ရောက်သောအခါ မောင်ထွန်းခအား



www.burmeseclassic.com

www.burmeseclassic.com

အခန်းတွင်းသို့ ဝင်ရန် ခြေဟန်လက်ဟန်ဖြင့် ပြရာ နှစ်ယောက်စလုံး မတ်တတ်ရပ်လိုက်ကြသည်။

"နင်က အခန်းအပြင်ကပဲ စောင့်နေ"

ဟု အသံသြသြကြီးဖြင့် ပြောသဖြင့် မရင်မေမှာ ကြောက်ကြောက်လန့်လန့်ဖြင့် နေရာတွင် ပြန်ထိုင်နေလိုက်ရသည်။

ထို့နောက် အဝတ်မည်းကြီးများ တစ်ကိုယ်လုံး ခြုံထားသော လူသုံးယောက်က မောင်ထွန်းခကို အခန်းထဲ ခေါ်သွားပြီးနောက် တံခါးကို ပြန်ပိတ်ထားလိုက်ကြသည်။

ထိုအခါမှပင် မရင်မေမှာ ရင်ဝသို့ အလုံးကြီး တက်ဆောင့်လာသကဲ့သို့ စိုးရိမ်သောကများ စုပြုံဝင်လာတော့သည်။

"ငါ့ယောကျ်ားကို ဘာများလုပ်ကြမလို့လဲ၊ ငါတို့တော့ ဒီငွေသုံးရာကို လက်ခံမိတာ မှားပြီထင်တယ်၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ"

အခန်းအပြင်ဘက်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့သော မရင်မေမှာ နေမထိ ထိုင်မသာ ဖြစ်နေပြီး တစ်ယောက်တည်း ထိုင့်လိုက်ထလိုက် ဖြစ်နေတော့သည်။

"ဒီငွေသုံးရာ ရတာတော့ မှန်ပါရဲ့၊ မတော်လို့ ကိုထွန်းခ အသက်အန္တရာယ် ဖြစ်သွားရင်တော့ မတွေးဝံ့စရာပဲ"

မရင်မေ စိတ်ထဲမှာ ယခင်ကထဲက သင်္ကာမကင်း ဖြစ်နေလေရာ ယခုကဲ့သို့ မျက်နှာကို မမြင်ရဘဲ တစ်ကိုယ်လုံး အဝတ်မည်းကြီးများ ခြုံ၍ ဝင်လာသောအခါ ရင်ထဲမှ သံသယ





စိတ်မှာ ပိုမိုကြီးထွားလာလေတော့သည်။

သူတို့ ဘယ်လိုအကြံအစည် ရှိတယ်ဆိုတာ သိရအောင် လုပ်မှဖြစ်မယ်၊ တကယ်လို့ ငါ့ယောကျ်ားရဲ့အသက်အန္တရာယ် ဖြစ်လောက်အောင် ကြံစည်ကြရင်တော့ ငါ မခံဘူး"

ဟု တွေးတောကာ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်သည်။

အပေါ်ထပ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပြီး လူသူ တစ်ဦးတစ်ယောက်မှ မရှိချေ။

လူယုံတော်ကြီး ဦးစံသာကိုယ်တိုင် အောက်ထပ်၌ စောင့်ကြပ်နေဟန်ရှိသည်။

သို့ကြောင့် မရင်မေသည် ပိတ်ထားသော တံခါးချပ်ကို လက်ဖြင့် တွန်းကြည့်သည်။

အတွင်းမှ ဂျက်ထိုးထားသဖြင့် လှုပ်ပင် မလှုပ်ချေ။

နားဖြင့် ကပ်ပြီးနားထောင်ကြည့်ပြန်တော့လည်း အတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေပြီး အပ်ကျသံမျှပင် မကြားရပေ။

"ဒီလောက်တိတ်ဆိတ်နေပုံထောက်တော့ သူတို့ ကိုထွန်းခကို တစ်ခုခု လုပ်နေကြတာ သေချာပြီ"

ဟု တွေးတောကာ အပေါက်တွေ့လိုတွေ့ငြား လိုက်လံကြည့်လေရာ အခန်းနံရံမှာ လျှာထိုးပျဉ်များဖြင့် စေ့နေအောင် ကာရံထားသဖြင့် အပေါက်မရှိပေ။

တစ်နေရာ ရောက်တော့ ပျဉ်စတစ်ခု အက်နေသဖြင့် ထိုပျဉ်စကလေးကို အသံမကြားအောင် ချိုးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် အပေါက်မရှိသေးသဖြင့် ခေါင်းမှာ ညှပ်ထားသော ဆံညှပ်ကို ဖြုတ်ကာ ထိုနေရာသို့ အပေါက်ဖြစ်လာစေရန် တဖြည်းဖြည်း ထိုးချဲ့လိုက်ရာ နောက်ဆုံး ဆန်တစ်စေ့စာမျှ အပေါက်ကလေး ဖြစ်သွားတော့သည်။

မရင်မေက ထိုအပေါက်ကလေးမှ အတွင်းသို့ ချောင်းကြည့်လိုက်လေသည်။

အခန်းအလယ်တွင် ကုတင်တစ်လုံး ချထားပြီး ကုတင်ပေါ်၌ မောင်ထွန်းခမှာ ပက်လက်ကလေး ရှိနေသည်။

၎င်းကိုယ်ပေါ်မှာ အဝတ်အစားများ မရှိတော့သဖြင့် တစ်ကိုယ်လုံး အတိုင်းသား လှမ်းမြင်နေရသည်။

သူမ ကြည့်နေသောနေရာမှာ ဘေးတိုက်အနေအထား လှမ်းမြင်နေရခြင်း ဖြစ်သည်။

မောင်ထွန်းခမှာ ကုတင်ပေါ်၌ အိပ်ပျော်နေသကဲ့သို့ ရှိနေသော်လည်း အသက်မရှူတော့ပေ။

"ဟင်. . ."

ထိုမြင်ကွင်းကို မြင်ရသဖြင့် မရင်မေမှာ မျက်လုံးပြူးသွားသည်။ အထိတ်တလန့်ဖြင့် နံရံကို ကျောမှီကာ ရပ်လိုက်သည်။

"ဘုရား. . . ဘုရား၊ ငါထင်တဲ့အတိုင်း သူတို့ ကိုထွန်းခကို တကယ် သတ်ပစ်လိုက်ကြပါရောလား၊

တကယ်လို့ အိပ်နေတာပဲဖြစ်ဖြစ် သတိမေ့နေတာပဲဖြစ်ဖြစ် အသက်တော့ ရှူနေရမှာပေါ့၊ အခုတော့. . ."

စိတ်မကျေနပ်သဖြင့် နောက်တစ်ကြိမ် ထပ်ကြည့်လိုက်





သည်။

သူမ မြင်ကွင်းမှာ မမှားပေ။

မောင်ထွန်းခမှာ ကုတင်ပေါ်၌ ပက်လက်ကလေး ရှိနေပြီး အသက်မရှူပဲ ငြိမ်သက်နေလေသည်။

၎င်းကုတင်အနီးမှာတော့ အဝတ်နက်ကြီးများ ခြုံထားသော လူသုံးယောက်ကတော့ ၎င်းတို့အလုပ်နှင့် ရှုပ်နေကြသည်။

ကုတင်အနီးမှာတော့ ဆေးပုလင်း တင်သောစင်များ၊ ခွဲစိပ်ကိရိယာများ တင်သည့်စင်များ ရှိနေလေသည်။

မရင်မေ ချောင်းကြည့်နေစဉ်မှာ အဝတ်နက် ခြုံထားသော လူတစ်ယောက်က မောင်ထွန်းခ၏ရင်ဘတ်ပေါ်သို့ နားကြပ်ဖြင့် စမ်းကြည့်နေသည်။

ပြီးလျှင် လက်ကောက်ဝတ်ကို ကိုင်၍ သွေးစမ်းသည်။

ပြီးမှ မှတ်ချက်ချသည်။

"သူ အသက်မရှိတော့ဘူး"

ပြောလိုက်သည့်အသံက ခပ်တိုးတိုးဖြစ်သော်လည်း အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသောကြောင့် အခန်းပေါက်မှ ချောင်းကြည့်နေသော မရင်မေက တစ်စွန်းတစ်စ ကြားလိုက်ရလေသည်။

"ဟင်. . ."

သို့ကြောင့် ပိုမိုထိတ်လန့်သွားလေသည်။

"ဟုတ်ပါပြီ. . . သူတို့ ကိုထွန်းခကို သတ်လိုက်ကြပြီ၊ ဒါ ဘယ်လိုလုပ်ရပါ့မလဲ၊ အခုနေ အပြင်က ဆူဆူညံညံ လုပ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း သူတို့ ငါ့ကိုပါ သတ်ကြလိမ့်မယ်၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ"

ဟု ကြောက်ကြောက်လန့်လန့်ဖြင့် အပြေးအလွှား စဉ်းစားနေသည်။

"မဖြစ်ဘူး . . . ဒီအတိုင်း နေလို့တော့ မဖြစ်ဘူး၊ ငါ တစ်ခုခု လုပ်မှ ဖြစ်တော့မယ်၊ ငါတစ်ယောက်တည်းနဲ့တော့ ဖြစ်မှာ မဟုတ်ဘူး၊ ဒီခြံထဲက အပြင်ရောက်အောင် ထွက်ပြီး ပတ်ဝန်းကျင်က လူတွေကို အကျိုးအကြောင်း ပြောပြပြီးတော့ အကူအညီတောင်းမှ ဖြစ်တော့မယ်"

ဟု တွေးတောကြံစည်ကာ အပေါ်ထပ်မှ အောက်သို့ ဆင်းရန်ပြင်သည်။

လှေခါးထိပ် ရောက်သောအခါ အောက်သို့ အခြေအနေ ငုံ့ကြည့်လိုက်စဉ် တံခါးပေါက်ဝမှာ စောင့်နေသော ဦးစံသာကို လှမ်းမြင်ရသည်။

"ဒီအတိုင်းသွားရင်တော့ ဘယ်နည်းနဲ့မှ အပြင်ထွက်ခွင့်ပေးမှာမဟုတ်ဘူး၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ဟု တွေးတောကာ အိမ်အနောက်ဘက်ရှိ ပြတင်းပေါက်ကို တံခါးဖွင့်ကြည့်သည်။

သံတိုင်များ စိုက်ထားသဖြင့် အပြင်ထွက်ရန် မလွယ်ချေ။

အိမ်အနောက်ဘက်သို့ လှမ်းကြည့်လိုက်တော့ ပိတ်ထားသော တံခါးတစ်ချပ်ကို တွေ့ရသဖြင့် ခြေသံမကြားအောင်





လျှောက်သွားလေသည်။

ထို့နောက် တံခါးဂျက်ကို ဖြုတ်၍ ဖွင့်ကြည့်လိုက်တော့ အိမ်အနောက်ဘက်သို့ ဆင်းသော လှေခါးတစ်ခုကို တွေ့ရသဖြင့် ထိုလှေခါးမှ အောက်သို့ အလျင်အမြန် ဆင်းလေသည်။

အောက်သို့ ရောက်သောအခါ သစ်ပင်များကို ကွယ်၍ ခြံဝန်းအနောက်ဘက်သို့ ရောက်အောင် ပြေးသည်။

မလွယ်ပေါက် ရှိသည့်နေရာသို့ ရောက်သောအခါ ထိုအပေါက်မှ အပြင်သို့ ရောက်အောင် ထွက်လေသည်။

အပြင်သို့ ရောက်သောအခါ လမ်းမပေါ် ရောက်အောင် ပြေးထွက်လေသည်။

ထို့နောက် ထောက်ကြံ့လမ်းဆုံမှတစ်ဆင့် ကားတစ်စီးနှင့် စီးကာ မင်္ဂလာဒုံ ဂါတ်တဲစခန်းသို့ ရောက်အောင် သွားလေသည်။

ဂါတ်တဲစခန်းသို့ ရောက်သောအခါ ပုလိပ်များအား အကူအညီ တောင်းလေသည်။

"ကျွန်မယောက်ျားကို တစ်ဆိတ်လောက် ကယ်ပေးကြပါရှင်၊ ကျွန်မယောက်ျား သေရပါတော့မယ်"

"ခင်ဗျားယောက်ျားက ဘယ်မှာ ဘာဖြစ်နေလို့လဲ၊ သေသေချာချာ ပြောပြပါဦး"

"ကျွန်မယောက်ျားကို ဆရာဝန်ကြီး ဦးကျော်သာက သူ့အခန်းထဲ ခေါ်ပြီး သတ်ပစ်လိုက်ပါပြီ"

"ဘယ်နေရာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထောက်ကြံ့က မောရမြိုင် ခြံကြီးထဲမှာပါ"

ထိုစကားကြားသောအခါ ဌာနအုပ် ဦးဘဇံ၊ အင်စပက်တော် ဦးမင်းဟန်နှင့် ဆားပုလင်း ရဲဒင်တို့မှာ စိတ်ဝင်စားသွားကြသည်။ အဘယ်ကြောင့်ဆိုသော်. . .

မောရမြိုင် ခြံကြီးနှင့် ပတ်သက်သော သတင်းများကို တစ်စွန်းတစ်စ ကြားထားပြီး ဖြစ်သောကြောင့်ပင်။

အခြားမဟုတ်ပေ။

ထိုခြံကြီးအတွင်းသို့ အလုပ်လုပ်ရန် သွားသော လူအချို့ ပျောက်ဆုံးနေသောသတင်းကို ကြားထားပြီး ဖြစ်သောကြောင့်ပင်။

သို့ကြောင့် ချက်ချင်းဆိုသလို လူစုပြီးနောက် မော်တော်ကားတစ်စင်းဖြင့် မောရမြိုင်ခြံကြီး ရှိရာသို့ လာကြလေသည်။

ခြံတံခါးပေါက်ဝသို့ ကားရပ်သောအခါ အိမ်အတွင်းမှ လူယုံတော်ကြီး ဦးစံသာ ထွက်လာသည်။

ကားပေါ်မှ ပုလိပ်များကို မြင်သောအခါ မျက်နှာတစ်ချက် ပျက်သွားသည်။

ထို့နောက် ပုလိပ်များကြားမှာ ထိုင်နေသော မရင်မေကို တွေ့သွားသောအခါ ဒေါသဖြစ်သော မျက်လုံးဖြင့် တစ်ချက် လှမ်းကြည့်သည်။

"ဘာကိစ္စလဲ"

အသံသြသြကြီးဖြင့် လှမ်းမေးသည်။

"တံခါးဖွင့်ပေးပါ. . . ကျုပ်တို့ ဝတ္တရားအရ ခြံထဲမှာ





ရှာစရာ ရှိတယ်"

ဌာနအုပ် ဦးဘဇံက သေနတ်ပြပြီး ဖွင့်ခိုင်းတော့မှ မဖွင့်ချင်ဖွင့်ချင်နှင့် ဖွင့်ပေးလေသည်။

ခြံဝန်းထဲသို့ ရောက်သောအခါ ဦးဘဇံက ခေါင်းဆောင်ပြီးနောက် အိမ်ပေါ်သို့ တက်သွားကြသည်။

အပေါ်ထပ်ရှိ ပိတ်ထားသောတံခါးရှေ့ ရောက်သောအခါ တံခါးခေါက်လိုက်သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ခဏကြာတော့ တံခါးလာဖွင့်ပေးသည်။

တံခါးလာဖွင့်သူမှာ အခြားမဟုတ်ပဲ ဆရာဝန်ကြီး ဦးကျော်သာ ကိုယ်တိုင်ပင် ဖြစ်သည်။

ထိုအချိန်မှာ အခန်းထဲ၌ အဝတ်မည်းများ ဝတ်ဆင်ထားသော လူသုံးယောက် မရှိတော့ပဲ အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားသော ဆရာဝန်ကြီး ဦးကျော်သာ တစ်ယောက်တည်းသာ ရှိနေပြီး ကုတင်ပေါ်မှာတော့ ပက်လက် အနေအထားဖြင့် ရှိနေသော မောင်ထွန်းခကို တွေ့ရသည်။

"ဘာကိစ္စရှိကြလို့လဲ"

"ဒီမိန်းကလေးက သူ့ယောက်ျားကို ဆရာဝန်ကြီးက သတ်ပစ်လိုက်တယ်ဆိုပြီး တိုင်ချက်လာဖွင့်လို့ ဝတ္တရားအရ လာရောက် စစ်ဆေးတာပါ"

ဦးကျော်သာက ဘာမှ မပြောပဲ မီးဝင်းဝင်း တောက်လုမတတ် ဒေါသမျက်လုံးများဖြင့် မရင်မေကို တစ်ချက် လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ပြီးမှ အခန်းပေါက်ဝမှ လမ်းဖယ်ပေးလိုက်သဖြင့် ဦးဘဇံ တို့အဖွဲ့လည်း အခန်းတွင်းသို့ ဝင်ကြလေသည်။

မရင်မေကလည်း ဦးဘဇံနောက်မှ ကပ်ပါလာသည်။

"ဟိုကုတင်ပေါ်က ကျွန်မယောကျ်ားပါပဲ၊ တဆိတ်လောက် စစ်ဆေးပေးကြပါ"

ဟု ပြောသဖြင့် ဦးဘဇံတို့က ကုတင်ပေါ်မှာ ရှိနေသော မောင်ထွန်းခအား စစ်ဆေးကြည့်ကြသည်။

၎င်းတို့ စစ်ဆေးကြည့်သောအချိန်တွင် မောင်ထွန်းခမှာ အသက်မရှိတော့ပေ။

"သူ အသက်မရှိတော့ဘူး"

ဦးဘဇံ၏မှတ်ချက်စကားကြားသောအခါ မရင်မေမှာ တုန်လှုပ်ချောက်ချားသွားလေတော့သည်။

"အမယ်လေး. . . ကျွန်မယောကျ်ား တကယ်သေရပြီ၊ ကျွန်မ အတန်တန် တားတဲ့ကြားထဲက အခုလို ဖွတ်တိုးလုပ်လို့ သေရတာပါရှင်၊ ကျွန်မယောကျ်ားကို သတ်ပစ်တာ သူပါပဲ"

မရင်မေက ဆရာဝန်ကြီး ဦးကျော်သာကို လက်ညှိုးထိုးကာ ငိုယိုပြောဆိုနေလေသည်။

ဦးကျော်သာကတော့ မရင်မေကို စိမ်းစိမ်းကြီး ကြည့်နေလေသည်။ ဦးဘဇံက ဦးကျော်သာအနီးသို့ သွားကာ မေးလိုက်သည်။

"သူပြောတဲ့အတိုင်း ခင်ဗျား သတ်လိုက်တာလား"





ဦးကျော်သာက ခေါင်းခါပြလိုက်သည်။

"ကျုပ် မသတ်ဘူး"

"ဒါဖြင့် ဘယ်သူသတ်တာလဲ"

"သူ သတ်တာ"

ဦးကျော်သာက မရင်မေကို လက်ညှိုးထိုးပြလိုက်သည်။

"အိုး. . . မဟုတ်တာ၊ ကျွန်မယောကျ်ားကို ကျွန်မက ဘာကြောင့် သတ်ရမှာလဲ၊ သူ လိမ်ပြောနေတာပါ၊ ကျွန်မယောကျ်ားကို သတ်တာ သူပါရှင်၊ သူ့ကို ဖမ်းကြပါ"

ဟု ပြောဆိုရာ ဦးဘဇံက ၎င်းနောက်မှ ပါလာသော ပုလိပ်များအား ဦးကျော်သာအား ဖမ်းဆီးရန် အမိန့်ပေးလိုက်သည်။

"တကယ်တော့ ဒီသူငယ် အခုလို သေဆုံးရတာ ကျုပ်ကြောင့် မဟုတ်ပါဘူး၊ ဒီမိန်းကလေးကြောင့် သေရတာပါ"

ဦးကျော်သာက မချိတင်ကဲလေသံဖြင့် ပြောလိုက်လေသည်။

"ကျုပ်တို့လည်း စိတ်မကောင်းပါဘူး ဆရာကြီး၊ ဒါပေမယ့် မျက်မြင်အနေအထားအရတော့ ဒီလူကို သတ်လိုက်တာ ဆရာကြီးဆိုတာ ထင်ရှားနေတော့ တရားရုံး ရောက်မှပဲ ထုချေပြောရှင်းပါတော့၊ အခုတော့ ဝတ္တရားအရ ဖမ်းဆီးအရေးယူရမှာပဲ"

ဟု ပြောဆိုကာ ဆရာဝန်ကြီး ဦးကျော်သာအား လက်ထိပ်ခတ်ပြီး ဖမ်းဆီးခေါ်ဆောင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာတော့ မောရမြိုင်မြို့ကြီးမှာ တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်ခဲ့လေသည်။





အခန်း(၅)

# ကြိုးမိန့်အတွက် မျှော်လင့်နေသူ

ဆရာဝန်ကြီး ဦးကျော်သာသတင်းကို မိုးကြိုးသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာ နှစ်စောင်တို့တွင် အကျယ်တဝင့် ဖော်ပြလိုက်သောအခါ အားလုံးမှာ တအံ့တဩ ဖြစ်သွားကြလေသည်။ သမီးဖြစ်သူ မေနှင်းကျော်မှာလည်း ထိုအခါမှပင် သိရပြီးနောက် ယူကြုံးမရ ဖြစ်ရလေသည်။

"ဖေဖေ ဘယ်လိုများ ဖြစ်ရတာလဲ အန်ကယ်ရယ်၊ ကျွန်မကို အကြောင်းစုံ ပြောပြစမ်းပါ"

ထိုသို့မေးသောအခါ ဦးကျော်သာ၏လက်ထောက်လည်းဖြစ်၊ လူယုံတစ်ဦးလည်းဖြစ်၊ လုပ်ဖော်ကိုင်ဖက်လည်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော ဦးရွှေမောင်မှာ မျက်စိမျက်နှာ မကောင်းစွာဖြင့် ခေါင်းတို
သာ တွင်တွင်ခါယမ်းနေတော့သည်။

“ဦးလည်း ဘာမှ မသိရပါဘူး တူမရယ်၊ ဒီအကြောင်း
တွေကိုလည်း မသိချင်ပါနဲ့”

“အို. . ကျွန်မ မသိလို့ ဖြစ်ပါ့မလား၊ အဖေတစ်ယောက်
လုံး အဖမ်းခံနေရတာကို သမီးဖြစ်တဲ့ကျွန်မက ဘာမှ မသိရလို့
ဖြစ်ပါ့မလား၊ ကျွန်မ ဖေဖေနဲ့ တွေ့ချင်တယ်”

“မတွေ့ပါနဲ့ကွယ်. . . ဆရာကြီးကို အခုလိုအခြေအနေ
မျိုးနဲ့ တွေ့ရရင် သမီး စိတ်ချမ်းသာမှာ မဟုတ်ပါဘူး”

“ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မဖေဖေနဲ့ တွေ့ချင်တယ်၊
လိုက်ပို့ပေးပါ”

ဟု အတင်းပူဆာသဖြင့် ဦးရွှေမောင်မှာ မတတ်သာ
တော့ဘဲ မင်္ဂလာဒုံ ဂါတ်အချုပ်သို့ လိုက်ပို့ပေးရလေသည်။

ဦးကျော်သာအား ထောင်ကြီးချုပ်သို့ မပို့သေးမီ မင်္ဂလာ
ဒုံ ဂါတ်တဲအချုပ်၌ပင် ထားသေးသည်။

မင်္ဂလာဒုံ ဂါတ်တဲသို့ ရောက်သောအခါ ဌာနအုပ် ဦးဘ
ဇံအား အကျိုးအကြောင်းပြော၍ ခွင့်တောင်းသောအခါ ခဏ
တွေ့ခွင့်ရသည်။

ဦးကျော်သာမှာ အသက်အရွယ်က (၆၀)ဝန်းကျင် ရှိနေ
သည်ကတစ်ကြောင်း၊ အချုပ်တွင်း၌ စိတ်ထောင်းကိုယ်ကြေဘဝ
ဖြင့် နေရသဖြင့် ဆံပင်နှင့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများက
ရှည်လျားစွာဖြင့် ဆွတ်ဆွတ်ဖြူလျက် ရှိနေသည်။





နေ့ရောညပါ မအိပ်သည်က တစ်ကြောင်း၊ အချုပ်မှ
ကျွေးသော ထမင်းဟင်းများကိုလည်း လုံးဝမစားသဖြင့် လူမှာ
သိသိသာသာကြီး ချောင်ကျသွားလေတော့သည်။

ဦးဘဇံက စီစဉ်ပေးသဖြင့် ဦးရွှေမောင်နှင့် မေနှင်းကျော်
တို့မှာ သီးသန့်တွေ့ခွင့်ရသည်။

မေနှင်းကျော်မှာ ဖခင်ဖြစ်သူအား တွေ့သောအခါ မျက်
ရည်မဆည်နိုင်အောင် ဖြစ်နေရှာသည်။

“ဘယ်လိုကြောင့်များ ခုလိုဘဝမျိုးနဲ့ ကြုံရတာလဲ ဖေဖေ
ရယ်၊ သမီးရင်ထဲမှာ မချိလိုက်တာ”

“ဖေဖေ့ဘဝနဲ့ ဖေဖေပဲ ရှိပစေတော့၊ နောက်ကို ဒီလို
နေရာမျိုးကို ဘယ်တော့မှ မလာခဲ့နဲ့”

“အို. . ကိုယ့်ဖခင်တစ်ယောက်လုံး ဒီလိုဘဝမျိုးရောက်
နေရတာ သမီးမလာလို့ ရမှာလား”

“ဖေဖေ့အတွက် ဘာမှ စိတ်မပူပါနဲ့ကွယ်၊ ဦးရွှေမောင်
တစ်ယောက်လုံး ရှိသားပဲ၊ သမီးတို့လို မိန်းကလေးတွေအတွက်
ဒီလိုနေရာမျိုးက လာသင့်တဲ့နေရာမျိုး မဟုတ်ဘူးကွယ့်”

“ဖေဖေရယ်. . . ဘာကြောင့်များ ဒီလိုအဖြစ်မျိုး ဖြစ်ရ
တာလဲ၊ သမီးကို ပြောပြပါလားဟင်၊ နောက်ပြီး အဲဒီလူကို ဖေဖေ
တကယ်ပဲ သတ်လိုက်မိသလားဟင်”

“ဖေဖေ မသတ်ပါဘူးကွယ်၊ သူ့မိန်းမက သတ်လိုက်
တာပါ”

ဦးကျော်သာက ဒေါသအရိပ်ငွေ့များ ပါနေသောအသံ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပြောလိုက်သည်။

"ဒီလိုဖြင့် ဖေဖေ့ကို မတရား အမှုဆင်ပြီး တမင်သက်သက် ဖမ်းကြတာပေါ့လေ၊ ဒီလိုဖြင့် သမီး မခံနိုင်ဘူး၊ ဒီအမှုက လွတ်အောင် အကောင်းဆုံး ဝတ်လုံတွေ ငှားပြီး အမှုကို ရင်ဆိုင်ရမယ်"

ထို့နောက် ဦးကျော်သာအတွက် လိုအပ်သောပစ္စည်းများကို ပေးထားခဲ့ပြီး ပြန်ခဲ့ကြလေသည်။

ဦးကျော်သာ၏အမှုမှာ နိုင်ငံကျော် နိုင်ငံခြားပြန် ပါရဂူဘွဲ့ရ ဆရာဝန်ကြီးတစ်ဦး၏အမှုလည်း ဖြစ်ပြန်၊ အမှုကလည်း လူသတ်မှု ဖြစ်နေသည်က တစ်ကြောင်းကြောင့် သတင်းစာများက နေ့စဉ်ရက်ဆက်ဆိုသလို ဖော်ပြကြသဖြင့် လူအများက စိတ်ဝင်စားကြလေသည်။

ထိုခေတ်အခါက ရန်ကုန်မြို့နေ လူအများ စိတ်ဝင်စားမှု အများဆုံးအမှုလည်း ဖြစ်ပေသည်။

အချို့ကလည်း သတင်းစာဖတ်ပြီး အမျိုးမျိုး ဝေဖန်ပြောဆိုကြလေသည်။

"ဦးကျော်သာဆိုတာ ဟိုတစ်နှစ်နှစ်နှစ်က နိုင်ငံခြားက ပါရဂူဘွဲ့ယူပြီး ပြန်လာခဲ့တဲ့ ဆရာဝန်ကြီး မဟုတ်လား"

"ဟုတ်တယ်လေ. . . သူဖွင့်ထားတဲ့ ဆေးခန်းကြီးတောင် မဂိုလမ်းမှာ ရှိတာပဲ"

"ဒီလောက်ချမ်းသာပြီး ဒီလောက်ပညာတွေ တတ်နေပါရက်နဲ့ ဘာကြောင့်များ ဒီလို အောက်တန်းကျတဲ့ အမှုမျိုး





ကျူးလွန်ရတာလဲ မသိဘူး"

"ဒါကလည်း ဟုတ်ချင်မှ ဟုတ်မှာပါ၊ သတင်းစာတွေက အမှုမှန် မဟုတ်သေးပဲ အထင်နဲ့ မှန်းရေးတာရော မဖြစ်နိုင်ဘူးလား၊ ဒီလောက်ပညာတတ်တဲ့လူမျိုးက ဒီလိုအလုပ်မျိုး လုပ်ပါ့လေား"

"အောင်မယ်လေး. . . ဉာဏ်ပညာ မရှိတဲ့သူက ကျူးလွန်ရင် သာမန်အမှုမျိုးလောက်သာ ကျူးလွန်တာ၊ ပညာဉာဏ်ထိပ်ရှိတဲ့လူ မကောင်းတာ လုပ်ပြီဆိုရင်တော့ ကျန်တဲ့လူတွေ လိုက်မမီတော့လောက်အောင် ကြီးကြီးကျယ်ကျယ် လုပ်တတ်တာမျိုးနော်"

"ကျုပ်တော့ တယ်မထင်ဘူးဗျာ"

"ဒါကတော့ ခင်ဗျားတို့ ကျုပ်တို့က ဘယ်သိပ့်မလဲ၊ တရားရုံး ရောက်တဲ့အခါမှသာ အမှန်တရား ပေါ်လာမှာပေါ့၊ ဒီတော့မှသာ ဟုတ်မဟုတ် သိရတော့မှာပေါ့"

ဟု အမျိုးမျိုး ပြောဆိုနေကြလေသည်။

နောက်ပိုင်းမှာတော့ ဦးကျော်သာအား မင်္ဂလာဒုံ ဂါတ်အချုပ်မှ အင်းစိန်ထောင် အချုပ်သို့ ပို့လိုက်လေတော့သည်။ အင်းစိန်ထောင်အတွင်းသို့ ရောက်သွားသောအခါ မင်္ဂလာဒုံ အချုပ်ခန်းမှာ ရှိစဉ်ကကဲ့သို့ တွေ့ခွင့်မသာတော့ပေ၊ တစ်ပတ်တစ်ခါလောက်သာ တွေ့နိုင်တော့သည်။

ဦးရွှေမောင်နှင့် မေနှင်းကျော်တို့ကတော့ တစ်ပတ်တစ်ခါ မပျက်မကွက် သွားရောက်တွေ့ဆုံကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သာ ရောက်သွားသော အင်းစိန်ထောင်ကြီးမှာ သမိုင်းဝင် ထောင်တစ်ခုဆိုလည်း မမှားပေ။

(၁၈၂၄)ခုနှစ်မှ (၁၈၅၂)ခုနှစ်အတွင်း အင်္ဂလိပ်မြန်မာ ပထမ စစ်ပွဲနှင့် ဒုတိယစစ်ပွဲ ဖြစ်ပွားပြီးနောက် ရန်ကုန်မြို့ အပါအဝင် မြန်မာပြည်အလယ်ပိုင်းသည် နယ်ချဲ့ဗြိတိသျှ အရင်းရှင်တို့၏လက်အောက်သို့ ကျရောက်သွားခဲ့ပါသည်။

ဗြိတိသျှ အရင်းရှင်တို့သည် မြန်မာပြည် အလယ်ပိုင်းကို သိမ်းပိုက်ပြီးသည့်နောက်ပိုင်းတွင် အင်အားနည်းလာ၍ ကွက်ကွက်ကလေးသာ ကျန်တော့သော အထက်မြန်မာပြည်ကို အခွင့်ရသည်နှင့် တစ်ပြိုင်နက် သိမ်းပိုက်ရန် ရည်ရွယ်ပြီး ရန်ကုန်မြို့ကို ဆိပ်ကမ်းမြို့ကြီးအဖြစ် တိုးချဲ့၍ အုပ်ချုပ်ရေးကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာပြည်အား မတရားသိမ်းပိုက်ထားသဖြင့် သူ့ကျွန်မခံလိုသော မြန်မာအမျိုးသားတို့သည် လက်နက်ဖြင့်လည်းကောင်း၊ နိုင်ငံရေးနည်းဖြင့်လည်းကောင်း ခုခံတိုက်ခိုက်လာခဲ့ပါသည်။

ထိုအခါ နယ်ချဲ့အင်္ဂလိပ်တို့သည် အုပ်ချုပ်ရေးကို ငြိမ်ဝပ် ပိပြားစေရန်အတွက် မြန်မာတိုင်းရင်းသားများအား ပုဒ်မအမျိုးမျိုး ထုတ်၍ ဖမ်းဆီးပြီး ထောင်တွင်း၌ အကျဉ်းချထားကာ ဖိနှိပ်ချုပ်ချယ်ခဲ့ပါသည်။

ထိုမှတစ်ဆင့် အုပ်ချုပ်ရေးစနစ်အား အခြေခိုင်မာစေရန် ပြုသည့်အနေဖြင့် ဂါတ်များ၊ ရုံးများ၊ ထောင်များကို စနစ်တကျ စတင်တည်ဆောက်ခဲ့သည်။





ဗြိတိသျှတို့ ကျင့်သုံးခဲ့သည့် "သွေးဖြင့် အင်္ဂတေ ကိုင်သော စစ်ဦးစီးဝါဒ" က သက်သေပြလျက်ရှိသည်။

ထိုဝါဒမှာ. . .

(၁) မြန်မာဘုရင်အား ဖမ်းဆီး၍ ပြည်နှင်ဒဏ်ပေးရန်

(၂) မြန်မာပြည်နှင့် မြန်မာတစ်မျိုးသားလုံးအား ကျွန်ပြုရန်

(၃) မြန်မာတိုင်းရင်းသားအားလုံး ဗြိတိသျှတို့ လက်အောက်တွင် ပြပ်ဝပ်ကျိုးနွံစေရန်

ဟူသောရည်ရွယ်ချက်ထားပြီး ကျင့်သုံးခဲ့သည်။

ထိုရည်ရွယ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် (၁၈၆၄)ခုနှစ်တွင် အကျဉ်းထောင်ဌာနကို စတင်ဖွင့်လှစ်၍ ဆေးမင်းကြီး၏လက်အောက်တွင် ထားရှိအုပ်ချုပ်စေသည့်အပြင် မြို့ရွာသန့်ရှင်းရေးနှင့် ကျောက်ဆေးထိုးခြင်းလုပ်ငန်းကိုသည်း တစ်ချိန်တည်း ကြီးကြပ်စေခဲ့သည်။

(၁၈၇၂)ခုနှစ်တွင် ယခင် ဆေးရုံမင်းကြီး အုပ်ချုပ်နေရာမှ ထောင်မင်းကြီး သီးခြားခန့်ထား၍ အုပ်ချုပ်စေခဲ့သည်။

ဤကဲ့သို့ အကျဉ်းထောင်များကို တဖြည်းဖြည်း တိုးချဲ့တည်ဆောက်လာခဲ့ရာ (၁၈၆၁)ခုနှစ်တွင် ရန်ကုန်ထောင်ကို တည်ဆောက်ခဲ့ပြီးနောက် မြန်မာပြည်တွင် အကြီးဆုံးဖြစ်သော အင်းစိန်ထောင်ကြီးကို (၁၈၈၉)ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၈၈၅)ခုနှစ်တွင် အင်္ဂလိပ်မြန်မာ နောက်ဆုံးစစ်ပွဲ ဖြ
ပြီးနောက် ဗြိတိသျှတို့သည် မြန်မာတစ်ပြည်လုံးအား သိမ်းယူကာ
၎င်းတို့၏အထက်တွင် ဖော်ပြခဲ့သော "စစ်ဦးစီးဝါဒ" အတိုင်
မြန်မာဘုရင် သီပေါမင်းအား နန်းချ၍ အိန္ဒိယနိုင်ငံ ရတနာဂီ
သို့ ပြည်နှင်ဒဏ်ပေးပြီး မြန်မာတစ်မျိုးသားလုံးအား "Divide
Rule" စနစ်ဖြင့် သွေးခွဲအုပ်ချုပ်ခဲ့သည်။

ထိုစဉ်က "အင်းစိန်ထောင်ကြီး" သည် အရှေ့တော
အာရှတွင် အကြီးဆုံးသော ထောင်ကြီးဖြစ်သည်။

ထောင်ကြီး မတည်ဆောက်မီ အင်းစိန်မြို့နေရာသည်
ရွာငယ်လေးတစ်ခုမျှသာဖြစ်သည်။ အင်းစိန်မြို့ စတင်တည်
ဆောက်သည့်နေရာမှာ ယခု ရွာမကြီးနေရာဖြစ်သည်။

အင်းစိန်ရွာတစ်ဝိုက်တွင် တောကြီး ဖုံးလွှမ်းလျှက်
မင်္ဂလာဒုံတောနှင့် ဆက်စပ်လျှက်ရှိသဖြင့် ယခု မင်္ဂလာဒုံ
"အထက်မင်္ဂလာဒုံ" ဟူ၍လည်းကောင်း၊ ယခု အင်းစိန်
"အောက်မင်္ဂလာဒုံ" ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်။

အင်းစိန်အကျဉ်းထောင်ကို (၁၈၈၉)ခုနှစ်က စတင်
တည်ဆောက်ခဲ့ပြီး (၁၈၉၂)ခုနှစ်၊ ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့သည်။

အကျဉ်းထောင် မတည်ဆောက်မီက ယခု အင်းစိ
ထောင်မြေနေရာသည် သရက်ခြံ၊ ကနစိုခြံ၊ ပိန္နဲခြံများ ရှိပြီး
မြန်မာလူမျိုးများ ပိုင်ဆိုင်ခဲ့ကြသည်။ ယင်းခြံများကို ဗြိတိသျှ
အစိုးရက လျော်ကြေးပေး သိမ်းယူပြီး အကျဉ်းထောင် မြေနေရာ
အဖြစ် သတ်မှတ်ခဲ့သည်။ အုတ်ရိုးနှစ်ထပ် တည်ဆောက်ပြီး





နောက် ထောင်တွင်း မြေနေရာကို ညှိပြီး အိမ်ဆောင်များ
ဆောက်လုပ်ရန် ပြင်ဆင်သည်။

ထိုအချိန်တွင် "ရန်ကုန်ထောင်" ကို ဖွင့်လှစ်အသုံးပြုခဲ့
ပြီးဖြစ်သဖြင့် ရန်ကုန်ထောင်မှ (၆)လအောက် ကျခံရသော
အကျဉ်းသား(၄၀၀)ကို အင်းစိန်ထောင် ဆောက်လုပ်ရေးတွင်
ခေါ်ယူခိုင်းစေခဲ့သည်။

ထိုအချိန်က အုတ်ရိုးနှစ်ထပ်အတွင်းတွင် အဆောက်
အဦးများ ဆောက်လုပ်ပြီးစီးခြင်း မရှိသေးသဖြင့် အကျဉ်းသား
များအား အုတ်ရိုးအတွင်း မြေကြီးပေါ်၌ပင် ညအိပ်စေခဲ့ပါသည်။

အိပ်ဆောင်(၆)လုံး တည်ဆောက်ရာတွင် အကျဉ်းသား
များအပြင် ပြင်ပမှ အင်ဂျင်နီယာများ ဗိသုကာဆရာများ ဦးစီး၍
ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ထောင်လုံခြုံရေးနှင့် အကျဉ်းသားများလုံခြုံရေးအတွက်
အင်းစိန်ထောင်ကြီး၏အရှေ့ဘက်ရှိ အဆောက်အဦး တန်းလျား
များကို စစ်ပုလိပ်များ ထားရှိပြီး စောင့်ကြပ်စေခဲ့သည်။

ထိုအချိန်က "Annex Jail" ခေါ် တွဲဖက်ထောင်ကို
တည်ဆောက်ရသေးဘဲ ၎င်းနေရာတွင် အကျဉ်းသား အလုပ်
သမားများအတွက် တောင်ယာစိုက်ခင်းအဖြစ်သာ အသုံးပြုခဲ့
သည်။

ထောင်အုတ်ရိုးနှစ်ထပ်နှင့် အိပ်ဆောင်များ ဆောက်
လုပ်သည်မှာ (၄)နှစ်ခန့် ကြာခဲ့သည်။ အုတ်ရိုးတည်ဆောက်ပြီး
သွားသောအခါ အုတ်နံရံကြီးအား အနီရောင် ဆေးသုတ်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အဝေးကပင် အုတ်နံရံ နီရဲရဲကြီးအား မြင်နိုင်ပါသည်။

အင်းစိန်ထောင်သည် လှိုင်မြစ်ကမ်းနား လမ်းပေါ်တွင် တည်ရှိသည်။ ထောင်ဝင်းတစ်ခုလုံး စုစုပေါင်း မြေဧရိယာ အကျယ်အဝန်းမှာ (၁၆၅. ၆၇၈)ဧက ရှိသည်။

ထိုအကျယ်အဝန်းတွင် တွဲဖက်ဧရိယာ(၁၄. ၇၂၉)ဧက နှင့် ဝန်ထမ်းအိမ်များနှင့် စိုက်ပျိုးမြေဧရိယာ(၄၆. ၂၉၃)ဧက နုတ်လိုက်ပါက ထောင်အုတ်ရိုးအတွင်း မြေဧရိယာမှာ (၁၀၄. ၇၄၆)ဧက ရှိသည်။

အင်းစိန်ထောင် တည်ရှိပုံမှာ လှိုင်မြစ်ကမ်းနားလမ်းကို မျက်နှာပြု၍ တည်ဆောက်ထားပြီး လမ်းဘေးတွင် ထောင်မြေ စည်းရိုးမှာ ကပ်လျက်ရှိပြီး လှိုင်မြစ်လမ်းမ အကျဉ်းထောင် ဝင်ပေါက်ကြီးမှ အတွင်းထောင်ဗူးဝ မျက်နှာစာအထိ (၁၁၆၀)ပေ ကွာဝေးပါသည်။

ဗြိတိသျှအစိုးရသည် အင်းစိန်ထောင် တည်ဆောက်သောအချိန်တွင် မြန်မာတစ်ပြည်လုံး၏အချို့သောမြို့များတွင် ထောင်အချို့ကို တည်ဆောက်ပြီး ဖြစ်သောကြောင့် အင်းစိန်ထောင်ကို ၎င်းတို့၏စိတ်တိုင်းကျပုံစံဖြင့် စနစ်တကျ တည်ဆောက်ခဲ့ကြသည်။

အင်းစိန်ထောင်အား လေယာဉ်ပေါ်မှ ကြည့်လျှင် ရှေးဟောင်းတိုင်ကပ်နာရီပုံစံနှင့် တူသည်။ အုတ်ရိုးနှစ်ထပ်ရှိပြီး အပြင်အုတ်ရိုးမှာ (၁၈)ပေမြင့်သည်။ အတွင်းအုတ်ရိုးမှာ (၇)ပေ မြင့်သည်။ အုတ်ရိုးတစ်ခုနှင့်တစ်ခုကြားတွင် (၁၉၀)ပေ ကွာခြား





သည်။ ထိုကွက်လပ်သည် အတွင်းတောင်ယာ ခေါ် သီးနှံစိုက်ပျိုးမြေဖြစ်သည်။

နာရီဒိုင်ခွက်ပုံစံတွင် ထောင့်(၁၆)ထောင့် ပါရှိသည်။ နာရီဒိုင်ခွက်ပုံစံအတွင်း၌ ရဲဘက် အိပ်ဆောင်များအား စနစ်တကျ အကွက်ချ၍ တည်ဆောက်ထားသည်။ နှစ်ထပ် အဆောက်အဦးများ ဖြစ်ကြသည်။

နာရီလက်တံသဏ္ဍာန် ဗဟိုဆုံရင်းတွင် (၆၃)ပေ မြင့်သော ဗဟိုမျှော်စင် ရှိပြီး ထိုမျှော်စင်ကို ပတ်၍ စားဖိုဆောင် (ဖိုကြီး)ကို တည်ဆောက်ထားသည်။ ဖိုအတွင်း သံထည် လေးထောင့်သေတ္တာပုံစံ ထမင်းပေါင်းအိုးကြီးများ ပြုလုပ်ထားသည်။ ဘွိုင်လာစနစ် ရေနွေးငွေ့ဖြင့် ထမင်းပေါင်း(ချက်)ခြင်းဖြစ်သည်။

မျှော်စင်ကြီးကို ဗဟိုပြု၍ အိပ်ဆောင်များကို နာရီလက်တံသဖွယ် ဆောက်လုပ်ထားသည်။

ရည်ရွယ်ချက်မှာ ထမင်းစားချိန်တွင် အိပ်ဆောင်များမှ အကျဉ်းသားများ တစ်ဆောင်ချင်း ထွက်၍ မိမိရရှိမည့် ထမင်းပုံစံကို အလွယ်တကူ ယူနိုင်စေရန်ဖြစ်သည်။ ထို့အပြင် ဗဟိုမျှော်စင်ပေါ်မှ အိပ်ဆောင်များ၏လုံခြုံရေးကို ကွပ်ကဲစောင့်ကြည့်ရန် ဖြစ်သည်။

ထောင်ဗူးဝ တံခါးကြီးမှ ဗဟိုမျှော်စင်အထိ လမ်းတစ်ဖြောင့်တည်း ဖောက်လုပ်ထားပြီး မျှော်စင်ကို ပတ်၍ ထောင်အနောက်ပေါက် တံခါးကြီးအထိလည်း လမ်းကို တောင်မှ မြောက်သို့ ဖြောင့်တန်းစွာ ဖောက်လုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်း၏ဝဲယာတွင် (၉)ပေမြင့်သော အုတ်တံတိုင်း ကာရံထားပြီး လမ်း၏အရှေ့ခြမ်းတွင် ထောင်ဆေးရုံ၊ အနောက်ခြမ်းတွင် တိုက်များ ဖြစ်ကြသည်။ အလယ်ဝဲယာတွင် အိပ်ဆောင်များ ဖြစ်ကြပြီး မြောက်ဘက်အစွန်ဆုံးတွင် အကျဉ်းသားများ အလုပ်လုပ်ရန် အလုပ်ရုံများဖြစ်သည်။

အင်းစိန်ထောင် တည်ဆောက်သောအချိန်တွင် ဗြိတိသျှတို့သည် ၎င်းတို့ သိမ်းပိုက်ထားသော မြန်မာပြည်အောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ဆိပ်ကမ်းမြို့ကြီးများ ဖြစ်ကြသော စစ်တွေ၊ မော်လမြိုင်၊ မြိတ်၊ ပုသိမ်နှင့် ရန်ကုန်ထောင်များကို တည်ဆောက်ပြီးဖြစ်ရာ ရန်ကုန်မြို့နှင့် (၁၂)မိုင်မျှသာ ဝေးသော အင်းစိန်ထောင်ကြီးကို (Performation)အကျင့်စာရိတ္တပြုပြင်ရေး စခန်းကြီးအဖြစ် အသုံးပြုခဲ့သည်။

အင်းစိန်ထောင်ကြီးကို (၁၈၉၂)ခုနှစ်၊ ဇူလိုင်လတွင် စတင်ဖွင့်လှစ်အသုံးပြုခဲ့ပါသည်။

ထိုစဉ်က အင်းစိန်ထောင်တွင် ထားရှိသော အကျဉ်းသားများမှာ ရာဇဝတ်မှု တစ်ကြိမ်တစ်ခါ ကျူးလွန်သော အကျဉ်းသားများ(Casual Prisoners)၊ ရာဇဝတ်မှုကို တစ်ကြိမ်ထက်ပို၍ ကျူးလွန်သော အကျဉ်းသားများ(Civil Prisoners)တို့ကို ထားရှိခဲ့သည်။

အင်းစိန်ထောင် ဖွင့်စအချိန်တွင် အကျဉ်းဌာနသည် သီးခြားဌာနတစ်ခုအဖြစ် မရှိသေးဘဲ ဆေးရုံမြို့ရွာ သန့်ရှင်းရေးနှင့် ကျောက်ဆေးထိုး ဌာနမင်းကြီး၏လက်အောက်ခံ ဌာနတစ်ခု





အဖြစ်သာ တွဲဖက်လျက်ရှိသည်။

(၁၈၉၉)ခုနှစ်ကျမှသာ သီးခြားဌာနတစ်ခုအဖြစ် တည်ထောင်၍ အကျဉ်းဌာနမင်းကြီးက သီးခြားအုပ်ချုပ်ခဲ့သည်။

အင်းစိန်ထောင် စတင်ဖွင့်လှစ်သောအချိန်တွင် အကျဉ်းဌာနမင်းကြီးအဖြစ် ဆောင်ရွက်ခဲ့သူမှာ Surgen Licut Colonel Davicisnolairmbrn)ဖြစ်သည်။

(၁၉၄၂)ခုနှစ်တွင် ဗြိတိသျှများ မြန်မာနိုင်ငံမှ ဆုတ်ခွာပြီးနောက် (၁၉၄၂)ခုနှစ်မှ (၁၉၄၅)ခုနှစ်အထိ ဖက်ဆစ်ဂျပန်များ အုပ်စိုးသောခေတ်တွင် အင်းစိန်ထောင် အပါအဝင် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များကို လက်နက်တိုက်အဖြစ်သာ အသုံးပြုခဲ့ကြသည်။

(၁၉၄၆)ခုနှစ်တွင် ဗြိတိသျှတို့ ပြန်လည်ဝင်ရောက်လာပြီး အင်းစိန်ထောင်အား ပြန်လည်ဖွင့်လှစ်ခဲ့သည်။

(၁၉၄၈)ခုနှစ် လွတ်လပ်ရေး ရရှိခဲ့ပြီး (၁၉၄၉)ခုနှစ်တွင် ကရင်သောင်းကျန်းသူများက အင်းစိန်ထောင်ကို သိမ်းပိုက်ပြီး အကျဉ်းသားများအား လွှတ်၍ ခံတပ်အဖြစ် အသုံးပြုခဲ့သည်။

(၁၉၅၁)ခုနှစ်တွင် အင်းစိန်ထောင်အား စံပြထောင်အဖြစ် သတ်မှတ်ခဲ့ပြီးနောက် (၁၉၆၂)ခုနှစ်တွင် ရဲဘက်စခန်းများ ဖွင့်လှစ်ခဲ့ပြီး (၁၉၇၄)ခုနှစ်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်အဖြစ် သတ်မှတ်ခေါ်တွင်ခဲ့ပါသည်။

ဆရာဝန်ကြီး ဦးကျော်သာအား အင်းစိန်အကျဉ်းထောင်ကြီး၌ ထားကာ တရားရုံး၌ အမှုရင်ဆိုင်နေရစဉ်ကာလ



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ဦးရွှေမောင်က ရန်ကုန်မြို့၌ နာမည်အကြီးဆုံးရှေ့နေများကို ငှားရမ်းကာ အမှုရင်ဆိုင်လေသည်။

တရားလိုမှာ သေဆုံးသူ မောင်ထွန်းခ၏မိန်းမ မရင်မေဖြစ်ပြီး သက်သေများကတော့ မင်္ဂလာဒုံ ဂိတ်တဲစခန်းမှ ဌာနအုပ် ဦးဘဖေ၊ အင်စပက်တော် ဦးမင်းဟာန်နှင့် ဆားပုလင်း ရဲဒင်တို့ ဖြစ်ကြသည်။

တရားရုံးချုပ်တွင် ဦးကျော်သာအမှု ရုံးတင်စစ်ဆေးသောနေ့တွင် လူအများ လာရောက်နားထောင်ကြလေသည်။

တရားရုံး ထုတ်လာသည့် အခါမှာတော့ ဦးရွှေမောင်က လိုလေသေး မရှိအောင် ဆောင်ရွက်လုပ်ကိုင်ပေးသည်။

တစ်ခါတစ်ရံလည်း မေနှင်းကျော် လိုက်လာပြီး တစ်ခါတစ်ရံလည်း ဦးရွှေမောင်က အခြားသူနှင့် လာသည်။

ထိုအခါ ဦးကျော်သာနှင့် နှစ်ယောက်ချင်း စကားပြောဆိုခွင့် ရလေသည်။

ထောင်ထဲမှာ နေရသည့်ရက် ရှည်လာသည်နှင့်အမျှ ဦးကျော်သာ၏ပုံပန်းသဏ္ဌာန်မှာလည်း အပြောင်းလဲကြီး ပြောင်းလဲသွားလေသည်။

အစားအသောက် အနေအထိုင် ဆင်းရဲသဖြင့် လူကသိသိသာသာကြီး ပိန်ကျသွားကာ အရိုးပေါ် အရေတင်သကဲ့သို့ ရှိလာလေသည်။

အသားကိုလည်း ဖြူရာမှ ညိုလာသည်။

ဦးကျော်သာမှာ အရပ်အမောင်း မြင့်မားသူဖြစ်ရာ





(5)ပေခန့် မြင့်သောအရပ်မှာ ပိန်ကျသွားသဖြင့် မည်းမည်းပိန်ပိန်နှင့် ကလန်ကလားကြီး ဖြစ်သွားလေသည်။

ရှည်ထွက်လာသော ဆံပင်ဖြူဖြူများက မျက်နှာပေါ်အထိ ရောက်လာပြီး မျက်တွင်းပောက်ပက် ပါးရေနားရေများက အတွင်းသို့ ချိုင့်ဝင်နေရာ မူလရုပ်နှင့် လုံးဝမတူတော့ပေ။

"ဆရာကြီးရယ်. . . ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်ပါဦးဗျာ၊ ဆရာကြီးကို အခုလို မြင်ရတာ ကျွန်တော် စိတ်မကောင်းပါဘူး"

"ကျုပ်အတွက် ဘာမှ မစိုးရိမ်နဲ့ ဦးရွှေမောင်၊ ကျုပ်သိတယ်၊ ကျုပ်သိတယ်၊ ဒီအမှုက မလွတ်နိုင်ပါဘူး"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ဆရာကြီးရယ်၊ အခုကျွန်တော်တို့ ငှားထားတဲ့ ဝတ်လုံတော်က ရန်ကုန်မြို့မှာ အတော်ဆုံး ဝတ်လုံတော်ရဆိုတော့ ဆရာကြီး အမှုက လွတ်မြောက်နိုင်ပါတယ်"

ဦးရွှေမောင်ကတော့ အားပေးသည့်အနေနှင့် ထိုစကားမျိုး ပြောလေသည်။

"ဒါပေမယ့် ဝတ်လုံတော်ရ ဘယ်လောက်ပဲကောင်းကောင်း၊ ဘယ်လောက်ပဲတော်တော် တရားသူကြီးကသာ အခရာပါဗျာ၊ ကျုပ်အမှုက လွတ်မယ်မထင်ဘူး၊ အမှုကလည်း မျက်မြင်သက်သေတွေနဲ့ ထင်နေတာရယ်၊ ပုဒ်မ(၃၀၂) ဥပဒေနဲ့ချက်တင်ထားတာဆိုတော့ အနည်းဆုံး ကြိုးမိန့်တော့ ကျလိမ့်မယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်သာမှာ ၎င်းကိုယ်တိုင် ကြိုးစင်တက်ရမည့်ကိ ကို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နှင့်ပင် ပြောပြနေ လေသည်။

"ဒီလိုလည်း မဟုတ်သေးပါဘူး ဆရာကြီးရယ်၊ အမှုက မလွတ်သာရင်တောင်မှ ကြိုးမိန့်မရောက်အောင်တော့ ကြိုးစား မှာပေါ့၊ အများဆုံး တစ်ကျွန်းပေါ့"

"ဟာ. . . ဒီလိုမဟုတ်သေးဘူး ဦးရွှေမောင်ရဲ့၊ အပြစ် ကျခံရတာချင်း တူရင် တစ်ကျွန်းကျတာကို ကျုပ်မကြိုက်ဘူး ကြိုးမိန့်ပေးတာကိုပဲ သဘောကျတယ်၊ ဒါမှ ကျုပ် လက်စားချေ ချင်တဲ့လူတွေကို တမလွန်ကနေ လက်စားပြန်ချေလို့ရမှာ ခင်ဗျားကသာ ကျုပ်မှာထားခဲ့တဲ့အတိုင်း တသွေမတိမ်း ဆောင် ရွက်ပေးဖို့ မမေ့နဲ့နော်"

ဟု မှာကြားလေသည်။

ဦးရွှေမောင်မှာ မိမိ၏ဆရာလည်းဖြစ်၊ လုပ်ဖော်ကိုင် ဖက် မိတ်ဖက်လည်းဖြစ်သော ဆရာဝန်ကြီး ဦးကျော်သာ၏ စကားကို မလွန်ဆန်ဝံ့၍သာ ခေါင်းညိတ်ပြလိုက်ရသော်လည်း ပုံပန်းသဏ္ဌာန် ပြောင်းလဲနေသော ဦးကျော်သာကို ကြည့်ပြီး စိတ်မကောင်း ဖြစ်နေမိသည်။

သို့ထက်. . .

အမှုအခြေအနေအရ ဦးကျော်သာမှာ လူသတ်မှု အတွက် ထင်ရှားနေသောကြောင့် အနည်းဆုံး တစ်သက်တစ် ကျွန်း ကျခံရမည်ဖြစ်ပြီး အများဆုံး ကြိုးမိန့်ကျခံရမည်မှလွဲပြီး





အခြားမရှိတော့ကြောင်း သိရှိသဖြင့် စိတ်ထဲမှာ လေးနေရုံမှအပ အခြားဘာမှ မတတ်နိုင်တော့ပါပေ။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၅)

# သေမင်းကို အံတုမည့်သူ

ဆရာဝန်ကြီး ဦးကျော်သာ၏အမှုမှာ နိုင်ငံကျော် အမှုကြီး ဖြစ်သောကြောင့် ၎င်းကို ရုံးထုတ်စစ်ဆေးသောနေ့များတွင် အမှုစစ်ဆေးခြင်းကို လာရောက်နားထောင်ကြသူများမှာ ကြိတ်ကြိတ်တိုးမျှ ရှိနေတော့သည်။

ထိုသို့ လာရောက်နားထောင်သူများထဲတွင် ဦးကျော်သာအား တွေ့ဖူးမြင်ဖူးသူများအပြင် ဦးကျော်သာ ဆေးကုသပေးသဖြင့် ရောဂါပျောက်ကင်းခဲ့သူများပင် ပါလေသည်။ အမှုမှာ လူသတ်မှုဖြစ်သောကြောင့် သက်သေသက္ကာယများ စုံလင်စွာ



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးရသောကြောင့် ထုံးစံအတိုင်း မကြာခဏ ရက်ချိန်းယူ ကာ အချိန်ကြာမြင့်လေသည်။

အမှုစစ်ဆေးလေတိုင်း သက်သေအဖြစ် ထွက်ဆိုပေးရ သော အစိုးရရှေ့နေဟု ခေါ်သော ဆွဲချများနှင့် ပုလိပ်အရာရှိ များက ဦးကျော်သာ ကြိုးမကျကျအောင် နည်းအမျိုးမျိုးဖြင့် ထွက် ဆိုကြလေသည်။

တရားခွင်၌ ထိုသို့ထွက်ဆိုလေတိုင်း ဦးကျော်သာက ၎င်းတို့အား စူးစူးဝါးဝါး လှမ်းကြည့်နေလေသည်။

၎င်း၏အကြည့်အစိုပ္ပါယ်မှာ. . .

"မင်းတို့ နေနှင့်ကြဦးပေါ့ကွာ. . . တစ်နေ့တော့ ငါ့ အကြောင်း သိရစေမပေါ့"

ဟု ကြိမ်းဝါးနေသကဲ့သို့ ရှိလေသည်။

နောက်ဆုံးတော့ စစ်ဆေးရင်းနှင့် အမှုမှာ ထင်ရှားသည် ယက် ထင်ရှားလာလေတော့သည်။

တရားလိုနှင့် ၎င်းတို့ဘက်မှ သက်သေများ စစ်ဆေးပြီး သောအခါ ဦးကျော်သာအား စစ်ဆေးမေးမြန်းလေတော့သည်။

ထိုအခါ ဦးကျော်သာက. . .

"ကျုပ် မောင်ထွန်းခဆိုတဲ့ သူငယ်ကို တမင်သေစေလို့ တဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာမဟုတ်ပါဘူး၊

ကျုပ်ရဲ့ဆေးပညာအတွက် စမ်းသပ်နေရင်းနဲ့ သူ့မိန်းမ နဲ့ ပုလိပ်တွေ အနှောင့်အယှက်ပေးလို့ မသေသင့်ဘဲနဲ့ သေရတာ ပါ"





ဟု လျှောက်လဲချက် ပေးလေသည်။

"ဆေးပညာ စမ်းသပ်ရင်းနဲ့ပဲ သေသေ၊ ဘာကြောင့်ပဲ သေသေ၊ ခင်ဗျားရဲ့အခန်းထဲမှာ ခင်ဗျားရဲ့လက်ချက်နဲ့ သေရ တာကတော့ အမှန်ပဲ မဟုတ်လား"

အစိုးရရှေ့နေ ဦးမင်းဒင်က မေးသည်။

"ကျုပ်ပြောပြီးပြီ မဟုတ်လား၊ သူသေရတာ သူတို့ နှောင့်ယှက်လို့ သေရတာပါလို့၊ တကယ်လို့ သူတို့ မနှောင့်ယှက် ဘူးဆိုရင် မောင်ထွန်းခကို အသက်ပြန်ရှင်အောင် လုပ်ပေးနိုင်ပါ တယ်"

ထိုစကားကြားသောအခါ တရားသူကြီးများက သဘော ကျစွာ ရယ်လိုက်ကြသည်။

ဆွဲချရှေ့နေနှင့် ပုလိပ်များကတော့ လှောင်ပြောင်သည့် သဘောမျိုးဖြင့် ရယ်မောကြသည်။

"ဒီလောက် လက်ပူးလက်ကြပ် မိနေတာတောင် မုန်လာ ဥ လုပ်ချင်နေသေးတယ်၊ သေပြီးသားလူကို အသက်ပြန်ရှင် အောင် လုပ်ပေးနိုင်တယ်ဆိုရအောင် သူက ဘယ်လိုတန်ခိုးသိဒ္ဓိ မျိုးတွေ ရနေလို့လဲ"

ဟု မကြားတကြား ပြောဆိုကြသည်။

"ဒါကတော့ မင်းတို့လိုလူတွေ နားမလည်နိုင်တဲ့ကိစ္စမျိုး ဆိုတော့ ပြောနေလည်း အပိုပဲ ဖြစ်မှာပဲ၊ တစ်နေ့ကျတော့သာ မင်းတို့ ငါ့အကြောင်းကို သိရစေမပေါ့"

ထိုစကားကြားသောအခါ ပုလိပ်များက ရယ်ကြပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ငင်းတို့၏အတွေ့အကြုံအရ ဦးကျော်သာ၏အမှုမှာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေသောအမှုမျိုး ဖြစ်သောကြောင့် အနည်းဆုံး တစ်ကျွန်းနှင့် အများဆုံး ကြိုးမိန့်ကျခံရမည်မှာ မလွဲဧကန် ခံရတော့မည်ကို သိကြသဖြင့် ဦးကျော်သာ ကြိမ်းမောင်းပြောဆိုနေသည်ကို အမှုမထားကြပေ။ ဦးကျော်သာ အနေနှင့် သေကာနီး သွေးရူးသွေးတန်း ပြောဆိုနေသည်ဟုသာ ထင်နေကြသည်။

"ဦးကျော်သာအနေနဲ့ ဘာများ လျှောက်လဲချက်ပေးရန် ရှိပါသေးသလဲ"

တရားသူကြီးက မေးသည်။

"ကျုပ်အနေနဲ့တော့ တခြားဘာမှ လျှောက်လဲချက် ပေးဖို့ မရှိတော့ပါဘူး၊

တစ်ခုပဲ ပြောစရာရှိပါတယ်၊

သေဆုံးသွားတဲ့ မောင်ထွန်းခကို ကျုပ်သတ်တာမဟုတ်ပါဘူး"

"သို့သော်လည်း အမှုသွားအမှုလာအရရော၊ သက်သေတွေရဲ့ထွက်ဆိုချက်ရော၊ မျက်မြင်သက်သေတွေရဲ့ထွက်ဆိုချက်အရရော သေသူ မောင်ထွန်းခကို ခင်ဗျားသတ်တယ်လို့ ထင်ရှားနေတယ်၊

ဒါကြောင့် ပုဒ်မ(၃၀၂) ဥပဒေအရ အပြစ်ရှိကြောင်း ထင်ရှားသဖြင့် နောက်တစ်ပတ်မှာ စီရင်ချက် ချမှတ်ရတော့မှာ





ဖြစ်တယ်"

ဟု ပြောဆိုကာ အမိန့်ချမှတ်မည့် ရက်ချိန်းကို ပြောဆိုလိုက်လေသည်။

တကယ်ဆိုလျှင် ဥပဒေကြောင်းအရ လူသတ်မှု ထင်ရှားနေပြီ ဖြစ်သဖြင့် သေဒဏ်မှလွဲ၍ အခြားမရှိတော့မှန်း သိနေသဖြင့် ကာယကံရှင်အဖို့ သွေးရူးသွေးတန်း ဖြစ်နေရသော အချိန်မျိုးမှာပင် ဆရာဝန်ကြီး ဦးကျော်သာမှာ ပကတိ တည်ငြိမ်စွာပင် ရှိနေလေသည်။

နံဘေးမှာ ရှိနေသော ဦးရွှေမောင်မှာပင် ငင်းကိုယ်စား မျက်စိမျက်နှာ ပျက်နေလေသည်။

သို့စေကာမူ ရုံးမှ တရားသူကြီး အပါအဝင် ဂျူရီလူကြီးများ၊ ပုလိပ်များ၊ အစိုးရရှေ့နေ စသည်တို့က ဆရာဝန်ကြီး ဦးကျော်သာ ပြောတာကို လက်မခံဘဲ ငင်း၏အတတ်ပညာများကို အသိအမှတ် မပြုဘဲ တဝါးဝါး တဟားဟားနှင့် လှောင်ပြောင်ရယ်မောနေသည်ကို မြင်ရသောအခါ စိတ်ထဲမှ ခံပြင်းသလို ဖြစ်မိလေသည်။

သို့ကြောင့် ရုံးတွင်းမှာ ရှိနေစဉ်မှာပင် ငင်းတို့ကို ကြည့်ကာ ဒေါသထွက်နေမိသည်။

တရားရုံးမှ အချုပ်ခန်းသို့ ပြန်ရောက်သောအခါမှာလည်း ဦးကျော်သာမှာ တည်တည်ငြိမ်ငြိမ်နှင့်ပင် ရှိနေလေသည်။

ညဘက် အိပ်ချိန်ရောက်၍သာ အချုပ်ထုံးစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လဲလျောင်းနေရသော်လည်း တစ်ညလုံး မအိပ်ပဲ သက်ပြင်း တချချနှင့် ရှိနေလေသည်။

အချုပ်ခန်းထဲ၌ ၎င်းနှင့်အတူ နေထိုင်ရသော လူတစ်ဦး ရှိသည်။

၎င်း၏အမည်မှာ ဦးဗန်ကောင်း ဖြစ်သည်။

ဦးဗန်ကောင်းမှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး ကတုံးပြောင်အောင် တုံးထားသည်။

ခန္ဓာကိုယ်မှာလည်း ကြံ့ခိုင်သန်စွမ်းပြီး မဟုတ်လျှင် မခံတတ်သောစိတ်ရှိသူဖြစ်၏။

ဦးကျော်သာ အချုပ်ခန်းထဲ ရောက်လာစဉ်က ၎င်းထက် လအနည်းငယ် စော၍ ရောက်နှင့်နေသော ဦးဗန်ကောင်းက အစစအရာရာ အကူအညီပေးသဖြင့် ခင်မင်ရင်းနှီးနေလေသည်။

ဦးဗန်ကောင်းမှာ မဟုတ်မခံစိတ် ထားရှိသူပီပီ ၎င်းဖိုထိုးနေစဉ် ဝင်ရောက်အနှောင့်အယှက်ပေးသော ပုလိပ်တစ်ယောက် သွားကျွတ်အောင် ရိုက်နှက်မှုဖြင့် အချုပ်ခန်းထဲ ရောက်နေရသူ ဖြစ်သည်။

ဦးဗန်ကောင်းမှာ ဆရာဝန်ကြီး ဦးကျော်သာအပေါ် လေးစားမှု ရှိသဖြင့် လိုအပ်သောအကူအညီ ပေးရင်းဖြင့် ခင်မင်သွားကြခြင်းဖြစ်၏။

ဦးကျော်သာ တရားရုံးမှ အစစ်ခံပြီး ပြန်ရောက်လာတိုင်း ဦးဗန်ကောင်းက အခြေအနေ မေးမြန်းလေ့ရှိသည်။





"ဆရာကြီး အခြေအနေ ဘယ်လိုရှိသလဲ"

"မထူးလှပါဘူး ဦးဗန်ကောင်းရယ်၊ ပုလိပ်တွေ၊ တရားသူကြီးနဲ့ အစိုးရရှေ့နေတွေကတော့ ကျုပ်ကို ကြိုးစင် မရောက်ရောက်အောင် အတင်းပို့နေကြတာပေါ့ဗျာ"

ဟု အေးအေးဆေးဆေး ပြန်ပြောလေ့ရှိသည်။

"လောကကြီးက ဒီလိုပါပဲ ဆရာကြီးရယ်၊ အမှန်တရားဆိုတာ ပန်ကန်ပြားပေါ်မှာ ရှာရမလိုပါပဲ၊ ဒါထက် ဆရာကြီးရဲ့ အမှုအကြောင်းကို ကျွန်တော် သိတန်သလောက် သိထားပါတယ်၊ ဆရာကြီးအနေနဲ့ သေသွားတဲ့သူကို တကယ်မသတ်ဘူးဆိုတာ အမှန်ပဲလား"

"ကျုပ် တခြားလူကိုတော့ ဒီအကြောင်းတွေ ပြန်မပြောချင်ပါဘူးဗျာ၊ ပြောရင်လည်း ယုံမှာမှ မဟုတ်တာ၊ ခင်ဗျားကိုတော့ ခင်မင်တာနဲ့ ပြောပြပါ့မယ်၊ သေသွားတဲ့သူကို ကျုပ်သတ်တာ လုံးဝမဟုတ်ဘူးဗျ၊ တကယ်တော့ ကျုပ်က သူ့ကို ကျုပ်ရဲ့ဆေးပညာ စမ်းသပ်ကြည့်နေတုန်း သူ့မိန်းမနဲ့ ပုလိပ်တွေ ဝင်လာပြီး နှောင့်ယှက်လို့ သေရတာဗျ"

"ကျွန်တော်က ရှေးဟောင်းဆေးပညာတွေနဲ့ ခေတ်သစ် ဆေးပညာတွေအပါအဝင် ထူးဆန်းအံ့ဩဖို့ကောင်းတဲ့ပညာရပ်တွေကို စိတ်ဝင်စားပါတယ်၊ ဒါထက် ဆရာကြီး သူ့ကို စမ်းသပ်နေတာ ဘယ်လိုပညာရပ်မျိုးပါလဲ"

"ကျုပ်က နိုင်ငံခြားက နိုင်ငံခြားက ပါရဂူဘွဲ့ယူလာခဲ့တဲ့ပညာရပ်က 'အသက်ဝိညာဉ်' ကို လိုသလို ထိန်းချုပ်နိုင်တဲ့ပညာ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်မျိုးပဲဗျ”

“ဟင်. . . စိတ်ဝင်စားစရာပါလား၊ အသက်ဝိညာဉ်ကို လိုသလို ထိန်းချုပ်နိုင်တယ်ဆိုတော့ ရှင်နေတဲ့လူကို သေအောင် သေသွားတဲ့လူတစ်ယောက်ကို အသက်ပြန်ရှင်လာအောင် ထိန်းချုပ်နိုင်တဲ့ နည်းပညာလား ဆရာကြီး”

ထိုစကားကြားသောအခါ တစ်ချိန်လုံး မှုန်မှိုင်းနေသော ဆရာကြီး ဦးကျော်သာ၏မျက်နှာပေါ်မှာ တက်ကြွမှုများ ယှက်သန်းလာလေသည်။

“အမှန်ပဲဗျ. . . ဒီလိုပညာမျိုး ရှိတယ်ဆိုတာ လူတွေ လက်မခံကြဘူး၊ လူအတော်များများက မြတ်စွာဘုရား ဟော ကြားတဲ့ အနိစ္စ မမြဲခြင်းတရားအတိုင်း သဘာဝတရားကို လွန် ဆန်လို့ မရဘူးလို့ ထင်နေကြတယ်”

“မှန်ပါတယ်”

“ကျုပ်လည်း ဗုဒ္ဓဘာသာ ကိုးကွယ်တဲ့သူတစ်ယောက် ပါ။ မြတ်စွာဘုရားက ဟောကြားတဲ့ အနိစ္စတရားကို လက်ခံ ယုံကြည်တဲ့သူပါ၊ ဒါပေမယ့် မါတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတဲ့ ရုပ်ကို ပြုပြင်လို့ ရနိုင်သလို အသက်ဇီဝိတိန္ဒြေကိုလည်း ပြုပြင် ပြောင်းလဲလို့ ရနိုင်တယ်ဗျ၊

တခြားမကြည့်နဲ့ အိန္ဒိယ ယောဂီကြီးတွေနဲ့ တိဘက် လားမားကြီးတွေဟာ အသက်ရာထောင်ချီအောင် ပြုပြင်နိုင်ကြ တာ လက်တွေ့ပဲ”

“မြတ်စွာဘုရားလည်း ဒီအကျင့်တွေကို ကျင့်ကြံခဲ့





တယ်၊ နောက်မှ အနတ္တတရားကို ဆန့်ကျင်တဲ့တရားမှန်း သိလို့ ယ်ပြီး မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ကျင့်ကြံအားထုတ်ခဲ့တာပဲ၊ ကယ်တော့ ဆရာကြီးပြောတဲ့ အသိဇီဝိတိန္ဒြေကို ပြုပြင် ပြောင်းလဲနိုင်တယ်ဆိုတာတော့ လက်ခံပါတယ်”

“အေးဗျာ. . . ခင်ဗျားဆီက ဒီစကားကြားရတာ အားရှိ သိုက်တာ၊ ကျုပ်အဖြစ်ကလည်း သေခါနီးအချိန် ရောက်မှပဲ ကျုပ်ရဲ့ပညာကို ထောက်ခံတဲ့သူနဲ့ တွေ့ရသလို ဖြစ်နေပြီ၊ အမှန် ဲ ဦးဗန်ကောင်းရဲ့၊

တိဘက် လာမားကြီးတွေ အိန္ဒိယ ယောဂီကြီးတွေက ကျင့်ကြံအားထုတ်မှုနဲ့ အသက်ဝိညာဉ်ကို ထိန်းချုပ်နိုင်ကြတယ်၊ ကျုပ်ကတော့ ကျုပ်လေ့လာဆည်းပူးထားတဲ့ ဆေးပညာနဲ့ အသက်ဝိညာဉ်ကို ထိန်းချုပ်နိုင်တယ်ဗျ”

“ဆရာကြီးအနေနဲ့ စမ်းသပ်မှုတွေရော အောင်မြင်ပြီးပြီ လား”

“ဆိုပါတော့ဗျာ. . . ရှေ့ပိုင်းမှာတော့ အခက်အခဲတွေ တန်သရွေ့ ရှိခဲ့တာပေါ့၊ အခု နောက်ဆုံးအခြေအနေမှာတော့ အောင်မြင်ပြီ ဆိုရတော့မှာပဲ၊ ဒီအချိန်ရောက်မှပဲ အနှောင့် အယှက် ပေါ်လာပြီး ကျုပ်ရဲ့အကြံအစည် ပျက်စီးရတော့တာပဲ”

ဟု မခိုတင်ကဲ လေသံဖြင့် ပြောလေသည်။

ထိုအခါ ဦးဗန်ကောင်းက လေသံတိုးတိုးဖြင့် ကပ်မေး သည်။

“ဒါဖြင့် သူတို့ ရောက်လာတဲ့အချိန်မှာ ဆရာကြီးက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အသက်ထုတ်ထားတဲ့အချိန်လား”

“အမှန်ပေါ့ဗျာ . . . ပထမအဆင့်အနေနဲ့ လူတစ်ယောက်ရဲ့ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ အသက်ဝိညာဉ်ကို ထိန်းချုပ်ထားနိုင်တဲ့အဆင့် အောင်မြင်နေပြီ၊

ဒုတိယအဆင့်အနေနဲ့ မူလအတိုင်း အသက်ပြန်ရှင်အောင် လုပ်ဖို့အဆင့်ပဲ ကျန်တော့တယ်၊

ဒီအဆင့်လည်း မုချအောင်မြင်မှာပါ၊ ကျုပ် သေသေချာချာ စမ်းသပ်ထားပြီးသားပဲ၊

ဒါပေမယ့် ကျုပ် လုပ်ခွင့်မရလိုက်ဘူးဗျာ၊ သူတို့ နှောင့်ယှက်လို့ ကျုပ် အနှစ်နှစ်အလလက ကြိုးစားခဲ့ရတဲ့အရာအားလုံး ပျက်စီးခဲ့ရတယ်”

ဟု ဝမ်းနည်းကြေကွဲသော အသံကြီးဖြင့် ပြောလိုက်လေသည်။ ဦးဗန်ကောင်းအနေဖြင့်လည်း ထိုစကားကြားသောအခါ များစွာစိတ်မကောင်း ဖြစ်မိလေသည်။

အဘယ်ကြောင့်ဆိုသော် . . .

ဦးကျော်သာ၏စမ်းသပ်မှုများ အောင်မြင်သွားပါက ဆေးပညာအတွက်ရော အများအတွက်ပါ များစွာအကျိုးရှိနိုင်ပေမည်။

ယခုတော့ ရှားပါးလှသော ဆေးပညာရှင်ကြီးတစ်ယောက်ကို ယခုကဲ့သို့ အချုပ်ခန်းထဲမှာ တွေ့နေရသောအခါ စိတ်မကောင်း ဖြစ်မိလေသည်။

“ဆရာကြီးအတွက် ကျွန်တော်လည်း စိတ်မကောင်းပါ





ဘူး”

“ဘယ်တတ်နိုင်ပါ့မလဲ ဦးဗန်ကောင်းရယ်၊ ကံတရားအတိုင်းပဲပေါ့၊ ကုန်းဘောင်ခေတ်က ရေမြုပ်ဗုံး တီထွင်နိုင်တဲ့ ကနောင်မင်းသားကြီးကိုတောင် တိုင်းပြည်က အထင်လွဲ ရှုံ့ချခဲ့သေးတာပဲ၊ ကနောင်မင်းသားကြီးဟာ (၁၂၄၀)ပြည့်နှစ်မှာ အောင်ပင်လယ်ကန်ထဲမှာ သူ တီထွင်တဲ့ ရေမြုပ်ဗုံးကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပေမယ့် ဘုရင်နဲ့ တိုင်းပြည်က ဝိုင်းဝန်းတန့်ကွက်ခဲ့ကြလို့ ဆက်မလုပ်ရတော့တာ မဟုတ်လား၊

ဒါကြောင့် စစ်လည်းဖြစ်ရော ခေတ်မီလက်နက်ကအားမှမရှိလေတော့ တိုင်းတပါးသားတွေက ဘုရင်ကို ကြက်ကလေး ငှက်ကလေး ဖမ်းသလို အလွယ်တကူ ဖမ်းပြီး တိုင်းပြည်ကို သိမ်းပိုက်နိုင်ခဲ့တာပေါ့”

“မှန်ပါတယ် ဆရာကြီး၊ အသိပညာ မကြွယ်ဝသူတွေများတဲ့နေရာမှာ အသိပညာ ကြွယ်ဝသူတစ်ယောက် ရောက်သွားရင် ဒုက္ခရောက်တတ်ပါတယ်၊ အများက မိုးခါးရေ သောက်နေတဲ့အချိန်မှာ မိုးခါးရေ မသောက်ဖို့ တားမြစ်တဲ့ ပညာရှိကို အရူးလို့ ဝိုင်းပြောကြသလိုမျိုးပါပဲ၊ အင်္ဂလိပ်တွေက နှစ်ပေါင်းတစ်ရာကျော် အုပ်ချုပ်ပြီး သူတို့လက်အောက်မှာ အောက်ကျနောက်ကျဘဝမျိုးနဲ့ နေခဲ့ရတာ ကြာတော့ ဆရာကြီး ဘယ်လိုပဲ ပြောပြော သူတို့ ယုံကြည်ကြမှာ မဟုတ်ပါဘူး”

ထိုစကား ကြားသောအခါ ဆရာကြီး ဦးကျော်သာက သဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုံးသည် ဦးကျော်သာ အချုပ်ထဲ ရောက်လာပြီးသည့်နောက်ပိုင်း ပထမဦးဆုံး တွေ့မြင်ရသောအပြုံးဖြစ်သည်။

“မှန်တာပေါ့ ဦးဗန်ကောင်းရယ်၊ သူတို့အားလုံးက ကျုပ်ကို အရူးလို့ ထင်နေကြတာဗျ၊ ဒါထက် ဦးဗန်ကောင်းအနေကရော အသက်ဝိညာဉ်ကို လိုသလို အတိုးအလျှော့ ပြုလုပ်နိုင်တယ်ဆိုတာရော ဘယ်လိုသဘောရသလဲဗျ”

“ဒီအယူအဆကို ကျွန်တော်ကတော့ လက်ခံပါတယ် ဆရာကြီး၊ ဘာကြောင့်လဲဆိုတော့ အိန္ဒိယယောဂီကြီးတွေနဲ့ တိဘက်လာမားတွေဟာ အသက်ကို ရာထောင်ရှည်အောင် ထိန်းထားနိုင်ကြတာ လက်တွေ့ပါပဲ၊ မြတ်စွာဘုရားဟာ သက်တော် ရာထောင်ရှည်အောင် နေမယ်ဆိုရင် နေနိုင်ပါရက်နဲ့ မာရ်နတ်ကို ပရိနိဗ္ဗာန်ပြုပါမယ်လို့ ကတိပေးထားပြီးဖြစ်လို့ ပရိနိဗ္ဗာန်ပြုတာပါလို့လဲ တရားတော်တွေထဲမှာ တွေ့ရပါတယ်၊ ဒါကြောင့် တန်ခိုးတော်နဲ့ပဲဖြစ်ဖြစ် ကျင့်စဉ်စွမ်းအားနဲ့ပဲဖြစ်ဖြစ် အသက်ဝိညာဉ်ကို ရှည်နိုင်သမျှ ရှည်အောင် နေလို့ ရနိုင်ပါတယ် ဆရာကြီး”

“မှန်တာပေါ့ ဦးဗန်ကောင်းရယ်၊ အခု ကျုပ်စမ်းသပ်နေတဲ့ ဆေးပညာရပ်ကလည်း အသက်ဝိညာဉ်ကို ပြန်လည်ရှင်သန်အောင် ပြုလုပ်နိုင်နေပြီဗျ၊ အဲဒါကို သူတို့က လုံးဝလက်မခံတော့ အားလုံးခက်ကုန်တာပေါ့၊ ဒါပေမယ့် တစ်နေ့ကျရင် ကျုပ်ရဲ့ ပညာ ဘယ်လောက်မှန်ကန်တယ်၊ အစွမ်းထက်တယ်ဆိုတာကို ခင်းတို့တတွေ ကောင်းကောင်းသိစေရမယ်”





ဟု ကြိမ်းဝါးနေလေရာ ဦးဗန်ကောင်းမှာ တအံ့တသြနှင့် ကြည့်နေလေသည်။

ပါရဂူ ဆရာဝန်ကြီး ဦးကျော်သာ၏မျက်လုံးများမှာ စိတ်တက်ကြွမှုများကြောင့် အရောင်တဖျပ်ဖျပ် တောက်ပလျက်ရှိနေလေသည်။

ထို့ပြင် ၎င်း၏မျက်နှာအမူအယာမှာလည်း ကြောက်ခမ်းဖွယ်ကောင်းလောက်အောင် ခက်ထန်မာကျောလျက် ရှိနေသည်ကို သတိပြုမိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၆)

# ကြိုးစင်ပေါ်မှ အာဃာတ

ဆရာဝန်ကြီး ဦးကျော်သာအမှုကို စီရင်ချက် ချမည့်နေ့တွင် တရားရုံး၌ လာရောက်နားထောင်သူများဖြင့် ပြည့်နေလေတော့သည်။

ဦးရွှေမောင်၊ မောင်သူရ၊ မနှင်းကျော်တို့လည်း ရောက်နေကြသည်။

မနှင်းကျော်ကတော့ ဖခင်ကြီးအတွက် မျက်ရည်မဆည်နိုင်အောင် ရှိနေတော့သည်။

အမှုစီရင်ချက် ချကာနီးသောအခါ တရားသူကြီးက ဦးကျော်သာအမှုနှင့် သက်ဆိုင်သော မှတ်တမ်းမှတ်ရာများ ပုလိပ်



www.burmeseclassic.com

www.burmeseclassic.com



များ တင်သွင်းသည့် အစီရင်ခံစာများ၊ တရားလိုနှင့် သက်သေတို့ ထွက်ဆိုသော မှတ်တမ်းများကို တစ်ခုချင်း ဖတ်ပြလေသည်။

ထို့နောက် အားလုံးပြီးသောအခါ ဦးကျော်သာအား 'ဘာများ ပြောလိုသေးလဲ' ဟု မေးရာ ဦးကျော်သာက 'ဘာမှ မပြောလိုတော့ကြောင်း ခပ်ပြတ်ပြတ်ပင် ပြန်ပြောလေသည်။

သို့ကြောင့် တရားသူကြီးက ဦးကျော်သာအား နောက်ဆုံး စီရင်ချက် အမိန့်ချမှတ်လေသည်။

အခြားမဟုတ်ပေ။

အားလုံးမျှော်လင့်ထားသည့်အတိုင်း သေစားသေစေရန် ကြိုးဒဏ်ပေးလိုက်ခြင်းပင် ဖြစ်တော့သည်။

ထိုအမိန့်ကို ကြားသည်နှင့် မေနှင်းကျော်ခမျာ. . .

"အမယ်လေး. . . ဖြစ်မှဖြစ်လေ ဖေဖေရဲ့"

ဟု တစ်ချက်သာ ညည်းညူပြီး သတိမေ့လဲသွားသောကြောင့် မောင်သူရက ပွေ့ခေါ်ယူသွားရလေသည်။

ထိုစီရင်ချက် ထွက်ပေါ်လာသောအခါ ကာယကံရှင်များ မဆိုထားနှင့်၊ လာရောက်နားထောင်သူများပင် စိတ်မကောင်း ဖြစ်ကြရလေသည်။

"ဘာမဟုတ်တဲ့ ကိစ္စတစ်ခုကြောင့် နိုင်ငံခြားက ပါရဂူဘွဲ့ရခဲ့တဲ့ ဆရာဝန်ကြီးတစ်ယောက် အသက်သေဆုံးရတာ နှမြောဖို့ကောင်းလိုက်တာ"

"လူသတ်မှု ကျူးလွန်ပါတယ်ဆိုမှ ဘာမဟုတ်တဲ့အမှုလို့ ပြောလို့ဖြစ်ပါ့မလားဗျ"





"ကျုပ်တော့ တယ်ပြီး မထင်ဘူးဗျာ၊ တစ်ခုခုတော့ လွဲနေတယ်လို့ ထင်တာပဲ"

"ခင်ဗျားကလည်းဗျာ. . . ကျားကိုက်ခံရပါတယ်ဆိုမှ အပေါက်ရှိသလားလို့ မေးသလို ဖြစ်နေပြီ၊ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားတဲ့အမှုကို ဘာများ မှားစရာ ရှိပါ့မလဲ"

"ဒီလိုဆရာဝန်ကြီးတစ်ယောက်က ကိုယ့်ကိုယ်ကို ကြိုးစင်တက်ရမယ့်အမှုမျိုးကိုတော့ အကြောင်းမဲ့ ကျူးလွန်လိမ့်မယ် မထင်ဘူးဗျာ"

"ပညာတတ်တွေလည်း မှားတတ်ကြတာပဲဗျ၊ သူလည်း မှားချင်မှားမှာပေါ့၊ အခုမှတော့ ဘာမှ ဆင်ခြေပေးလို့ မရတော့ဘူး၊ ကာယကံရှင်က ငြင်းချက်မထုတ်ဘဲ ဝန်ခံလိုက်တော့ စီရင်ချက်တောင် ချလိုက်ပြီးမှပဲဗျာ"

"ဒါပေမယ့် ဒီအမိန့်ကို အယူခံ တက်ပြီး ပျက်အောင် ချေဖျက်လို့ ရနိုင်သေးတာပဲ မဟုတ်လား"

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

လာရောက်နားထောင်နေသူများကသာ မျက်နှာပျက်သူပျက်၊ စိတ်မကောင်း ဖြစ်နေသူ ဖြစ်ကြသော်လည်း ကာယကံရှင်ဖြစ်သော ဦးကျော်သာကတော့ တစ်စက်ကလေးမှ မျက်နှာမပျက်ဘဲ တည်တည်ငြိမ်ငြိမ်နှင့်ပင် ရှိနေလေသည်။

သူ့အမူအယာကို ကြည့်ပြီး ကျန်လူများက အံ့သြနေကြသည်။ ဂျူရီလူကြီးနှင့် ပုလိပ်များကလည်း အံ့အားသင့်နေကြသည်။ သူတို့ တွေ့ဖူးသော တရားခံများမှာ ကြိုးမိန့်မဆိုထားနှင့်၊



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြီးအကျဉ်းသား ပြစ်ဒဏ်နှင့် တစ်ကျွန်းကျခံစေရန် အမိန့်ကို ကြားရုံမျှနှင့် သွေးရူးသွေးတန်း ဖြစ်သွားကြသည်။

ကြိုးမိန့်ကျခံသူများဆိုလျှင်တော့ ပြောဖွယ်ရာ မရှိတော့ပေ။ အမိန့်ချလိုက်သည်နှင့် မေ့မျောသွားသူများ၊ သတိလစ်သွားသူများ ရှိသလို စိတ်ဖောက်ပြန်ကာ ရူးသွပ်သွားသူများပင် ရှိပေသည်။

အချို့ကတော့ လုပ်ရဲလျှင် ခံရဲရမည်ဟူသော သဘောထားကာ တည်တည်ငြိမ်ငြိမ်နှင့်ပင် ရင်ဆိုင်သွားသူများလည်း ရှိကြပေသည်။

ဦးရွှေမောင်ကတော့ မျက်စိမျက်နှာပျက်စွာဖြင့် ပြောသည်။

"ဆရာကြီး စိတ်မလျှော့ပါနဲ့ဦး၊ အခု အမိန့်ချမှတ်တာကို ချေဖျက်ဖို့ အထက်ခုံရုံးကို အယူခံ တင်ပါတယ်"

"ဦးရွှေမောင် ခင်ဗျား မှားနေပြီဗျ၊ တကယ်လို့ အယူခံဝင်လို့ အပြစ်ကို လျှော့ပေါ့တယ်ဆိုရင်တော့ အနည်းဆုံး တစ်သက်တစ်ကျွန်းတော့ သွားမှာပဲ၊ ဒါမှမဟုတ် နှစ်ကြီး အကျဉ်းသမားဘဝတော့ ခံရမှာပဲ၊

ဘယ်လိုပဲတွေးတွေး ကျုပ်အသက်အရွယ်နဲ့ဆိုရင် ထောင်ထဲမှာပဲ အသက်ဆုံးရမှာ သေချာပါတယ်၊

ဒီတော့ အဲဒီကိစ္စတွေကို အလုပ်ရှုပ်ခံပြီး လုပ်မနေပါနဲ့တော့ဗျာ"

ဟု တည်ငြိမ်သောအသံဖြင့် ပြောလေသည်။





ဦးရွှေမောင်ကတော့ ဆရာဖြစ်သူကို မော့ကြည့်နေသည်။

"ခင်ဗျား တကယ်လုပ်ရမှာက ကြိုးပေးပြီးတာနဲ့ ကျုပ်အလောင်းကို မောရမြိုင်ကို ယူသွားပါ၊ ပြီးရင် ကျုပ်ပြောတဲ့အတိုင်းသာ စီမံပေးပါဗျာ. . . စိတ်ချပါရစေ"

"စိတ်ချပါ. . . ဆရာကြီး မှာတဲ့အတိုင်း ကျွန်တော်တို့ စီမံဆောင်ရွက်ပေးပါ့မယ်"

"ဒီလိုမှပေါ့ဗျ. . . ခင်ဗျားက အယူခံ တက်နေရင် ကျုပ်တို့ ရည်ရွယ်ချက်တွေ အကောင်အထည်ဖော်ဖို့ နှောင့်နှေးနေမှာပေါ့၊ ကျုပ်တော့ အခုချက်ချင်းတောင် ကြိုးစင်ပေါ် ပြေးတက်လိုက်ချင်ပြီဗျို့၊ ဟား. . . ဟား. . ဟား. . ဟား"

ဦးကျော်သာက တဟားဟားနှင့် ရယ်မောလိုက်ရာ ရုံးခန်းအတွင်းမှာ ရှိနေကြသော လူများက တအံ့တသြနှင့် ကြည့်နေကြလေသည်။ အချို့ကတော့ ကြိုးမိန့်ကြောင့် ဆရာဝန်ကြီး ဦးကျော်သာတစ်ယောက် စိတ်ဖောက်ပြန်သွားပြီဟု ထင်လိုက်ကြသည်။

"ကိုင်း. . . ကျုပ်အတွက် ဘာမှစိုးရိမ်သောက ရောက်မနေနဲ့၊ တစ်ခုကြံစည်လို့ အဆင်မပြေတော့လည်း နောက်တစ်မျိုးနဲ့ ဆက်ပြီး ကြံစည်ရမှာပေါ့ဗျာ၊

အခု အခြေအနေ ဖြစ်လာတာ သိပ်ကောင်းတယ်၊ ခင်ဗျားတို့တတွေရဲ့အစွမ်း ထုတ်ပြခွင့် ရမှာပေါ့၊

ကျုပ်ရဲ့အသက်နဲ့ ခန္ဓာကိုယ်ကို ခင်ဗျားတို့ လက်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလက်ချ အပ်ထားခဲ့မယ်၊ ကျုပ်မှာတဲ့အတိုင်းသာ မပျက်မကွက် ဆောင်ရွက်ကြပေတော့"

ဟု မှာကြားလေသည်။

"စိတ်ချပါ ဆရာကြီး၊ ဆရာကြီး မှာခဲ့တဲ့အတိုင်း ကျွန်တော် အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါ့မယ်"

ထိုသို့ မှာကြားပြီးသောအခါ အစောင့်ပုလိပ်များက ဦးကျော်သာအား ခေါ်ဆောင်သွားလေတော့သည်။

ထိုသို့ ခေါ်ဆောင်သွားရာမှာလည်း အခြားကြိုးဒဏ်ကျသော တရားခံများမှာ ထိုကဲ့သို့ ခေါ်ဆောင်သွားသည်နှင့်ပင် ကြောက်လန့်တကြား အော်ဟစ်နေသည်လည်းကောင်း၊

သွေးရူးသွေးတန်း အော်ဟစ်ပြောဆိုနေသည်လည်းကောင်း၊ သနားစဖွယ် တောင်းပန်ပြောဆိုနေသည်ကိုလည်းကောင်း အများအားဖြင့် တွေ့မြင်ဖူးကြလေသည်။

ယခု ဆရာဝန်ကြီး ဦးကျော်သာမှာမူ သေမိန့်ကျပြီး မကြာခင် ကြိုးစင်သို့ တက်ရတော့မည် သိရသော်လည်း တစ်စက်ကလေးမှ မျက်နှာပျက်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ အမူအယာ ပြောင်းလဲခြင်းများ မရှိပဲ ပကတိ တည်ငြိမ်စွာနှင့်ပင် ပုလိပ်များ ခေါ်ဆောင်ရာနောက်သို့ လိုက်သွားသည်ကို တွေ့မြင်ရသောအခါ များစွာအံ့သြနေလေသည်။

၎င်းအား အမိန့်ချသော တရားသူကြီးများနှင့် ဖမ်းဆီးသော ပုလိပ်များမှာပင် ထိတ်လန့်ကြောက်ရွံ့နေကြဟန် ရှိလေသည်။





ဦးကျော်သာနှင့် အနီးကပ် စကားမပြောရသော်လည်း ဦးကျော်သာ၏အကြည့်မှာ အဓိပ္ပါယ်အမျိုးမျိုး ဖော်ဆောင်လျက် ရှိနေလေသည်။

"ခင်ဗျားတို့အလှည့်မှာတော့ လုပ်ထားကြဦးပေါ့၊ ကျုပ်အလှည့် ရောက်လာတဲ့အခါ ဘယ်လိုကလဲ့စားချေမယ်ဆိုတာ စောင့်ကြည့်ကြဦးပေါ့၊

ကျုပ် ဝိညာဉ်ဘဝကနေ ခင်ဗျားတို့ ရှိရာကို ရောက်လာပြီး ကလဲ့စားချေပြမယ်"

ဟု ပါးစပ်က မပြောသော်လည်း ၎င်း၏မျက်လုံးများက ထိုအဓိပ္ပါယ်ကို ပြောနေကြသယောင် ရှိလေသည်။

ကြိုးဒဏ်ကျပြီးနောက် တရားရုံးမှ အယူခံ ဝင်မဝင် မေးမြန်းရာ ဦးကျော်သာက အယူခံ မဝင်လိုတော့ကြောင်း ပြောသဖြင့် ထုံးစံအတိုင်း ကြိုးကျအကျဉ်းသားများ ထားသည့် ကြိုးတိုက်တွင် သီးသန့်ထားရာ မည်သူနှင့်မှ တွေ့ခွင့်မရတော့ပေ။

ဦးကျော်သာ ကြိုးပေးမည့် နံနက်ပိုင်းအချိန် ရောက်သောအခါ ထောင်အပြင်ဘက်မှ ကျီးအုပ်များ လန့်ပျံသည့်အသံများကို ချောက်ချားဖွယ်ရာ ပေါ်ထွက်လာလေသည်။

ဦးကျော်သာအား ကြိုးတိုက်မှ ကြိုးစင်ရှိရာသို့ ခေါ်ဆောင်သွားသောအချိန်မှာလည်း တစ်ချက်ကလေးမှ မျက်နှာပျက်ဘဲ ဣန္ဒြေရစွာဖြင့် လိုက်သွားလေသည်။

နံနက်(၆)နာရီခန့်တွင် ဦးကျော်သာအား ကြိုးပေးသတ်လိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကိုတော့ ဦးရွှေမောင်နှင့် တပည့်များက ကားနက်ကြီးတစ်စင်းဖြင့် လာရောက်ယူဆောင်သွားလေတော့သည်။

ဦးကျော်သာအား ကြိုးပေးလိုက်ပြီးနောက် တွေ့မြင်ရသော အခြေအနေမှာ များစွာကြောက်မက်ဖွယ် ကောင်းလှလေသည်။

၎င်းမှာ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးဖြစ်ရာ အချုပ်ခန်းထဲတွင် လအတန်ကြာ နေခဲ့ရသဖြင့် သာမန်ထက် ပိုပိန်ကာ အရိုးပေါ် အရေတင် ဖြစ်နေကာ ကလန်ကလား ဖြစ်နေတော့သည်။

ထို့ထက်. . .

ကြိုးပေးလိုက်သောအခါ လည်ပင်းရိုးအဆစ်များ ပြုတ်ထွက်ကာ လည်ပင်းက သာမန်ထက် ပိုမိုရှည်ထွက်လာကာ မျက်နှာက တစ်ခြမ်းစောင်းကျသွားသည်။

ကြိုးဒဏ်ကြောင့် လည်ပင်းနှင့် မျက်နှာက အကြည့်ရဆိုးလောက်အောင် အစ်ထွက်နေပြီး မျက်လုံးနှစ်လုံးက အပြင်သို့ ပြူးထွက်နေလေသည်။

ဦးရွှေမောင်တို့က ဦးကျော်သာ၏အလောင်းကို ကားနက်ကြီးဖြင့် မောရမြိုင်ခြံအတွင်းသို့ သယ်ယူသွားကာ အုတ်ဂူပြုလုပ်၍ မြှုပ်နှံထားလိုက်ကြလေသည်။





## အခန်း(၇)

# သေသူ့ဝိဉာဉ်ကလဲ့စား

ဆရာဝန်ကြီး ဦးကျော်သာ သေဆုံးသွားပြီးနောက် မောရမြိုင်ခြံကြီးမှာ နေထိုင်မည့်သူ မရှိပဲ ပိတ်ထားလိုက်ကြတော့သည်။

နှစ်ဆောင်ပြိုင် အိမ်ကြီးကိုလည်း ပိတ်ထားလိုက်သည်။

အိမ်ကြီးအတွင်းဘက်၌ ပြုလုပ်ထားသော ဦးကျော်သာ၏သုတေသနပြုသောအခန်းကိုလည်း ခြေရာလက်ရာမပျက် ဒီအတိုင်း ပိတ်ထားလိုက်လေသည်။

အိမ်ကြီး၏အနောက်ဘက်ရှိ အခန်းတစ်ခန်းမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သာ ရှိစဉ်ကတည်းက နေထိုင်ခဲ့သော လူယုံတော်ကြီး ဦးစံသာက ဆက်လက်နေထိုင်နေလေသည်။

သို့သော်လည်း ၎င်းမှာ အပြင်သို့ အသွားအလာ မရှိသဖြင့် ခြံဝန်းထဲမှာ လူရှိနေမှန်း မသိရပေ။

ဦးစံသာမှာ ရခိုင်လူမျိုးတစ်ဦးဖြစ်ပြီး ဆိုးသွမ်းလွန်းသဖြင့် ထောင်အချုပ်များသို့ အကြိမ်ကြိမ် ရောက်ဖူးသော လူမိုက်တစ်ဦးဖြစ်သည်။

အသားမည်းမည်း ခါးက အနည်းငယ် ကိုင်းနေပြီး မျက်နှာပေါက်ကလည်း တစ္ဆေသရဲတစ်ကောင်ပမာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် ရုပ်ဆိုးသူဖြစ်သည်။

ဦးကျော်သာ ရှိစဉ်က အပြင်သို့ အသွားအလာ ရှိခဲ့သော ဦးစံသာမှာ ဦးကျော်သာ မရှိတော့သည့်နောက်ပိုင်းမှာတော့ ခြံအပြင်သို့ လုံးဝမထွက်တော့ပေ။

ခြံကျယ်ကြီးထဲတွင် သီးပင်စားပင်များ ရှိသဖြင့် ရာသီအလိုက် အသီးအနှံများက သီးလေသည်။

အချို့က ခြံဝန်းထဲမှာ လူစောင့်မရှိဟု ထင်သဖြင့် ဝင်ရောက်ခူးယူရန် ကြိုးစားသောအခါမှသာ ဘယ်နေရာမှ ရောက်လာမှန်း မသိရသော ဦးစံသာကို တွေ့ကြရပြီး ကြောက်လန့်တကြား ထွက်ပြေးကြရလေသည်။

တစ်ခါက နေဝင်ရီတရောအချိန်တွင် မောရမြိုင်ခြံကြီးအတွင်းသို့ ပိန္နဲသီး ဝင်ခူးသော လူတစ်ယောက်မှာ နောက်ဘက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ အမှောင်ရိပ်ထဲမှာ





ထိုင်နေသော မည်းမည်းသဏ္ဍာန်ကြီးကို တွေ့ရလေသည်။ ထိုမည်းမည်းသဏ္ဍာန်မှာ တစ်ကိုယ်လုံး အဝတ်နက်ကြီး ခြုံထားကာ မျက်နှာကြီးက ကြောက်မက်ဖွယ် ကောင်းလှလေသည်။ သို့ကြောင့် အော်ဟစ်ကာ ထွက်ပြေးခဲ့ရလေသည်။

ထိုနောက်ပိုင်းမှာတော့ မောရမြိုင်ခြံကြီးထဲ၌ သရဲခြောက်သည်ဟု နာမည်ကြီးကာ မဝင်ဝံ့ကြတော့ပေ။

ထိုခြံထဲသို့ တစ်လတန်သည် နှစ်လတန်သည် အချိန်ရောက်မှ ကားအနက်ကြီးတစ်စင်း ရောက်လာပြီး ဦးစံသာအတွက် စရိတ်လာပို့ပေးတတ်ပေသည်။

ဆရာဝန်ကြီး ဦးကျော်သာ မရှိသည့်နောက်ပိုင်းမှာ ၎င်းတည်ထောင်ဖွင့်လှစ်ထားသော မဂိုလမ်း(ယခု ရွှေဘုံသာလမ်းရှိ) ဆေးခန်းမှာလည်း လူနာသိပ်မလာတော့ပဲ ရှင်းသွားလေတော့သည်။

ယခင်က နိုင်ငံခြားပါရဂူဘွဲ့ရ ဆရာဝန်ကြီးကိုယ်တိုင်ကုသပေးသောကြောင့် လူနာအများအပြားက အားကိုးတကြီးနှင့် လာရောက်ကုသကြခြင်း ဖြစ်၏။

ရန်ကုန်မြို့ပေါ် ကသာမက နယ်မြို့များမှပင် တကူးတက လာရောက်ကုသကြသဖြင့် လူများခြင်း ဖြစ်သော်လည်း ယခု ဆရာဝန်ကြီး ဦးကျော်သာ မရှိတော့သည့်နောက်ပိုင်းမှာတော့ ရန်ကုန်မြို့ပေါ်မှ လူနာများ သိပ်မလာကြတော့ဘဲ အကြောင်းမသိသေးသော နယ်မြို့ကလေးများမှ လူနာများက လာရောက်ကုသ,သဖြင့် လူနာနည်းပါးနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သာ မရှိတော့သည့် နောက်ပိုင်းမှာတော့ မောင်သူရနှင့် မေနှင်းကျော်တို့ နှစ်ယောက်မှာ လက်ထပ်လိုက်ကြပြီးနောက် ဆေးခန်းကို ဦးစီးလုပ်ကိုင်ကြလေသည်။

ဦးရွှေမောင်ကတော့ သားသမီးများ လုပ်ကိုင်နေသောဝိုင်းဝန်းကူညီပေးရုံသာ ရှိပြီး အရေးကြီးသောလူနာများ ရောက်လာမှသာ ၎င်းကိုယ်တိုင် ကုသပေးလေသည်။

ဦးကျော်သာ သေဆုံးသွားပြီး တစ်နှစ်ခန့်ကြာသောအခါတိုက်ဆိုင်လှသည့် ထူးဆန်းသော အဖြစ်အပျက်များ ပေါ်လာလေတော့သည်။

အခြားမဟုတ်ပေ။

လအနည်းငယ်သာ ခြားပြီး သေပုံသေနည်းတူသောလူသတ်မှုများ ဖြစ်ပေါ်လာခြင်းပင်ဖြစ်၏။

သေဆုံးသွားသော လူနှစ်ယောက်မှာလည်း ပုလိပ်နှစ်ယောက်ဖြစ်ပြီး တစ်ယောက်ပြီးတစ်ယောက် ဆွဲကြိုးချကာ သေဆုံးသွားကြခြင်း ဖြစ်လေသည်။

ပထမတော့ စိတ်ညစ်စရာ အခက်အခဲများကြောင့် မိမိကိုယ်ကို သတ်သေသည်ဟု ယူဆကြသော်လည်း လအနည်းငယ် ခြားပြီး နှစ်ယောက်ဆက်တိုက် သေသောအခါ သံသယရှိလာကြသည်။ သေဆုံးသူများကို စစ်ဆေးကြည့်သောအခါအင်္ဂလိပ်ဘာသာဖြင့် ရေးထားသော အောက်ပါစာကို တွေ့ကြရသည်။

(SAME AND EQUAL REACTION)





ထို့ပြင် သေဆုံးပုံ သေဆုံးနည်းမှာလည်း အတူတူ ဖြစ်နေသည်။ လည်ပင်း၌ အနီရောင် ကြိုးတစ်ချောင်းဖြင့် ရစ်ပတ်ချက် သေဆုံးနေခြင်းဖြစ်၏။

ပထမတစ်ယောက် သေဆုံးစဉ်က ညဘက် ဂျူတီမှပြန်လာစဉ် အသတ်ခံလိုက်ရခြင်း ဖြစ်၏။

မင်္ဂလာဒုံ၌ ရှိသော ရာဘာတောထဲ၌ သေဆုံးနေခြင်းဖြစ်၏။ နောက်တစ်ယောက်မှာ ထောက်ကြံ့အစပ်နားမှ တောစပ်၌ သေဆုံးနေခြင်းဖြစ်၏။

၎င်းမှာလည်း လည်ပင်းကို မနီလာကြိုးအနီစဖြင့် ရစ်ပတ်ကာ အသက်ရှူရပ်ပြီး သေဆုံးနေခြင်းဖြစ်၏။

ထူးခြားသောအချက်မှာ ထိုပုလိပ်နှစ်ယောက်စလုံးမှာ အရာဝန်ကြီး ဦးကျော်သာအား သွားရောက်ဖမ်းဆီးစဉ်က လိုက်ပါကြသော နှစ်ယောက်ဖြစ်သည်။

ထိုပုလိပ်နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားသောအခါ သတင်းစာနှင့် ဂျာနယ်များက အများပြည်သူများစိတ်ဝင်စားအောင် ထင်ကြေးပေးကာ ရေးသားဖော်ပြကြလေသည်။

"သေသူ၏ကလဲ့စားချေမှုလော"

မင်္ဂလာဒုံ သတင်းထောက်ထံမှ. . .

ယမန်နေ့က ထောက်ကြံ့တောစပ်၌ လူသေအလောင်းတစ်လောင်း တွေ့ရှိရသည်။

သေသူမှာ မင်္ဂလာဒုံ ဂိတ်တဲမှ ပုလိပ်တစ်ဦးဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းကို ကြိုးဖြင့် ရစ်ပတ်အသတ်ခံရခြင်းဖြစ်၏။

ဧရင်းမတိုင်မီကလည်း မင်္ဂလာဒုံဂါတ်တဲမှ ပုလိပ်တစ်ယောက်မှာ ထိုကဲ့သို့ လည်ပင်းကို ကြိုးဖြင့် ရစ်ပတ်ကာ ဆွဲကြိုးချသကဲ့သို့ သေဆုံးသွားခဲ့ပေသည်။

တိုက်ဆိုင်မှုဟု ဆိုရလေမည်လား၊

ယခင်သေသောပုလိပ်နှင့် ယခုသေဆုံးသော ပုလိပ်နှစ်ယောက်တို့မှာ မင်္ဂလာဒုံ ဂါတ်တဲစခန်းမှ ဖြစ်ပြီး ဆရာဝန်ကြီး ဦးကျော်သာအား သွားရောက်ဖမ်းဆီးရာတွင် ပါဝင်ခဲ့သူများ ဖြစ်ပေရာ သေသူ၏ကလဲ့စားချေခြင်းပေလော။

သို့တည်းမဟုတ် ဝဋ်ကြွေးလည်ခြင်းပေလောဟု ထင်မြင်ယူဆဖွယ်ရာ ဖြစ်ပေသည်။

ဟု ရေးသားဖော်ပြထားပေရာ ဦးကျော်သာအား ဖမ်းဆီးရာတွင် အဓိက ပါဝင်သော ဌာနအုပ်၊ အင်စပက်တော်နှင့် ဆားပုလင်းတို့မှာ နေစရာ မရှိအောင် ကြောက်ရွံ့နေကြလေသည်။ တစ်နေ့နေ့တွင် မိမိတို့အလှည့် ရောက်လာလေမည်လားဟု တွေးတောကာ နေ့တထိတ်ထိတ် ညတထိတ်ထိတ်နှင့် သတိထားကာ နေကြရလေသည်။

ထိုသို့နေကြရင်းမှာပင် တစ်ညတွင် အင်စပက်တော် ဦးမင်းဟာန်မှာ ၎င်း၏အိမ်ခန်းအတွင်း၌ အရက်သောက်နေစဉ် ညဦးပိုင်းအချိန်လောက်တွင် အပြင်မှ ဝင်လာသော ထူးခြားသောရနံ့တစ်မျိုးကို ရလေသည်။

ထိုရနံ့မှာ မွှေးသလိုလို သွေးညှီနံ့လိုလို ရောနှောနေ





သောအနံ့မျိုးဖြစ်သည်။

ဦးမင်းဟာန်မှာ တစ်ယောက်တည်း နေသူဖြစ်သဖြင့် လွတ်လွတ်လပ်လပ် အရက်သောက်နေစဉ် ထိုကဲ့သို့ အနံ့မျိုး ရလာခြင်းဖြစ်၏။

ထိုရနံ့မှာ သူ အရက်ထိုင်သောက်နေသောနေရာအနီး ရှိ ပြတင်းပေါက်မှ ဝင်လာနေခြင်းဖြစ်ရာ အမှုမဲ့ အမှတ်မဲ့သာ နေလိုက်သည်။

ထိုအချိန်တွင် မင်္ဂလာဒုံဂါတ်တဲမှ ည(၁၀)နာရီ သံချောင်းခေါက်သံ ပေါ်ထွက်လာလေသည်။

သူနေသောအဆောင်မှာ မင်္ဂလာဒုံ ဂါတ်တဲနှင့် မဝေးလှပေ။ ဂါတ်တဲမှာတော့ ပုလိပ်အစောင့်များ ရှိသော်လည်း သူတို့နေထိုင်ရာ အဆောင်များ ရှိသောဘက်မှာတော့ အစောင့်မရှိပေ။

အပြင်ဘက်မှာ အအေးဓါတ် များလာသည်က တစ်ကြောင်း၊ အရက်ရှိန် တက်လာသည်ကတစ်ကြောင်းကြောင့် မူးပြနေသော ဦးမင်းဟာန်မှာ ထူးထူးခြားခြား ဝင်လာသော အမွှေးရနံ့ကြီးကို အဆက်မပြတ် ရှူရှိုက်ရသောအခါ ခေါင်းမထူနိုင်အောင်ဖြစ်ကာ တစ်ကိုယ်လုံး လေးလံလာသည်။

အတန်ကြာသောအခါ ခြေလက်များ မလှုပ်နိုင်အောင် ဖြစ်လာသည်။ ခဏကြာတော့ မျက်စိက မြင်နေရပြီး လူတာ လုံးဝ လှုပ်မရတော့ပေ။

"ဘယ်လိုဖြစ်နေတာလဲ. . . ငါသောက်တာလည်း



www.burmeseclassic.com

www.burmeseclassic.com

သိပ်မများသေးဘဲနဲ့ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ၊ တစ်ကိုယ်လုံး လှုပ်လို့မရတော့ပါလား"

ဟု တစ်ယောက်တည်း တုန်လှုပ်စွာ တွေးနေစဉ် ပြတင်းပေါက်မှ မည်းမည်းသဏ္ဌာန်ကြီးတစ်ကောင် လွှားကနဲ ခုန်ဝင်လာသည်။

"ဟင်. . ."

ဦးမင်းဟန်မှာ လူကသာ မလှုပ်နိုင်သော်လည်း မျက်လုံးက မြင်တွေ့နေရသဖြင့် မည်းမည်းသဏ္ဌာန်ကြီး ဝင်လာသည်ကို မြင်သောအခါ ရန်သူဝင်လာသည်မှန်း ရိပ်မိလိုက်သဖြင့် အနီးမှာ ချထားသော ခြောက်လုံးပြူးသေနတ်ကို လှမ်းယူလိုက်သည်။ သို့သော် လက်က လှုပ်မရတော့ပေ။

"ဟင်. . ."

ထိုအခါမှပင် များစွာ ထိတ်လန့်တုန်လှုပ်သွားကာ ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းရန် ကြိုးစားကြည့်သော်လည်း မအော်နိုင်တော့ပေ။

ထိုအချိန်မှာ မည်းမည်းသဏ္ဌာန်ကြီးက အနားရောက်လာသည်။ တစ်ကိုယ်လုံး ဦးခေါင်းမှအစ ခြေဖျား ရောက်သည့်တိုင်အောင် အဝတ်မည်းကြီး ခြုံထားသဖြင့် မျက်နှာကို မမြင်ရပေ။ ထိုလူကြီးက ဦးမင်းဟန်အနီး ရောက်သည်နှင့် ၎င်းအိတ်ထဲမှ အနီရောင် မနီလာကြိုးခွေကို ထုတ်လိုက်သည်။

"ကြောက်. . . ကြောက်ပါပြီ. . . မလုပ်ပါနဲ့၊ ကျုပ်ကို မသတ်ပါနဲ့"





ထိုစကားသံများက အပြင်သို့ ထွက်မလာပဲ လည်ချောင်းထဲမှာပင် ပျောက်ကွယ်သွားလေသည်။

ထိုလူကြီးက ဦးမင်းဟန်အနီးမှာ ကပ်ထိုင်ပြီး. . .

"Same and Equal Reaction"

ဟု တိုးတိုးလေး ပြောလိုက်ပြီးမှ မျက်နှာပေါ်မှာ ဖုံးထားသော အဝတ်မည်းကြီးကို လက်ဖြင့် ဖယ်ပြလိုက်သည်။

"ဟာ. . ."

၎င်း၏ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးကို တွေ့လိုက်ရသည်နှင့် ဦးမင်းဟန်မှာ ကြောက်လွန်းသဖြင့် သတိမေ့သွားလေတော့သည်။

ထိုအခါ လူမည်းကြီးက လက်ထဲမှ မနီလာကြိုးဖြင့် ဦးမင်းဟန်၏လည်ပင်းကို ရစ်ပတ်ကာ ညှစ်သတ်လိုက်ရာ သေဆုံးသွားလေတော့သည်။

ထို့နောက် လူမည်းကြီးက စာရွက်ခေါက်ကလေးတစ်ခုကို ဦးမင်းဟန်အိတ်ထဲသို့ ထည့်လိုက်သည်။

ထိုစာရွက်ခေါက်ကလေးထဲတွင်. . .

"Same and Equal Reaction"

ဟူသောစာသား ပါလေသည်။

ထို့နောက် ဦးမင်းဟန်အလောင်းကို ထုပ်တန်း၌ တွဲလောင်းဆွဲထားခဲ့ပြီးနောက် ပြတင်းပေါက်မှ ပြန်ဆင်းသွားလေတော့သည်။ နောက်တစ်နေ့ မနက်လင်းသောအချိန်မှာ ဂါတ်ထဲမှ ပုလိပ်များက ဦးမင်းဟန်အလောင်းကို တွေ့သဖြင့် ဌာနအုပ်



www.burmeseclassic.com

www.burmeseclassic.com



ဦးဘဇံထံသို့ သွားရောက်သတင်းပို့ကြလေသည်။

"ဟင်. . . ဘယ်လို၊ အင်စပက်တော် ဦးမင်းဟန် သေ သွားပြီ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ဘယ်. . . ဘယ်လိုသေတာလဲ"

"သူ့အိမ်မှာ ကြိုးဆွဲချပြီး သေနေတာပါ ဆရာကြီး"

"ဟင်. . . သူ့ဘာသာ သေတာတော့ ဘယ်နည်းနဲ့ မဖြစ်နိုင်ဘူး၊ လာ. . . သွားကြည့်ကြမယ်"

ဟု ပြောဆိုကာ ဆားပုလင်း ရဲဒင်ကိုပါ ခေါ်ပြီး ဦးမင်းဟန် နေအိမ်သို့ သွားရောက်ကြည့်ကြလေသည်။

တုတ်တန်းပေါ်မှာ တွဲလောင်းကြီး တွေ့ရသော ဦးမင်းဟန် လည်ပင်း၌ ရစ်ပတ်ထားသော မနီလာ ကြိုးအနီကို မြင် သောအခါ ဆားပုလင်း ရဲဒင်က မှတ်ချက်ချသည်။

"ဒါ သူ့ဘာသာ သတ်သေတာ မဟုတ်ဘူး ဆရာ တစ်စုံတစ်ယောက်က ထုတ်မှာ တပ်ပြီး တန်းလန်းဆွဲထားခဲ့တာ အသုံးပြုတဲ့ မနီလာကြိုးအနီက အရင်ပုလိပ်နှစ်ယောက်ကို သတ် တုန်းက အသုံးပြုခဲ့တဲ့ ကြိုးအနီနဲ့ တထေရာတည်း တူနေတယ်

"ဟုတ်ရဲ့လား မောင်ရဲဒင်ရဲ့"

"ဟုတ်ပါတယ် ဆရာ၊ တကယ်လို့ ဦးမင်းဟန်ဟာ သူ့ ဘာသာ သေကြောင်းကြံစည်တယ်ဆိုရင် အောက်မှာ ခံတဲ့ သော်လည်းကောင်း ရှိရမယ်၊ တကယ်လို့ ထုပ်တန်းပေါ်က ခုန် တယ်ဆိုရင် ကိုယ်အလေးချိန်ကြောင့် လည်ပင်းက ဒီ့ထက်ပိုပြ





အစ်နေမှာ သေချာပါတယ်"

"ဒါဖြင့် တရားခံက အရင်ပုလိပ်နှစ်ယောက်ကို သတ်သွားတဲ့ တရားခံလို့ ဆိုချင်တာလား"

"ကျွန်တော်တော့ ဒီလိုပဲ ယူဆတယ် ဆရာ၊ နောက်တစ်ချက် သတိပြုရမှာက အခုသေတဲ့လူတွေဟာ ဆရာဝန်ကြီး ဦးကျော်သာအမှုမှာ ပါတဲ့လူတွေချည်းပဲဆိုတာကတော့ မထူးဆန်းဘူးလား"

"အင်း. . . ဟုတ်တယ်၊ မောင်ရဲဒင် ပြောမှ သတိထားမိတယ်၊ အရင်သေတဲ့ ပုလိပ်နှစ်ယောက်စလုံး ဦးကျော်သာကို သွားဖမ်းတုန်းက ပါတယ်၊ သူတို့ကိုယ်တိုင် ဦးကျော်သာကို လက်ထိပ်ခတ်ပြီး ဖမ်းတာပဲ၊ ဒီလိုပဲ ဦးမင်းဟန်ဆိုရင်လည်း ဒီအမှုအတွက် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့တာပဲ"

"ဒါတွေချည်း တွေးမနေနဲ့ ဆရာ၊ အဲဒီ ဆရာဝန်ကြီး ဦးကျော်သာကို ဖမ်းပြီး အမှုဖွင့် ရုံးတင် တရားစွဲတဲ့အထဲမှာ ကျွန်တော်တို့နှစ်ယောက်လည်း အဓိက ပါဝင်တာပဲ"

"ဟင်. . ."

"ဒီပုံအတိုင်းဆိုရင် လူသတ်သမားက တစ်နေ့နေ့မှာ ကျွန်တော်တို့နှစ်ယောက်ဆီကို ရောက်လာနိုင်တယ်"

ဆားပုလင်းရဲဒင်က အမှုလိုက်စုံထောက်ပီပီ သဲလွန်စ ကွင်းဆက်များကို ဆက်စပ်ပြီးနောက် မှတ်ချက်ချလေသည်။

"ကျုပ်တို့ကို ရန်ငြိုးဖွဲ့စရာ ဘယ်သူများ ရှိမလဲ၊ အဓိက ရန်သူဖြစ်တဲ့ ဦးကျော်သာက သေဆုံးသွားခဲ့ပြီးပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ မရှိတော့ပေမယ့် သူနဲ့ ပတ်သက်တဲ့ အဆက်အနွယ်တွေက ကလဲ့စားချေနေတာလည်း ဖြစ်နိုင်ပါတယ်၊ ကျွန်တော်တို့ သတိတော့ ထားရမယ် ဆရာ"

ဟု ပြောရာ ဌာနအုပ် ဦးဘဇံမှာ များစွာတုန်လှုပ်သွားမိလေသည်။

ထို့နောက် ဦးမင်းဟန်အဖေလောင်းကို သဂြိုဟ်ရန် စီစဉ်ကြလေသည်။

ထိုနောက်ပိုင်းမှာတော့ မင်္ဂလာဒုံ ဂါတ်တဲမှာ ရှိကြသော ပုလိပ်အရာရှိ စုံထောက်များမှာ သတိဝီရိယဖြင့် စောင့်ကြပ်နေထိုင်ကြရာ နောက်ထပ် ထူးထူးခြားခြားတော့ ဘာမှ ထပ်မဖြစ်တော့ပေ။

သို့သော်လည်း ဦးကျော်သာအမှုကို ဆုံးဖြတ်ရသော ဂျူရီလူကြီးနှစ်ဦး ဖြစ်သော ဦးဘရွှေနှင့် ဦးဘခိုင်တို့ နှစ်ယောက်မှာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို အသတ်ခံကြရပြီး သေဆုံးကြပြန်လေသည်။

သေပုံသေနည်းမှာလည်း ရှေးကလူတွေ သေဆုံးသည့်အတိုင်း လည်ပင်းကို မနီလာကြိုးအနီဖြင့် ရစ်ပတ်အသတ်ခံရခြင်းဖြစ်သည်။

ထိုအမှုနှင့် ပတ်သက်ပြီး စုံထောက်များ ဆားပုလင်းများတို့မှာ နေရာမလပ် ရှာဖွေစုံစမ်းကြသော်လည်း တရားခံ၏ သဲလွန်စကို မရကြပေ။

နောက်ဆုံး ဆားပုလင်း ရဲဒင်တို့အဖွဲ့မှာ ဦးကျော်သာ





သွားရောက်ဖမ်းဆီးခဲ့သော မောရမြိုင်ခြံကြီးအထိ သွားရောက်ရှာဖွေကြလေသည်။

ထိုခြံနှင့် အိမ်ကြီးအတွင်းမှာတော့ ခြံစောင့်ကြီး ဦးစံသာမှလွဲပြီး အခြားမည်သူမှ မတွေ့ရပေ။

ဆားပုလင်း ရဲဒင်တို့ သွားသောအခါ ခြံစောင့်ကြီး ဦးစံသာက ကြောက်မက်ဖွယ်ရာ မျက်နှာထားမျိုးနှင့်. . .

"ဘာလာပြီး ဒုက္ခပေးဖို့ ကြံပြန်သလဲ"

ဟု အသံသြသြကြီးဖြင့် မေးလေသည်။

"ဒီခြံထဲမှာ မသင်္ကာစရာ သတင်းကြားလို့ ရှာဖို့လာတာ"

"ရှာချင်လည်း ရှာကြပေါ့၊ ကျုပ်ဆရာကြီးရဲ့ဝိညာဉ်ကိုတော့ မင်းတို့ ရှာလို့မတွေ့နိုင်ပါဘူး"

ဆားပုလင်း ရဲဒင်တို့အဖွဲ့မှာ မောရမြိုင်ခြံကျယ်အနှံ့နှင့် အိမ်ကြီးအတွင်းအပြင်သို့ လိုက်လံရှာဖွေကြည့်ကြသော်လည်း သင်္ကာစရာ မတွေ့ရသဖြင့် လက်လျှော့ပြီး ပြန်ခဲ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

# ရွှေပြောင်ပင်နောက်မှ ကြောက်စရာ လူသတ်သမား

နောက်ပိုင်းရက်တွင် ဆားပုလင်း ရဲဒင်က သေဆုံးသွားသော ဂျူရီလူကြီး ဦးဘရွှေနှင့် ဦးဘခိုင်တို့ မိသားစုများအား လိုက်လံမေးမြန်းကြည့်ရာတွင် တူညီသော အဖြေတစ်ခုကို ရကြလေသည်။

အခြားမဟုတ်ပေ။

သေဆုံးသူများမှာ မသေခင် ရက်ပိုင်းမှာကတည်းက ထိတ်လန့်ကြောက်မက်ဖွယ် မြင်ကွင်းတစ်ခုကို မြင်တွေ့မိဟန်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မျက်စိမျက်နှာပျက်နေကြသည်။

ဦးဘရွှေ မသေခင်က သွေးပျက်နေသကဲ့သို့အမူအယာ မျိုး တွေ့ရသဖြင့် သူ့မိန်းမက မေးသည်။

"ဦးဘရွှေ . . ရှင့်ကို ကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ၊ နေမကောင်းဘူးလား"

"ငါ နေကောင်းပါတယ်ကွာ၊ ဒါပေမယ့် စိတ်ကတော့ သိပ်မကောင်းဘူး"

"ဘယ်လိုဖြစ်နေလို့လဲ"

"ညဘက်ဆိုရင် အိပ်မက်ထဲမှာ . . လူမည်းကြီးတစ်ယောက် ရောက်ရောက်လာတယ်၊ သူ့မျက်နှာကြီးကို မြင်ရတာ သိပ်ကြောက်ဖို့ကောင်းတာပဲ၊ နောက်ပြီး သူ့မျက်နှာကြီးက ဟိုးတစ်နှစ်က ငါတို့ ကြိုးမိန့်ပေးလိုက်တဲ့ ဆရာဝန်ကြီး ဦးကျော်သာရဲ့မျက်နှာနဲ့ တူနေသလိုပဲ"

ထိုစကားကြားသောအခါ ဇနီးဖြစ်သူက ပေါ့ပေါ့တန်တန်ပင် သဘောထားကာ ရယ်မောလိုက်သည်။

"ဦးဘရွှေရယ် . . . အိပ်မက်ဆိုတာ အမျိုးမျိုး ရှိတာပဲ စိတ်စွဲလို့ မက်တာ ရှိတယ်၊ သွေးလေချောက်ချားလို့ မက်တာ ရှိတယ်၊ နောက် ပရလောကသားတွေ နတ်တွေရဲ့လှုံ့ဆော်မှုကြောင့် မက်တာတွေ အမျိုးမျိုး ရှိတာပဲ၊ အိပ်မက်,မက်တာကြောင့်တော့ ဒီလောက်ကြောက်လန့်မနေပါနဲ့"

ဟု ဖျောင်းဖျပြောဆိုလေသည်။

ထိုအခါ ဦးဘရွှေက ဦးခေါင်းကို ဖြေးလေးစွာ ခါယမ်း





လိုက်သည်။

"မင်းပြောတာလည်း မှန်ပါတယ်၊ ဒါပေမယ့် ငါက အိပ်မက်ထဲမှာတင် မကဘူး၊ သူ့မျက်နှာကြီးကို အပြင်မှာပါ မြင်လိုက်ရတယ်"

ထိုစကားကြောင့် စောစောက ရယ်မောနေသည့် ဇနီးသည်၏မျက်နှာမှာ ချက်ချင်းတည်သွားပြီး အလန့်တကြား အမူအယာဖြင့် မေးလိုက်သည်။

"ရှင် ဘယ်မှာ တွေ့တာလဲ"

"ညတုန်းက ငါ အမှုတွဲတစ်ခု ထိုင်ဖတ်နေတုန်း ပြတင်းပေါက်ကနေ လှမ်းမြင်လိုက်ရတယ်၊ အမှောင်ရိပ်ထဲမှာ လှမ်းမြင်လိုက်ရတဲ့ သူ့ပုံသဏ္ဌာန်ကြီးက အိပ်မက်ထဲက တွေ့ရတဲ့ ပုံသဏ္ဌာန်အတိုင်း သိပ်ကြောက်ဖို့ ကောင်းတာပဲ"

ဟု ပြောရာ ဇနီးဖြစ်သူမှာလည်း မည်သို့ နှစ်သိမ့်ရမှန်းမသိတော့လောက်အောင် ဖြစ်သွားလေသည်။

ထိုအကြောင်းများက ဆားပုလင်း ရဲဒင်တို့ လိုက်လံစုံစမ်းရင်းမှ သေဆုံးသွားသော ဦးဘရွှေ၏မိသားစုထံမှ သိရသော အကြောင်းအရာအချို့ပင် ဖြစ်လေသည်။

ဆားပုလင်းရဲဒင်က သူ စုံစမ်း၍ရသော အကြောင်းအရာ အချက်အလက်များအား ဌာနအုပ် ဦးဘဇံအား ပြန်ပြောပြသည်။

"ကျွန်တော်အထင် ပြောရရင်တော့ လူတွေကို လိုက်သတ်နေတဲ့ ကြောက်စရာကောင်းတဲ့ လူမည်းကြီးဆိုတာ သေ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးသွားတဲ့ ဆရာဝန်ကြီး ဦးကျော်သာနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေတဲ့ လူတစ်ယောက်ဖြစ်ဖို့ သေချာတယ် ဆရာ”

“ငါလည်း စုံထောက်တွေကို လွှတ်ပြီး ဦးကျော်သာနဲ့ သက်ဆိုင်တဲ့ နောက်ကြောင်းတွေ သူနဲ့ ပတ်သက်တဲ့လူတွေကို စုံစမ်းကြည့်ပြီးပြီ၊ ဦးကျော်သာနဲ့ ဆွေမျိုးသားချင်းတော်တဲ့လူတွေက ရခိုင်ဘက်မှာပဲ ရှိတယ်၊ ရန်ကုန်မှာ မရှိကြဘူး၊ သူ့အမျိုးသမီးဘက်မှာလည်း မရှိဘူး၊ သူ့မှာ အရင်းအချာဆိုလို့ မေနှင်းကျော်ဆိုတဲ့ သမီးတစ်ယောက်ပဲ ရှိတယ်”

“ဒီအမျိုးသမီးက အိမ်ထောင်ကျပြီး ကိုယ်ဝန်တောင်ရနေပြီ၊ သူကတော့ ဒီလိုအလုပ်မျိုးတွေ လုပ်မယ်မထင်ဘူး”

“ဒါဖြင့် ဘယ်သူရှိသေးလဲ”

“သူနဲ့ ပတ်သက်တဲ့ ရင်းနှီးခင်မင်တဲ့လူတွေကို လေ့လာကြည့်ရမှာပေ့ါ”

“ကျွန်တော်လည်း တတ်နိုင်သမျှတော့ စုံစမ်းထားပါတယ်၊ ဆရာဝန်ကြီး ဦးကျော်သာက ပါရဂူဘွဲ့အတွက် နိုင်ငံခြားမှာ အနေများခဲ့တော့ ဗမာပြည်မှာ ရင်းနှီးခင်မင်တဲ့သူ သိပ်မရှိဘူး၊ သူနဲ့ အရင်းနှီးဆုံးကတော့ မဂိုလမ်းမှာ ရှိတဲ့ ဆေးတိုက်မှာ ရှိတဲ့ ဆရာဝန် ဦးရွှေမောင်ဆိုတဲ့လူနဲ့ မောရမြိုင်ခြံထဲမှာ ရှိတဲ့ ဦးစံသာတို့ နှစ်ယောက်ပဲ ရှိတယ်”

“ငါ စုံစမ်းရသမျှတော့ ဦးရွှေမောင်က ဆေးတိုက်မှာပဲ အနေများတယ်၊ တစ်ခါတစ်ရံမှသာ အပြင်သွားလာလေ့ရှိတယ် သူကတော့ ဒီလိုအလုပ်မျိုးတွေ လုပ်မယ်မထင်ဘူး”





“ဒါဖြင့် မောရမြိုင်ခြံထဲက ခြံစောင့်လုပ်နေတဲ့ ဦးစံသာရော မဖြစ်နိုင်ဘူးလား ဆရာ”

“အခုလောလောဆယ် သံသယ အရှိဆုံး တရားခံဟာ ဦးစံသာပဲ၊ မင်းတို့ မောရမြိုင်ခြံကြီးနဲ့ ပတ်သက်ပြီးတော့ လျှို့ဝှက်စုံစမ်းမှုတွေ စောင့်ကြည့်မှုတွေ လုပ်ရမယ်”

“ကောင်းပါပြီ ဆရာ”

ဟု ပြောဆိုကာ ဆားပုလင်း ရဲဒင်မှာ ဂါတ်တဲသို့ ပြန်လာလေသည်။

ဂါတ်တဲရောက်သောအခါ ၎င်းနာမည်ဖြင့် ပို့လိုက်သော စာတစ်စောင် ရောက်နေသဖြင့် ပုလိပ်တစ်ယောက်က လာပေးသည်။

“ဘယ်သူ လာပေးတဲ့စာလဲ”

“မင်္ဂလာဒုံစာတိုက်က ပို့စ်မင်း လာပို့သွားတာပါ”

ဟု ပြောသဖြင့် စာအိတ်ကို ဖောက်ဖတ်ကြည့်လိုက်သည်။

*သို့/*

*ဆားပုလင်းရဲဒင်*

*သင်သိချင်နေတဲ့ လူသတ်တရားခံအကြောင်းနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေကို သိချင်ရင် မနက်ဖြန် ညနေ (၆)နာရီအချိန် ထောက်ကြံ့လမ်းဆုံနှင့် မနီးမဝေးမှာ ရှိတဲ့ရွှေညောင်ပင်အောက်ကို တစ်ယောက်တည်း လာခဲ့ပါ။*



www.burmeseclassic.com

www.burmeseclassic.com

*အကယ်၍ ပုလိပ်တွေ ခေါ်လာခဲ့မယ်ဆိုရင်တော့ သင်သိချင်တဲ့ လျှို့ဝှက်ချက်တွေကို သိခွင့်ရမှာ မဟုတ်ဘူးဆိုတာ သိထားပါ။*

*လျှို့ဝှက်သူ*

ဟူ၍ ရေးသားထားလေသည်။

သို့ကြောင့် စီစဉ်ရာများကို ကြိုတင်စီစဉ်ရတော့သည်။

ဂုင်းကြိုတင်စီစဉ်မည့်ကိစ္စမှာ အခြားမဟုတ်ပေ။

ပုလိပ်သုံးယောက်ကို ရွှေညောင်ပင်နှင့် အနီးတစ်ဝိုက်သို့ လျှို့ဝှက်ပို့ထားရန်ပင် ဖြစ်လေသည်။

မင်္ဂလာဒုံမြို့နယ်ထဲ၌ ရှိသော ရွှေညောင်ပင်မှာ အမိကရ နေရာတစ်ခု ဖြစ်ပေသည်။

ထို့ပြင် မင်္ဂလာဒုံမြို့နယ်အတွင်း၌ ရှိသော ကျိုက္ကလို့စေတီ၊ ကျိုက္ကလဲ့စေတီ အစရှိသော ရှေးဟောင်းစေတီများမှာလည်း သမိုင်းဝင်နေရာများ ဖြစ်ခဲ့ပေ၏။

"မင်္ဂလာဒုံ" သည် မွန်ဘာသာအမည် "ဍုံရိုင်မငေ" မှ ဆင်းသက်လာခြင်းဖြစ်ပြီး "ဍုံ"မှာ "မြို့" "ဒရိုင်" မှာ "သမင်"၊ "မငေ" မှာ "မင်္ဂလာ" ဟု အဓိပ္ပါယ်ရသဖြင့် "မင်္ဂလာသမင်မြို့" ဟု ဆိုနိုင်ပါသည်။

မြန်မာတို့က မွန်ဘာသာအမည် "ဒုံ" နှင့် "မင်္ဂလာ" ဟူသော ဝေါဟာရတို့ကို တွဲဖက်၍ "မင်္ဂလာဒုံ" ဟု ခေါ်ဆိုကြ၏။

"မင်္ဂလာဒုံ" ကို "ပုဏ္ဏရိကမင်း" က ခရစ်နှစ်(၁၃၁၀)

☺ အောင်မြင်စာပေ ☺



ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း အဆိုရှိပါသည်။

မင်္ဂလာဒုံတွင် ကုန်းဘောင်ခေတ်ကာလ၌ မြို့သူကြီးများ ထားရှိအုပ်ချုပ်စေခဲ့ရာ ဘိုးတော်ဘုရား နန်းတက်စ(၁၇၈၃)ခုနှစ်တွင် ရွှေတိုက်စာရင်းဝင် မင်္ဂလာဒုံမြို့သူကြီး ဦးအေးအားခန့်အပ်ခဲ့၏။

သူ့ကို သားဦးထွန်းအောင်က ဆက်ခံပါသည်။ ဦးထွန်းအောင်၌ သားသမီး မထွန်းကားသဖြင့် ဦးငြိမ်ဆိုသူအား မြို့သူကြီးအရာ ဆက်လက်ပေးအပ်ခဲ့ပါသည်။

ဘိုးတော်ဘုရားလက်ထက် (၁၈၀၂)ခုနှစ်၊ စက်တင်ဘာသ(၅)ရက်နေ့တွင် မင်္ဂလာဒုံစစ်တမ်းကို မြို့သူကြီး ဦးငြိမ် (၃၈)နှစ်က ဆက်သွင်းခဲ့သည်။

ရန်ကုန်မြို့ ဗြိတိသျှလက်အောက် ကျရောက်ခဲ့ပြီးနောက် မင်္ဂလာဒုံကို မြို့တစ်မြို့အဖြစ် ဆက်လက်အသိအမှတ်ပြုခဲ့ကြ၏။

ထို့နောက် (၁၉၁၂)ခုနှစ် အင်းစိန်ခရိုင် စတင်ဖွဲ့စည်းသောအခါ မင်္ဂလာဒုံမှာ အင်းစိန်ခရိုင်အတွင်း ပါဝင်ခဲ့သည်။

မင်္ဂလာဒုံကို မြို့နယ်အဖြစ် စတင်ဖွဲ့စည်းခဲ့စဉ်က ယခင်ကျောင်းကုန်းစီရင်စုအပိုင် လှော်ကား ကုန်းတန်းတိုက်နယ်အဝင်စမ်းကြီးဝ ရေသိုးစီရင်စုအဝင် ထောက်ကြန့်စသည့် ကျေးရွာကြီးများအပြင် ပျဉ်းမပင်၊ နွယ်ခွေ၊ သဃ်န်းကျွန်းကြီး စသည့်ကျေးရွာများ အများအပြား ပါဝင်ခဲ့သည်။

လှော်ကားကျေးရွာမှာ ယခုအခါ ရွှေပြည်သာမြို့နယ်

☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



အတွင်း ပါဝင်လျက် ရှိသော်လည်း လော်ကားကန်ကြီးမှာ မင်္ဂလာဒုံမြို့နယ်အတွင်း၌ တည်ရှိပါသည်။

(၁၉၀၂)ခုနှစ် စာရင်းအရ စမ်းကြီးဝရွာတွင် နေထိုင်သူ (၅၀၄)ဦး ရှိပြီး ထောက်ကြန့်၌မူ (၄၈၉)ဦးသာ နေထိုင်ကြောင်း သိရှိရ၏။

ထောက်ကြန့်မှာ ယခုအခါ မင်္ဂလာဒုံမြို့နယ်၏ မြောက်ဘက်စွန်၌ တည်ရှိပြီး ရှေးအခါက ဥယျာဉ်ခြံများ လယ်ယာစိုက်ပျိုးသူများ နေထိုင်ခဲ့ကြသည်။

ထောက်ကြန့်လမ်းဆုံနှင့် မလှမ်းမကမ်းရှိ ရွှေညောင်ပင်မှာ မွန်ဘာသာအခေါ် "ဇြထစ်၊ အသံထွက်(ကွဲထော်)ဟူသော ရှေးဟောင်းရွာကြီးဖြစ်၏။

ရွာထိပ်၌ အထင်ကရ ညောင်ပင်ကြီးတစ်ပင် ရှိ၍ "ရွှေညောင်ပင်ရွာ" ဟု မွန်ဘာသာဖြင့် ခေါ် ဆိုခဲ့ကြခြင်းဖြစ်သည်။

၎င်းရွာထိပ် ညောင်ပင်တွင် မော်ဘီ အမြဲသွားရနတ်ကြီးအား ရည်စူး၍ "ကွန်းစင်" တည်ဆောက်ပူဇော်ကြရာမှ ယခုတိုင် နတ်ကွန်း အထင်အရှား ရှိခဲ့၏။

"သက်န်းကျွန်းကြီး" မှာလည်း ရှေးဟောင်းကျေးရွာတစ်ရွာဖြစ်ပြီး မွန်ဘုရင်များလက်ထက်ကပင် တည်ရှိခဲ့၏။

(၁၉၃၁)ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့တွင် သက်န်းကျွန်းကြီး ရွာသူကြီး ဦးဒေဘ၏ မြူနီစပါယ် ကော်ပိုရေးရှင်းသို့ တင်ပြချက်အရ ဟံသာဝတီရာဇဝင်ပါ ဓမ္မပါလ၏သချိုင်းဂူမှာ သက်န်းကျွန်းကြီးကျေးရွာ၌ ရှိခဲ့ဖူးကြောင်း သိရှိရပေသည်။





"ကျိုက္ကလို့ စေတီတော်" သည် ပဲခူးရန်ကုန်သွား ကားလမ်းနံဘေး၌ တည်ရှိ၏။ ကျိုက္ကလို့မှာ မွန်ဘာသာအမည် "ကျာ်ကလံ"(အသံထွက် ကျိုက်ကလို့)မှ ဆင်းသက်လာပြီး "ကန်တော့ဘုရား" ဟု အဓိပ္ပါယ်ရပါသည်။

နတ်ဘီလူးတို့သည် မြတ်စွာဘုရားအား ရှာ၍မရသောအခါ အရှုံးပေး ကန်တော့သောနေရာ၌ တည်ထားကိုးကွယ်သော ဘုရားဖြစ်ကြောင်း မွန်ရာဇဝင်ကျမ်းတို့က ဆိုသည်။

ရှေးခေတ် မွန်ဘုရင်များ လက်ထက်က အထင်အရှားရှိခဲ့သည့် "ကျိုက္ကလို့ စေတီတော်" ကို ခရစ်နှစ်(၁၃၈၃)ခုနှစ်တွင် မွန်ဘုရင် ဗညားနွဲ့(ရာဇာဓိရာဇ်)က ပြုပြင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများ၌ တွေ့ရှိရ၏။

စေတီတော်မှာ တောင်ကုန်းထိပ်၌ ဂဝံကျောက်ခဲ၍ ခုံးတင်ခုံ ရှစ်မြောက်ချိုနှင့် တည်ထားခြင်းဖြစ်သည်။

ကုန်းဘောင်ခေတ်တစ်လျှောက် ပြုပြင်မှု မှတ်တမ်းများကို မတွေ့ရသော်လည်း အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကာလက ကျိုက္ကလို့ ကုန်းတော်အနီး၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ကြောင်း သိရှိရ၏။

ကိုလိုနီခေတ်ဦးကာလ (၁၉၂၆)ခုနှစ်တွင် ကိုးထပ်ကြီးဘုရားဒါယကာ ဦးကျော်မိသားစုက စေတီတော်ကို ပြုပြင်မွမ်းမံကာ အာရုံခံတန်ဆောင်းကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

ဂျပန်ခေတ်တွင် စေတီကုန်းတော်ထက်၌ တပ်စခန်းချထားခဲ့သဖြင့် စေတီတော် ပျက်စီးယိုယွင်းခဲ့ရပြန်ရာ တော်လှန်



www.burmeseclassic.com

www.burmeseclassic.com



ရေးကောင်စီလက်ထက်တွင်မှ ကျိုက္ကလို့ကျောင်းဆရာတော် ဦးဥတ္တမသာရက ကြီးမှူးပြုပြင်နိုင်ခဲ့သည်။

"ကျိုက္ကလဲ့ဘုရား" သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၁) လမ်းမကြီး၏အနောက်ဘက်ဘေး ကျိုက္ကလဲ့ဘူတာ ခုံးကျော် တံတားနှင့် မလှမ်းမကမ်းတွင် တည်ရှိပါသည်။ မွန်ဘာသာ အမည်ဖြစ်ပြီး "ကျိုက်" မှာ "ဘုရား"၊ "ကလဲ့" မှာ "ပျောက်ကွယ် ခြင်း" ဖြစ်သဖြင့် "ပျောက်ကွယ်သွားသောဘုရား" ဟု အဓိပ္ပါယ် ရပါသည်။

ဂေါတမ မြတ်စွာဘုရားသည် နတ်ဘီလူးများအကြား ကိုယ်ရောင်ဖျောက် ဖန်ဆင်းပုန်းကွယ်ရာနေရာ၌ တည်ထားခဲ့ သည်ဟု ဆိုပါသည်။

ကျိုက္ကလဲ့ဘုရားသည် ရှေးခေတ် မွန်ဘုရင်များ လက် ထက်ကပင် ရှိခဲ့ပြီး ခရစ်နှစ် (၁၃၈၃)ခုနှစ်၌ ဟံသာဝတီဘုရင် ဗညားနွဲ့က ထီးတော်တင်လှူခဲ့သည်။

ဓမ္မစေတီမင်းလက်ထက်တွင် သီဟိုဠ်(သီရိလင်္ကာ)မှ ပင့်ဆောင်လာသော ဒက္ခိဏသာခါ ရုပ်ပွားတော်နှစ်ဆူကို အသစ်ထပ်မံဌာပနာပြုလျက် စေတီဟောင်းကို ငုံ၍ စေတီ အသစ်တည်ခဲ့သည်။

ကျိုက္ကလဲ့စေတီ ဝန်းကျင်မှာ သစ်ပင်များ အုပ်ဆိုင်း လျက်ရှိပြီး သာယာအေးချမ်းလှသဖြင့် ရှေးခေတ်အခါကပင် တရားဘာဝနာ လာရောက်အားထုတ်သူများ ရှိခဲ့သည်။

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲအတွင်း ကျိုက္ကလဲ့စေတီဝန်း





ကျင်၌ စစ်မြေပြင် ဖြစ်ခဲ့ရ၏။

ထို့နောက် ခြုံနွယ်ပိတ်ပေါင်းများအကြား တိမ်မြုပ် ပျောက်ကွယ်နေရာမှ ဒေသခံ ရွာသူရွာသားတို့ကြောင့် ပြန်လည် ထင်ရှားလာခဲ့သည်။

သူဌေးဦးကျော်တို့ ဇနီးမောင်နှံက (၁၉၃၀)ပြည့်နှစ် ဖေဖော်ဝါရီလ(၁၅)ရက်နေ့တွင် ကျိုက္ကလဲ့စေတီသို့ ဘိလပ်ပြန် ဘုရားကို ပင့်ဆောင်ခဲ့ကြသည်။

ဘိလပ်ပြန်ဘုရား ရောက်ရှိလာပုံမှာလည်း စိတ်ဝင်စား ဖွယ် ကောင်းလှပါသည်။

(၁၉၂၉)ခုနှစ်၊ ဧပြီလ(၂၀)ရက်နေ့က လန်ဒန်မြို့မှ "ဘာရီရစ်ချတ်ဆန်" ဆိုသူသည် ရွှေတိဂုံ ဂေါပက လူကြီးများထံ စာတစ်စောင် ရေးပို့ခဲ့၏။

စာတွင် ရှေးနှစ်အတန်ကြာကာလက ရန်ကုန်ဘုရား ကျောင်းတွင်းမှ ခိုးယူလာဟန်ရှိသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ပေးပို့လိုက်ကြောင်း ဖော်ပြထားသည်။

ဗုဒ္ဓရုပ်ပွားတော်သည် ပေါလ်အောလ် အာမခံ ကုမ္ပဏီမှ တဆင့် အီရားဖို့ဒ်ရှိုင်းယားသင်္ဘောဖြင့် (၁၉၂၉)ခုနှစ်၊ ဇွန်လ (၁၂)ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ရွှေတိဂုံ ဂေါပကအဖွဲ့က (၂၁)ကျပ် (၂)ပဲဖြင့် ရွေးယူခဲ့ရ၏။

ထို့နောက် ကိုးထပ်ကြီးဘုရားဒါယကာ သူဌေးဦးကျော် က ကျိုက္ကလဲ့စေတီသို့ ပင့်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

မင်္ဂလာဒုံမြို့နယ်အတွင်းတွင် ကျိုက္ကလို့ ကျိုက္ကလဲ့စေတီ



www.burmeseclassic.com

www.burmeseclassic.com



တော်တို့အပြင် ကျိုက္ကက်၊ ကျိုက္ကမော့၊ ကျိုက်ဒေးတမော့၊ ကျိုက်မရော့ စသည့်စေတီများလည်း ရှိပါသေးသည်။

ယင်းစေတီတော်တို့မှာ ရှေးခေတ် မွန်ဘုရင်များ လက်ထက်က ထင်ရှားခဲ့သည့် ရှေးဟောင်းစေတီများဖြစ်ကြသည်။

ကျိုက္ခတ်စေတီမှာ "ကွင်းခေါင်ခေါင်ရှိ ဘုရား" ဟု အမိပ္ပါယ် ရပြီး ကျိုက္ကလဲ့ ဂိုးကျော်တံတားကြီး အနောက်ဘက် ပြဲမတော် အရိုးကုဆေးရုံအနီး၌ တည်ရှိ၏။

ရှေးဟောင်း မွန်သမိုင်းအရ အမြိဿရဘီလူးက ကကုသန် မြတ်စွာဘုရားကို လိုက်လံရှာဖွေရာ မတွေ့သဖြင့် မောပန်းနွမ်းနယ်ပြီး ခေတ္တနားခိုရာ ကွင်းခေါင်ခေါင်၌ တည်ထားခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။

"ကျိုက္ကလော့စေတီ" မှာမူ "မော်ကြည့်ရသောဘုရား" ဟု အမိပ္ပါယ်ရပြီး အမှတ်(၂၁)ရပ်ကွက် ခရေပင်လမ်းအနီး သရက်ကုန်းကျောင်းဝင်းအတွင်း၌ တည်ရှိပါသည်။

ဘုန်းတော်ကြီး ကျောင်းဝင်းအဝင်တွင် ရှေးခေတ် မွန်လက်ရာ ကျောက်သားဘီလူးရုပ်တုကြီးနှင့် အမြီအပျက်များကို တွေ့မြင်နိုင်ကြောင်း။

"ကျိုက်ဒေးတမော့" မှာ "ကျောက်တောင်ကုန်းဘုရား" ဟု အမိပ္ပါယ်ရပြီး မင်္ဂလာဒုံ စမ်းကြီးဇရပ်၊ ရတနာကျောင်းတိုက် အတွင်း၌ ကျိုက္ကရော့ဘုရားကြီး တည်ရှိပါသည်။

ယင်းဘုရားကြီးကို ပုဏ္ဏရိကမင်း၏သံဒင်းအမတ်ကြီးက တည်ထားခဲ့သည်ဆို၏။





လှော်ကားကန် ခေါ် ရေကန်ကြီးမှာ ရှေးခေတ်အခါက မှော်ဘီနာရမြို့တော်အနီးမှ ထင်ရှားသော ကန်ကြီးတစ်ကန် ဖြစ်သည်။

နှစ်ကာလ ရှည်ကြာသောအခါ ရေကန်ကြီးမှာ တိမ်ကောသွားသဖြင့် (၁၉၀၂)ခုနှစ် စက်တင်ဘာလအတွင်း ရန်ကုန်မြို့နေ လူထုအတွက် သောက်သုံးရေ ရရှိရန် အလို့ငှာ ပြန်လည်တူးဖော် ဆည်ဖို့ခဲ့ကြသည်။

ဗြိတိသျှအစိုးရသည် လှော်ကားကန်အသစ် တူးဖော်တည်ဆောက်ရေးလုပ်ငန်းအတွက် ရူပီးငွေ(၄၆၇၅၆၃၉)ရူပီကုန်ကျခံခဲ့၏။

(၁၉၀၄)ခုနှစ်တွင် လှော်ကားကန်အသစ်တည်ဆောက်ပြီးစီးရေးလုပ်ငန်း ပြီးစီးခဲ့သည်။

သာမုကျေးရွာအနီး တည်ရှိသော ရေကန်ကြီးကို "သာမုကန်" ဟု ခေါ်တွင်သကဲ့သို့ လှော်ကားကျေးရွာနှင့် မလှမ်းမကမ်းမှ ရေကန်ကြီး ဖြစ်သဖြင့် "လှော်ကားကန်" ဟုလည်း ခေါ်ဆိုခဲ့ကြသည်။

ချိန်းထားသောအချိန်သို့ ရောက်သောအခါ ဆားပုလင်းရဲဒင်သည် ဂျစ်ကားကို ကိုယ်တိုင်မောင်းကာ ရွှေညောင်ပင် ရှိရာသို့ သွားလေသည်။ သူလာသောအချိန်မှာ ရွှေညောင်ပင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ဖုံးလွှမ်းစ ပြုနေချေပြီ။

ထိုအချိန်က မင်္ဂလာဒုံနှင့် ထောက်ကြံ့လမ်းဆုံအကြားတွင် လူနေအိမ်ခြေနှင့် အဆောက်အဦးများ မရှိပဲ လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘေးဝဲယာတလျှောက်တွင် သစ်တောများနှင့် သစ်ပင်ခြုံနွယ်များသာ ပိတ်ဖုံးလျက်ရှိသည်။

ထို့ပြင် ကားလမ်းပေါ်မှာလည်း လူသွားလူလာ မရှိသလို ကားအသွားအလာကလည်း နည်းလှသည်။

ဆားပုလင်းရဲဒင် ရောက်သွားသောအချိန်မှာ ရွှေညောင်ပင်တစ်ပိုက်တွင် အမှောင်ရိပ်များက ဖုံးလွှမ်းနေချေပြီ။

သူသည် ကားကို မလှမ်းမကမ်းနေရာတွင် ရပ်ကာ သေနတ်ကို အဆင်သင့် ပြင်ပြီး ကားပေါ်မှ ဆင်း၍ ရွှေညောင်ပင်အောက်သို့ လျှောက်သွားသည်။

၎င်းစိတ်ထဲမှာ သူ ကြိုတင်လွှတ်ထားသော ပုလိပ်သုံးယောက်တို့မှာ မနီးမဝေးနေရာတွင် အသင့်ရောက်နေလောက်ပြီဟု စိတ်ထဲမှာ ထင်နေသည်။

ညောင်ပင်ကြီးအောက် ရောက်လျှင် နှာခေါင်းထဲမှာ ထူးခြားသောရနံ့တစ်မျိုး ရလာလေသည်။

မီးခိုးနံ့နှင့်အတူ ရောနှောပါလာသော သင်းပျံ့သောရနံ့မျိုးဖြစ်သည်။

ရွှေညောင်ပင်အောက် ရောက်၍ အတန်ကြာသောအခါ အမှောင်ရိပ်က ပိုမိုများပြားလာလေသည်။

ထို့ပြင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေရာ 'တစ်ယောက်တည်းသာဆိုလျှင် အတော်ကြောက်စရာ ကောင်းမှာပဲ' ဟု စိတ်ထဲမှ တွေးမိသည်။

ထိုအခိုက်မှာပင် ညောင်ပင်နောက်ဘက်မှ တစ်ကိုယ်





လုံး အဝတ်မည်းကြီး ခြုံထားသော လူမည်းကြီးတစ်ယောက် ထွက်လာသည်။

"ရောက်နေတာ ကြာပြီလား"

အသံသြသြကြီးနှင့် မေးလိုက်သည်။ ၎င်း၏အသံမှာ လည်ချောင်းကို ညှစ်ထားသဖြင့် ထွက်ပေါ်လာသောအသံမျိုး ဖြစ်သည်။ ဆားပုလင်း ရဲဒင်က သေနတ်ဖြင့် ချိန်ထားလိုက်သည်။

"မစိုးရိမ်ပါနဲ့. . . ကျုပ်က ခင်ဗျားကို ရန်ပြုမယ့်သူ မဟုတ်ပါဘူး၊ အကူအညီပေးမယ့်လူပါ"

"ကျုပ်ကို စာရေးမှာတာ ခင်ဗျားလား"

"မှန်ပါတယ်"

"ဒါဖြင့် လူသတ်တရားခံက ဘယ်သူလဲ"

"လူသတ်တရားခံက တခြားဟုတ်ပါရိုးလား. . ဦးကျော်သာပဲပေါ့"

"ခင်ဗျား မဟုတ်တာ မပြောနဲ့နော်၊ ဦးကျော်သာက ကြိုးပေးခံရလို့ သေတာကြာပြီပဲ၊ အခုလောက် ရှိရင် အရိုးတောင်ဆွေးနေလောက်ပြီ"

"ဒါပေမယ့် သူ့ဝိညာဉ်က ရှိနေသေးတယ်လေ၊ ဝိညာဉ်ဆိုတာ သတ်လို့မှ မရတာ"

"ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ကျုပ် အဲဒါတွေ အယုံအကြည်မရှိဘူး၊ လူသတ်တရားခံအကြောင်း ပြောမယ်ဆိုတာသာ မြန်မြန်ပြောဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဆားပုလင်းရဲဒင်က သေနတ်ဖြင့် ချိန်ရင်း ပြောလိုက်သည်။ ထိုသို့ပြောနေရင်းမှာပင် သူ့ခေါင်းထဲမှာ ရီဝေဝေ ဖြစ်လာသည်။

ရှေ့မှာ ရပ်နေသော လူမည်းကြီးပင် ကိုယ်ပွားအရိပ်မည်းတွေ ထွက်လာကာ အများကြီး ဖြစ်လာသည်။

"ငါ ဘယ်လိုဖြစ်လာတာလဲ"

ဆားပုလင်းရဲဒင်မှာ အားတင်းထားရင်းမှပင် တဖြည်းဖြည်းနှင့် အားများ လျော့ကျလာကာ လက်ထဲမှ သေနတ်ကို မနိုင်အောင် ဖြစ်လာသဖြင့် အောက်သို့ ပြုတ်ကျသွားသည်။

သူသည် သတိမလစ်သေးသဖြင့် မျက်စိက အရာအားလုံးကို မြင်နေရသည်။

သူ့စိတ်ထဲမှာ အရင်ရောက်နှင့်နေသော ပုလိပ်သုံးယောက်ကို မျှော်လင့်နေမိသည်။

သို့သော်လည်း အသံလည်း မကြားရ။

အရိပ်အယောင်မျှပင် မမြင်ရသေးပေ။

"မင်းချထားတဲ့ပုလိပ်တွေကို မျှော်လင့်မနေပါနဲ့ကွာ၊ အခုအချိန်လောက်ဆိုရင် သူတို့သုံးယောက်စလုံး အိပ်မောကျနေလောက်ပါပြီ"

"ဟင်. . ."

ထိုစကားကြားသောအခါ များစွာတုန်လှုပ်သွားလေသည်။

"ခင်. . . ခင်ဗျား ဘယ်သူလဲ"





"ငါ ဘယ်သူလဲဆိုတာ သိချင်ရင် မသေခင် ကြည့်သွားပေါ့ကွာ"

ဟု ပြောကာ မျက်နှာပေါ်မှာ အုပ်ထားသော အဝတ်နက်ကြီးကို ဖယ်ပြလိုက်ရာ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးကို တွေ့လိုက်ရသည်နှင့် ဆားပုလင်းရဲဒင်မှာ နေရာတွင် လဲကျသွားလေတော့သည်။

အတန်ကြာသောအခါ တောထဲမှ လူမည်းကြီးတစ်ယောက် ထွက်လာသည်။

"ဟိုပုလိပ်သုံးယောက်ရော"

"အိပ်ပျော်နေကြပြီ"


ထို့နောက်တွင် လူမည်းကြီး နှစ်ယောက်မှာ ဆားပုလင်းရဲဒင်၏လည်ပင်းကို ကြိုးဖြင့် ရစ်ပတ် သတ်လိုက်ပြီးနောက် ညောင်ပင်ကိုင်း၌ တွဲလောင်းဆွဲထားလိုက်ကြပြီး တောထဲသို့ ပြန်ဝင်သွားကြလေတော့သည်။

အမှောင်ထု ဖုံးလွှမ်းနေပြီဖြစ်သော ပတ်ဝန်းကျင်၌ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၉)

# သေရွာပြန်မျက်နှာနှင့် ရန်ငြိုးရန်စ

BURMESE CLASSIC .com

ယခုတလော ထုတ်ဝေလျက်ရှိသော သတင်းစာ၊ ဂျာ ယ်၊ စာစောင်များတွင် လူသတ်မှုသတင်းများက အဆက် ပြတ် ပါလာလေရာ အားလုံး စိတ်ဝင်တစား ဖြစ်နေကြလေ ည်။

အထူးသဖြင့် ပုလိပ်များ၊ ပုလိပ်အရာရှိများ၊ ဂျူရီလူကြီး း တစ်ယောက်ပြီးတစ်ယောက် မကြာခဏဆိုသလို အသတ်ခံ ရသဖြင့် များစွာစိတ်ဝင်စားဖွယ်ရှိလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအသတ်ခံရသောသူမှာ မင်္ဂလာဒုံ ဂါတ်
စခန်းမှ ဆားပုလင်းရဲဒင်ဆိုသူဖြစ်သည်။

ဆားပုလင်းရဲဒင်၏အလောင်းကို ညောင်ကိုင်းတွ
တန်းလန်းကြီး တွေ့ကြရသည့်အပြင် မနီးမဝေး တောစ
အတုံးအရုံး အိပ်ပျော်နေကြသော ပုလိပ်သုံးယောက်ကိုပါ တွေ
ကြရသည်။

ပုလိပ်သုံးယောက်၏ ပြောပြချက်အရ ၎င်းတို့သ
ယောက်မှာ ဆားပုလင်းရဲဒင်နှင့်အတူ လူသတ်သမားအား ဖ
ဆီးရန် သွားကြရင်းမှ သုံးယောက်စလုံး အိပ်ပျော်သွားကြခြ
ဖြစ်ကြသည်။

ဆားပုလင်းရဲဒင်၏အိတ်ထဲတွင် ထုံးစံအတိုင်း စာရွ
ခေါက်ကလေးတစ်ခုပါ တွေ့ကြရသည်။

(Same and Equal Reaction)

စာရွက်ပေါ်မှာလည်း ထိုစာတန်းက ပါလေသည်။

သို့ကြောင့် ယခင်လူများကို သတ်သော တရားခံ
ဆက်စပ်မှု ရှိလိမ့်မည်ဟု သတင်းစာများက မှတ်ချက်ပေး
ရေးသားဖော်ပြကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုလူသတ်မှုသတင်း
သော သတင်းကို ဖတ်ရင်း တစ်စုံတစ်ခုကို သတိရသဖြင့် ယ
က လူသတ်မှု ပါသော သတင်းစာ၊ ဂျာနယ်၊ စာစောင်မျာ
ထုတ်ယူကာ ဆက်စပ်၍ တိုက်ကာ ဖတ်ကြည့်နေလေသ

ထိုအချိန်မှာပင် စာရေးဆရာ အောင်မင်းအေ





ရောက်လာသည်။

"မဟုတ်ကာမှ လွဲရော... ဒီလောက် သဲကြီးမဲကြီး
ဖတ်နေပုံထောက်တော့ ဒီကနေ့ သတင်းစာထဲမှာ ပါတဲ့ လူသတ်
မှုသတင်းကို ဖတ်နေတာ ထင်ပါရဲ့"

ဟု မေးကာ အိမ်ထဲသို့ ဝင်လာလေသည်။

"အမှန်ပေါ့ ဆရာရယ်၊ ဆရာ ရောက်လာတာနဲ့
အတော်ပဲ၊ သတင်းစာ ဖတ်ပြီးပြီမဟုတ်လား"

"ဖတ်ခဲ့ပြီးပါပြီ"

ဒေါက်တာမင်းထင်ကျော်က သတင်းစာကို ချထားပြီး
ကြည့်လိုက်သည်။

"ဘယ်လိုများ သဘောရသလဲ"

"ကျုပ်အထင်ပြောရရင်တော့ အရင်က ဖြစ်တဲ့ လူသတ်
မှုတွေနဲ့ ကွင်းဆက်တစ်ခုတည်း ဖြစ်မှာပေါ့၊ နောက်တစ်ချက်က
အသတ်ခံရတဲ့လူတွေက ပုလိပ်တွေ၊ ဂျူရီလူကြီးတွေချည်း
ဆိုတော့ အမှုတစ်ခုနဲ့ ပတ်သက်တဲ့ ကလဲ့စားချေမှုလည်း ဖြစ်နိုင်
တာပေါ့"

ဆရာအောင်မင်းအောင်စကား ကြားသောအခါ ဒေါက်
တာမင်းထင်ကျော်က သဘောကျစွာ ပြုံးလိုက်လေသည်။

"ဆရာလေသံကလည်း စုံထောက်ကြီးဦးစံရှား လေသံ
အတိုင်းပါပဲလား"

"ဒါထက် မောင်ထင်ကျော်ရဲ့အယူအဆကိုလည်း
တဆိတ်လောက် ပြောပါဦး"

www.burmeseclassic.com



"ဆရာပြောတာ နီးစပ်ပါတယ်၊ သေတဲ့လူတွေဆီမှာ စာရွက်ခေါက်ကလေးတစ်ခု အမြဲချန်ထားခဲ့တာလည်း အတူတူပဲ မဟုတ်လား၊ အထဲမှာ ပါတဲ့ 'Same and Equal Reaction' ဆိုတဲ့အဓိပ္ပာယ်က 'တူညီသော တုန့်ပြန်မှု'ဆိုတဲ့ အဓိပ္ပာယ် မဟုတ်လား"

"မှန်ပါတယ်"

"သေတဲ့လူတွေ မှန်သမျှလည်း လည်ပင်းကို ကြိုးနဲ့ဆွဲသတ်တာ ခံရတာဆိုတော့ ကလဲ့စားချေတဲ့လူဟာ ဒီလိုအဖြစ်မျိုး ကြုံခဲ့ရတဲ့လူ၊ ဒါမှမဟုတ် ပတ်သက်တဲ့လူ မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တာပေါ့. . . ကျုပ် သတင်းစာဟောင်းတွေကို အားလုံးစုပြီး ဆက်စပ်ကြည့်ပြီးပြီ၊ အခုသေတဲ့လူတွေဟာ ဟိုတစ်နှစ်က လူသတ်မှုနဲ့ ကြိုးပေးခံလိုက်ရတဲ့ နိုင်ငံခြားပြန် ပါရဂူ ဆရာဝန်ကြီး ဦးကျော်သာရဲ့အမှုမှာ ပါဝင်ပတ်သက်ခဲ့တဲ့လူတွေချည်းပဲ၊ ဒီအတိုင်းဆိုရင် ကျန်တဲ့လူတွေပါ စိုးရိမ်ရတဲ့ အခြေအနေမျိုးပဲ၊

ဒါထက် ဆရာဝန်ကြီးဦးကျော်သာက သေသွားပြီပဲ၊ ဘယ်လိုလူမျိုးက အခုလို လုပ်နေတာပါလိမ့်"

"သူနဲ့ ပတ်သက်တဲ့လူတွေထဲက ဖြစ်မှာပေါ့၊ ဟိုတလောက ကျွန်တော် ဦးဗန်ကောင်းနဲ့ တွေ့တယ်"

"သူ ထောင်က လွတ်လာပြီလား"

"ထောင်သုံးလပဲ ကျတယ်. . . ပြန်လွတ်လာပြီ၊ ဦးဗန်ကောင်း ထောင်ထဲမှာ နေရတုန်းက ဆရာဝန်ကြီး ဦးကျော်သာနဲ့





အတူတူ နေခဲ့ရတယ်လို့ ပြောတယ်"

"ဒါဖြင့် သူနဲ့ သွားတွေ့ကြရင် ကောင်းမယ်၊ စိတ်ဝင်စားရာ အချက်အလက်ကလေးတွေ ရတော့လည်း စာရေးဖို့ ရနိုင်မှာပေါ့"

ဟု ပြောဆိုကာ ဦးဗန်ကောင်း နေထိုင်ရာသို့ ကားဖြင့် ထွက်လာကြလေသည်။

ဦးဗန်ကောင်းမှာ နေရာအတည်တကျ မရှိဘဲ သွားလာနေထိုင်သူဖြစ်ပေရာ ယခုလောလောဆယ် ရန်ကုန်မြို့လယ်ရှိ စာဆိုတန်းတွင် ရှိနေသဖြင့် ထိုနေရာသို့ သွားကြလေသည်။

စာဆိုတန်းအမည်ကို ယခုလူတို့ ကြားဖူးကြမည် မဟုတ်ပေ။ စာဆိုတန်းမှာ ပန်းပဲတန်းမြို့နယ်အတွင်း၌ ရှိပြီး ယခုအခေါ် (၂၅)လမ်းပင်ဖြစ်၏။

ပန်းပဲတန်းမြို့နယ်အတွင်းရှိ လမ်းများမှာ ရှေးက အမည်ဟောင်းများ ရှိခဲ့ပေသည်။

၎င်းအမည်များမှာ စိတ်ဝင်စားဖွယ်ဖြစ်လေသည်။

(၂၅)လမ်းမှာ စာဆိုတန်း

(၂၆)လမ်းမှာ ကျောက်တံတားလမ်း

ကုန်စျေးတန်းလမ်းမှာ အက်ဒွပ်လမ်း

(၂၇)လမ်းမှာ ပုဆိုးတန်းလမ်း

(၂၈)လမ်းမှာ သံဖြူတန်း

ချစ်တီးတန်းဟု ခေါ်သော မဂိုလမ်းမှာ နောင်သောအခါ ရွှေဘုံသာလမ်း ဖြစ်လာခဲ့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လမ်း(၃၀)မှာ အာရကတ္တိလမ်း

ဗိုလ်ဆွန်ပက်လမ်းမှာ စစ်ကဲ မောင်ထော်လေးလမ်း

(၃၁)လမ်းမှာ ရေလယ်ကျောင်းလမ်း စသည်တို့ ဖြစ်ကြသည်။

စာဆိုတန်းဟုခေါ်သော (၂၅)လမ်းမှာ မွန်တိုင်းရင်းသား စာဆိုတော်တစ်ဦးဖြစ်သူ ဦးပုတ်နီကို အစွဲပြု၍ ခေါ်ဆိုကြခြင်းဖြစ်ပေသည်။

ဦးပုတ်နီသည် ပုဂံမင်းလက်ထက်(၁၈၄၉)ခုနှစ်တွင် ကျောက်တံတားရပ်၌ ဖွားမြင်ခဲ့သည်။

နောက်ပိုင်းတွင် စာဆိုတော်အမိန့်တော်ရမင်းအဖြစ် ထင်ရှားခဲ့လေသည်။

ၚင်းရေးဖွဲ့ခဲ့သော ကုမ္မာရဇာတ်၊ ဘန်းပုံရာဇာ ကွမ်းပုံ ကုမ္မာပြဇာတ်တို့မှာ ထင်ရှားပေသည်။

ဦးပုတ်နီသည် (၁၈၈၈)ခုနှစ်တွင် ကွယ်လွန်ခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဆရာအောင်မင်းအောင်တို့ စာဆိုတန်း(၂၅)လမ်းသို့ ရောက်သောအခါ ဦးဗန်ကောင်းအား ဆိုက်ဆိုက်မြိုက်မြိုက်ပင် တွေ့ရလေသည်။

"အလို. . . မောင်ထင်ကျော်တို့ပါလား၊ လာကြ. . . လာကြ"

ဦးဗန်းကောင်းက ၎င်းနေထိုင်သော တိုက်ခန်းအတွင်းမှာပင် နေရာထိုင်ခင်း ပေးလေသည်။

"ဘယ်လိုလဲ ဦးဗန်ကောင်း၊ ထောင်ထဲမှာ သုံးလ





လောက် နေခဲ့ရတော့ အခြေအနေ ဘယ်လိုရှိသလဲ"

"ကျုပ်အဖို့ကတော့ ထောင်ထဲမှာ နေရလည်း သိပ်တော့ မဆန်းလှတော့ပါဘူး"

"ဒါထက် ဦးဗန်ကောင်း အင်းစိန်ထောင်ထဲမှာ နေတုန်းက ဆရာဝန်ကြီးဦးကျော်သာနဲ့ တွေ့ခဲ့သေးတယ်ဆို"

"အင်း. . တွေ့ခဲ့တယ်၊ တကယ့်ပညာတတ်ကြီးတစ်ယောက် အလဟဿ အသက်ဆုံးရှုံးရတာ နှမြောစရာကောင်းလှတယ်"

"သူနဲ့ တွေ့တုန်းက ဘာတွေများ ထူးထူးခြားခြား သိခဲ့ရသေးလဲ. . . ပြောပါဦး"

ဦးဗန်ကောင်းက ကွမ်းတစ်ယာကို ဝါးနေရင်း စဉ်းစားနေသည်။

"သူကတော့ လူသတ်မှုကို သူ မသတ်ဘူးလို့ ကျုပ်ကို အခိုင်အမာ ပြောနေတာပဲ၊ သေသွားတဲ့လူကို ဆေးပညာ စမ်းသပ်နေရင်းနဲ့ ပုလိပ်တွေ ဝင်လာပြီး နှောင့်ယှက်လို့ သေရတာလို့ ပြောတယ်"

"သူ့ပညာက ဘယ်လိုပညာမျိုးလဲ"

"ထူးထူးဆန်းဆန်းပဲ မောင်ထင်ကျော်ရဲ့၊ သူစမ်းသပ်နေတဲ့ ဆေးပညာက အသက်ဝိညာဉ်ကို ခန္ဓာကိုယ်ထဲက ထုတ်နိုင်သွင်းနိုင်တဲ့ အတတ်ပညာမျိုးလို့တော့ ပြောတယ်၊

ပုလိပ်တွေ ရောက်လာတဲ့အချိန်မှာ သေသွားတဲ့လူရဲ့ ခန္ဓာကိုယ်ထဲက အသက်ဝိညာဉ်ကို ထုတ်ထားတဲ့အချိန်နဲ့ တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သွားတော့ ပုလိပ်တွေက သေပြီလို့ ထင်တာနဲ့ သူ့ကို ဖမ်းခေါ်သွားတာနဲ့ အပြစ်မရှိတဲ့လူတစ်ယောက် သေရတာလို့ ပြောပြတယ်"

"အဆန်းပါလား. . . ခန္ဓာကိုယ်ထဲက ဝိညာဉ်ကို လိုသလို ထုတ်နိုင်သွင်းနိုင်တဲ့ ပညာတွေဟာ ရှိပါတယ်၊ အိန္ဒိယ ယောဂီကြီးတွေနဲ့ တိဘက်လာမားကြီးတွေမှာ အဲဒီလို အတတ်ပညာမျိုး ရှိပါတယ်၊ ဆေးပညာလောကမှာတော့ ဒါ ပထမဦးဆုံးဖြစ်မယ်ထင်တယ်"

"ဟုတ်တယ် မောင်ထင်ကျော်ရဲ့၊ ကျုပ်လည်း ကြားကာစကတော့ အတော်ကလေး အံ့ဩသွားတယ်၊ ဒါပေမယ့် သူ အမှန်တွေ ပြောနေတာကို နောက်မှ သိရတယ်၊ သူ့ကြည့်ရတာ အကြံအစည် အောင်မြင်ကာနီး ရောက်ကာမှ ဝင်ရောက်နှောင့်ယှက်တဲ့ ပုလိပ်တွေနဲ့ သူ့ကို အပြစ်မရှိပါဘဲ သေဒဏ်ချခဲ့တဲ့ ဂျူရီလူကြီးတွေကို ကျေနပ်ပုံမရဘူး"

"ဒီလိုဖြင့် အခုသေတဲ့လူတွေကို ဆက်စပ်ကြည့်ရင် သူ့အမှုနဲ့ ပတ်သတ်တဲ့လူတွေချည်းပဲဆိုတော့ ဦးကျော်သာများ သေရွာက တစ်ကျော့ပြန်လာပြီး ကလဲ့စားချေနေတာများ ဖြစ်မလား"

ဆရာအောင်မင်းအောင်စကား ကြားသောအခါ ဦးဗန်ကောင်းက. . .

"ဆရာဝန်ကြီး ဦးကျော်သာက ကြိုးပေးခံရလို့ သေသွားပြီပဲ၊ သူ့အလောင်းကိုတောင် အဲဒီနေ့မှာပဲ သူ့တပည့်တွေ လာယူသွားပြီး ထောက်ကြံ့ဘက်မှာ ရှိတဲ့ မောရမြိုင်ခြံကြီးထဲမှာ မြှုပ်





သားတယ်လို့ ပြောသံကြားမိတယ်"

ဟု ပြောသည်။

"ဒါတင် ဘယ်ကမှာလဲ မောင်ထင်ကျော်ရဲ့ အမိက တရားခံ တစ်ယောက် ကျန်သေးတယ်လေ"

"ဘယ်သူလဲ ဆရာ"

"ပုလိပ်တွေကို သွားခေါ်လာတဲ့ သေသွားတဲ့ မောင်သွန်းခရဲ့ မိန်းမ မရင်မေလေ၊ ဒီလိုဖြစ်ပျက်ခဲ့ရတဲ့ အမှုမှာ သူကအမိက တရားခံပဲ၊ သူက ဆရာဝန်ကြီး ပေးတဲ့ ငွေသုံးရာကို ယူပြီးတော့မှ ပုလိပ်တွေကို သွားခေါ်တာပဲ၊ အမိက တရားခံကသူပဲ၊ တကယ်လို့သာ ဆရာဝန်ကြီးဦးကျော်သာရဲ့တပည့်တွေကလက်စားချေနေတာ မှန်ရင်တော့ အဲဒီမရင်မေဆိုတဲ့မိန်းကလေး လွတ်လောက်မယ် မထင်ဘူး"

"အဲဒီမိန်းကလေး ဘယ်မှာ နေတာလဲ"

"ပျဉ်းမပင်ရွာမှာ"

ဟု ပြောဆိုကာ စကားဝိုင်း သိမ်းလိုက်ကြလေသည်။

ပျဉ်းမပင်ရွာမှာ မင်္ဂလာဒုံမြို့နယ်အတွင်း၌ ပါဝင်ပေသည်။ မင်္ဂလာဒုံမြို့နယ်ကို စတင်ဖွဲ့စည်းစဉ်က ယခင်ကျောင်းကုန်း စီရင်စုအပိုင် လှော်ကား၊ ကုန်းတန်းတိုက်နယ်အဝင် စမ်းကြီးဝ၊ ရေသိုးစီရင်စုအဝင် ထောက်ကြံ့ အစရှိသည့် ကျေးရွာကြီးများအပြင် ပျဉ်းမပင်၊ နွယ်ခွေ၊ သက်နင်းကျွန်းကြီး စသည့်ကျေးရွာများ ပါဝင်လေသည်။

ပျဉ်းမပင်ရွာမှာ ခြံမြေစိုက်ပျိုးသူတို့ စုပေါင်းနေထိုင်



www.burmeseclassic.com

www.burmeseclassic.com



သော ရွာငယ်ကလေးတစ်ရွာမျှသာ ဖြစ်ပေသည်။

မောင်ထွန်းခ သေဆုံးသွားပြီးနောက်ဝယ် ဇနီးဖြစ်သူ မရင်မေမှာ ဖျဉ်းမပင်ရွာသို့ ပြန်သွားပြီးနောက် ဦးကျော်သာထံမှ ရရှိခဲ့သော ငွေသုံးရာကို အရင်းအနှီးပြုကာ ဈေးဆိုင်ကလေး ဖွင့်၍နေထိုင်ခဲ့လေသည်။

ထိုသို့ တစ်ကိုယ်တည်း နေထိုင်လာစဉ် တစ်ညတွင် ကြောက်မက်ဖွယ်ကောင်းသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။ အိပ်မက်ထဲတွင် ဆရာဝန်ကြီး ဦးကျော်သာ ရောက်လာလေသည်။ ဦးကျော်သာမှာ ပင်ကိုယ်ရုပ်ရည် မရှိတော့၊ မျက်လုံးနှစ်လုံးက အပြင်သို့ ပြူးထွက်နေပြီး လည်ပင်းကြီးက အဆမတန် ရှည်ထွက်နေသည်။

မျက်နှာက တစ်ခြမ်းစောင်းနေပြီးနောက် ကြောက်မက်ဖွယ်ရာဖြစ်နေတော့သည်။

၎င်းက မရင်မေ ရှိရာသို့ လာပြီး အသံသြသြကြီးဖြင့် ပြောလေသည်။

"နင့်ကြောင့် ငါအလုပ်တွေ ရည်ရွယ်ချက်တွေလည်း ပျက်စီးခဲ့ရတယ်၊ ငါလည်း အသက်သေခဲ့ရတယ်၊ ဒါကြောင့် နင့်ကို ငါ အခဲမကြေဘူး၊ နင့်ကို သတ်ပစ်ရမယ်"

ဟု ပြောဆိုကာ လက်နှစ်ဖက်ဖြင့် လည်ပင်းညှစ်ရန် ရှေ့တိုးလာသဖြင့် အလန့်တကြား အော်ဟစ်ကာ လန့်နိုးလာတော့သည်။

နိုးလာလာချင်း တဲပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်





လိုက်သောအခါ တဲနှင့် မနီးမဝေးနေရာတွင် ရပ်တန့်နေသော မည်းမည်းသဏ္ဍာန်ကြီးကို လှမ်းမြင်ရသည်။

"အမယ်လေး. . "

အမှတ်တမဲ့ အသံထွက်သွားသောကြောင့် ပါးစပ်ကို လက်ဝါးဖြင့် ပိတ်ထားလိုက်ရလေသည်။

မည်းမည်းသဏ္ဍာန်ကြီးက အတန်ကြာသည်အထိ သူ့တဲဘက်သို့ ကြည့်နေပြီးမှ အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

မရင်မေမှာ ဆက်မအိပ်ဝံ့တော့သဖြင့် တစ်ညလုံး ငုတ်တုတ်ထိုင်နေရလေသည်။

နောက်နှစ်ရက်ခန့်ကြာသောအခါ မင်္ဂလာဒုံဈေးမှ ဆိုင်အတွက် ပစ္စည်းများ ဝယ်ပြီး တစ်ယောက်တည်း ပြန်လာရာ ရွာနှင့် မနီးမဝေး လမ်းတစ်နေရာ ရောက်သော် မျက်နှာချင်းဆိုင်ဘက်မှ တစ်ကိုယ်လုံး အဝတ်နက်ကြီး ခြုံထားပြီး နံဘေးသို့ အုပ်ကျနေသည့် မြက်ခမောက်အဝိုင်းကြီးကို ဆောင်းထားသော လူကြီးတစ်ယောက်မှာ သူမနှင့် မျက်နှာချင်းဆိုင်မှာ လျှောက်လာလေသည်။

ထိုလူကြီး၏အရပ်အမောင်းမှာ သာမန်လူထက် နှစ်ပေခန့် ပိုရှည်နေသယောင်ရှိသည်။

မရင်မေက အိပ်မက်ထဲတွင် တွေ့ရသော အဝတ်မည်းခြုံထားသည့် လူကြီးကို သတိရလိုက်ရသဖြင့် စိတ်ထဲမှာ ထိတ်လန့်သွားသည်။ တဖြည်းဖြည်းနှင့် လျှောက်လာရာ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် လူချင်း နီးလာသောအခါ ထိုလူကြီးက ရုတ်တရက် ရပ်လိုက်သဖြင့် မရင်မေကလည်း ယောင်ယမ်းပြီး ရပ်တန့်လိုက်လေသည်။

ထိုအခါ အဝတ်နက် ခြုံထားသောလူကြီးက မျက်နှာပေါ်မှာ ခပ်စိုက်စိုက် ဆောင်းထားသော မြက်ခမောက်ကြီးကို အပေါ်သို့ မ,တင်လိုက်ပြီး လည်ပင်းမှာ ပတ်ထားသောအဝတ်စကို ဖယ်လိုက်သည်။

"ဟင်. . ဦး. . ဦးကျော်သာ. ."

မရင်မေရှေ့၌ ရပ်နေသောအဘိုးကြီးမှာ အခြားသူမဟုတ်ပေ၊ သေဆုံးသွားသော ဆရာဝန်ကြီး ဦးကျော်သာနှင့် မျက်နှာချင်း အတော်ကလေး ဆင်သော လူတစ်ယောက်ပင် ဖြစ်နေသည်။

၎င်း၏လည်ပင်းမှာလည်း ဦးခေါင်းကို အနိုင်နိုင် ထိန်းထားရဟန် ရှိနေသောကြောင့် တလှုပ်လှုပ်နှင့် ဖြစ်နေတော့သည်။

"အမယ်လေး. ."

မရင်မေမှာ လက်ထဲမှာ ကိုင်ထားသော အထုပ်အပိုးများကို လွှတ်ချပြီး ကြောက်လန့်တကြား ထွက်ပြေးလေတော့သည်။

ရွာထဲ ရောက်တော့ ရွာသားအချို့က လှမ်းမေးသည်။

"ဟဲ့. . ရင်မေ၊ ဘာဖြစ်လာတာလဲ"

"သ. . သရဲ ခြောက်လို့. ."





"မဟုတ်တာ. . . နေ့ခင်းကြီး ဘယ်က သရဲခြောက်တာတုန်း"

"ဟိုတောစပ်က ခြောက်လွှတ်လိုက်တာ၊ ကျွန်မ ဈေးဝယ်လာတဲ့ ပစ္စည်းတွေလည်း အဲဒီနားမှာ ကျကျန်ခဲ့ပါတယ်. . လုပ်ကြပါဦးရှင်"

သို့ကြောင့် ရွာသားနှစ်ယောက်ကပါ လိုက်လာပြီး ကြည့်သောအခါ တောစပ်၌ ကျနေသော ဈေးထုပ်များကိုသာ တွေ့ရပြီး အခြားတော့ ဘာမှ မတွေ့ကြရပေ။

သို့သော် မရင်မေစိတ်ထဲမှာတော့ အကြောက်ကြီး ကြောက်ရွံ့နေလေသည်။

နောက်ပိုင်းရက်များမှာတော့ တစ်ယောက်တည်း မနေဝံ့သဖြင့် ရွာထဲမှ မိန်းမကြီးတစ်ယောက်ကို အဖော်ခေါ်ထားလေသည်။ သို့သော်လည်း ကြောက်မက်ဖွယ်ကောင်းသော အိပ်မက်တ ရက်ခြားဆိုသလို မက်နေသလို မိမိအိမ်နှင့် မနီးမဝေးတွင် ရပ်နေသည့် မည်းမည်းသဏ္ဍာန်ကြီးကိုလည်း မကြာခဏ တွေ့နေရလေသည်။

တစ်နေ့တွင် မှေးကနဲ အိပ်ပျော်သွားစဉ် လူမည်းကြီးက သူမကို လာရောက်ပွေ့ခေါ်သွားသည်ဟု မြင်နေရသည်။

ထိုသို့ မြင်နေရသော်လည်း လူကတော့ လှုပ်မရပေ။

မျက်လုံးက မြင်နေရသလို အသံကိုလည်း ကြားနေရသည်။ သို့စေကာမူ စကားပြော၍ အသံမထွက်သလို ကိုယ်ကလည်း လုံးဝ လှုပ်မရပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လူမည်းကြီးက တောစပ်တစ်နေရာသို့ ပွေ့ခေါ်သွားသည်။ လူသူကင်းဝေးသည့်နေရာသို့ ရောက်သောအခါ အောက်သို့ ချပြီး အဝတ်နက်ကြီး ဖုံးကွယ်ထားသော သူ့မျက်နှာကို လှပ်ပြလေသည်။

ထိုမျက်နှာမှာ သေဆုံးသွားသော ဆရာဝန်ကြီး ဦးကျော်သာ၏မျက်နှာမျိုး ဖြစ်နေပြီး ကြောက်မက်ဖွယ်ကောင်းသောပုံစံမျိုး ဖြစ်နေလေသည်။

မျက်လုံးက ပြူးပြူး၊ မျက်နှာက တစ်ခြမ်းစောင်းနေပြီး လည်ပင်းကြီးက ရှည်ထွက်နေသည်။

အရိုးအဆစ်များ ပြုတ်ထွက်နေသည့် လည်ပင်းက မထိန်းနိုင်သဖြင့် ဦးခေါင်းက ဟိုယမ်းဒီယမ်းဖြစ်နေသည်။

"နင့်ကြောင့် ငါ့ရဲ့စီမံကိန်းတွေ ကြိုးစားအားထုတ်မှုတွေ အားလုံး ပျက်စီးခဲ့ရတယ်၊ ဒါ့အပြင် ငါပါသေခဲ့ရတယ်၊ ဒါကြောင့် နင့်ကို အရှင်မထားနိုင်ဘူး"

"ကြောက်. . ကြောက်ပါပြီရှင်. . . ကျွန်မ မသိလို့ လုပ်ခဲ့မိတာပါ၊ အသက်ကိုတော့ ချမ်းသာပေးပါ"

မရင်မေမှာ ထိုသို့သာ ပြောနေသော်လည်း အသံကတော့ လုံးဝမထွက်နိုင်တော့ပေ။

သို့နောက် လူမည်းကြီးက မနီလာကြိုးခွေတစ်ခွေ ထုတ်ကာ မရင်မေ လည်ပင်းကို ရစ်ပတ်ကာ ညှစ်သတ်လိုက်ရာ မရင်မေ့ခမျာ မချိမဆံ့ ဖြစ်ကာ သေဆုံးသွားလေတော့သည်။

ထို့နောက် အလောင်းများကို အများမြင်သာသော သစ်





ကိုင်းတစ်ကိုင်းတွင် တန်းလန်းဆွဲထားခဲ့ပြီး အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၀)

# ဒေါက်တာမင်းထင်ကျော်နှင့် မြွေသင်းကြူ

ဒေါက်တာမင်းထင်ကျော်မှာ တစ်နေ့တစ်ခြား စိတ်ဝင်းဖို့ ကောင်းလာသော လူသတ်မှုသတင်းများကို ဖတ်ရှုရင်းကြောင်းအရာများ၊ ကွင်းဆက်များ၊ သဲလွန်စများကို ဆက်စပ်တွေးတောကြည့်နေမိသည်။

ထိုအမှုများမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်မှု ရှိနေသဖြင့်တ်ဝင်စားစရာကောင်းလှပေသည်။

နယ်မြေအသီးသီးတို့မှ ဆားပုလင်း၊ စုံထောက်နှင့်ထိပ်များမှာလည်း လူသတ်တရားခံ ဖမ်းမိနိုင်ရေးအတွက်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန် ကြိုးစားလျက်ရှိနေကြသည်။

၎င်းတို့သည် ဆရာဝန်ကြီးဦးကျော်သာနှင့် ပတ်သက်သူများအား စစ်ဆေးခြင်း၊ သက်ဆိုင်သောနေရာများသို့ သွားရောက်ရှာဖွေကြခြင်း၊ မသင်္ကာသူများကို ဖမ်းဆီး၍ မေးမြန်းစစ်ဆေးမှုများ အကြိမ်ကြိမ် ပြုလုပ်သော်လည်း တရားခံကိုတော့ သဲလွန်စ မရနိုင်အောင် ရှိနေကြသည်။

နောက်ပိုင်းမှာလည်း မောရမြိုင်ခြံကြီး ပတ်ဝန်းကျင်တစ်ဝိုက်၌ ပုလိပ်အချို့ကို လျှို့ဝှက်စွာဖြင့် စောင့်ကြည့်ခိုင်းထားလေသည်။

ပုလိပ်များမှာ မောရမြိုင်အိမ်ကြီးနှင့် မနီးမဝေးနေရာရှိ သစ်ပင်များ၊ ချုံပုတ်များကို အကာအကွယ်ယူ၍ နေ့ညမပြတ် စောင့်ဆိုင်းကြည့်ရှုကြသော်လည်း အခြေအနေကတော့ မထူးလှပေ။

ခြံဝန်းထဲတွင် အခြားလူများ မတွေ့ရပဲ ခြံစောင့်ကြီး ဦးစံသာတစ်ယောက်ကို တစ်ခါတစ်ရံ တွေ့မြင်ကြရသည်။ တစ်ခါတစ်ရံလည်း မြို့ထဲဆေးခန်းတွင် နေထိုင်သော ဦးရွှေမောင် ရောက်လာပြီး အိမ်နှင့်ခြံကို လှည့်လည်ကြည့်ရှုလေ့ရှိသည်ကို တွေ့ကြရသည်။

ဆရာဝန်ကြီးဦးကျော်သာ၏သမီးဖြစ်သူ မနှင်းကျော်ကတော့ ၎င်း၏ဖခင် သေဆုံးသွားပြီးနောက် မောရမြိုင်ခြံကြီးသို့ တစ်ခေါက်တစ်လေမှပင် မလာတော့ပေ။

မောင်သူရနှင့် အိမ်ထောင်ကျပြီး သားတစ်ယောက် မွေး





ပြီးနောက်ပိုင်း ဆေးခန်းကိုပင် ကောင်းစွာ မထိုင်နိုင်တော့ပေ။

မွေးလာသော သားကလေးမှာလည်း ယောကျ်ားကလေးဖြစ်ပြီး မွေးကတည်းက ရောဂါမျိုးစုံ ဖိစီးနှိပ်စက်သဖြင့် နေ့စဉ်နှင့်အမျှ အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေဖြစ်နေသောကြောင့် မနှင်းကျော်တစ်ယောက် ဆေးခန်းကိုပင် ကောင်းစွာမလုပ်နိုင်တော့ဘဲ ယောကျ်ားဖြစ်သူ မောင်သူရနှင့် ဦးရွှေမောင်တို့ကိုသာ လွှဲအပ်ထားရလေသည်။

ထို့ပြင် ယခုရက်ပိုင်းမှာပင် မောရမြိုင်နှင့် ပတ်သက်သည့် သတင်းများကလည်း နေ့စဉ်နှင့်အမျှဆိုသလို အဆက်မပြတ် ပါနေသောကြောင့် စိတ်ညစ်နေရသည်။

ဖခင်ဖြစ်သူ ဦးကျော်သာမှာ နိုင်ငံခြားပြန် ဆရာဝန်ကြီးတစ်ဦးဖြစ်ပါလျက် လူသတ်မှုဖြင့် ကြိုးပေးခံခဲ့ရပြီးနောက် အများအမြင်၌ ကဲ့ရဲ့စရာ ဖြစ်နေ၍မှ မပြီးသေးမီ ယခုအခါ မောရမြိုင်နှင့် ပတ်သက်သော သတင်းများက နေ့စဉ်နှင့်အမျှ ဖော်ပြနေပြန်သဖြင့် စိတ်အနှောင့်အယှက် ဖြစ်နေရခြင်းဖြစ်၏။

ထို့ပြင်. . .

ပုလိပ်နှင့်စုံထောက်များက မောရမြိုင်အိမ်နှင့်ခြံကိုသာမက မဂိုလမ်း၌ ရှိသော ဆေးခန်းတဝိုက်မှာပါ မသင်္ကာဖွယ်ရာ စောင့်ကြည့်နေကြသည်။

တစ်ခါတစ်ရံ ဆေးခန်းအတွင်းသို့ပင် မယောင်မလည် လာရောက်၍ အကဲခတ် စုံစမ်းကြလေသည်။

ထို့ပြင်. . .



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ငှင်းနှင့် ပတ်သက်သည့် သတင်းများကိုပါ စောင်းပါးရိပ်ခြည် ဖော်ပြပေးကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ သတင်းစာ၊ ဂျာနယ်၊ စာစောင်အဟောင်းအသစ်များကို စုပုံ၍ ဆက်စပ်လေ့လာလျက် ရှိနေရာမှာ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေမိသည်။

ထိုအချိန်မှာပင် တပည့်တစ်ယောက် ရောက်လာပြီး. .

"ဆရာ. . . အပြင်မှာ ဧည့်သည်တစ်ယောက် ရောက်နေပါတယ်"

ဟု လာပြောလေသည်။

"ဘယ်သူတဲ့လဲ. ."

"အမျိုးသမီးတစ်ယောက်ပဲ ဆရာ၊ နာမည်က မြသင်းကြူလို့ ပြောပါတယ်"

ဒေါက်တာမင်းထင်ကျော်မှာ မြသင်းကြူဟူသော အမည်ကို ကြားလိုက်သဖြင့် အနည်းငယ်အံ့သြသွားသည်။

မြသင်းကြူမှာ တက္ကသိုလ်တက်စဉ်က သိကျွမ်းခဲ့ဖူးသော မိန်းကလေးတစ်ဦးဖြစ်ပြီး စက်ရှင်တရားသူကြီးတစ်ဦး၏ သမီးဖြစ်သည်နှင့်အညီ မာန်မာနကြီးသည့် မိန်းကလေးတစ်ဦးလည်းဖြစ်သည်။

"အထဲကို လွှတ်လိုက်ပါကွာ"

ဟု ပြောလိုက်ရာ တပည့်ကလေး ပြန်ထွက်သွားပြီး ခဏကြာတော့ မြသင်းကြူ ဝင်လာသည်။





သူမမှာ သိကျွမ်းခဲ့ဖူးသော မြသင်းကြူပင်ဖြစ်ပေသည်။

မြသင်းကြူမှာ အသက်နှစ်ဆယ်ဝန်းကျင်အရွယ်ခန့်ရှိပြီး ချောမောသည့် မိန်းကလေးတစ်ဦးဖြစ်သည်။

"မြသင်းကြူပါလား. . . ထိုင်ပါ"

မြသင်းကြူ၏မျက်နှာမှာ စိတ်သောက တစ်ခုခုကြောင့် နွမ်းနေဟန်ရှိလေသည်။

မြသင်းကြူက ဒေါက်တာမင်းထင်ကျော်ရှေ့တွင် ဝင်ထိုင်လေသည်။

"ကျွန်မတို့ မတွေ့ကြရတာ အတော်ကြာပြီနော်"

"ဟုတ်ပါတယ်. . . ကျွန်တော်လည်း တက္ကသိုလ်က ပြီးတာနဲ့ နိုင်ငံခြားမှာ ဒေါက်တာဘွဲ့အတွက် သွားနေရတာ အတော်ကြာတယ်၊ ပြန်ရောက်တော့လည်း သုတေသနလုပ်ငန်းတွေနဲ့ ခရီးထွက်နေရတာနဲ့ ရန်ကုန်မှာတောင် သိပ်မနေရပါဘူး"

"ကိုမင်းထင်ကျော်နဲ့ မတွေ့ရပေမယ့် သတင်းတွေကိုတော့ အမြဲကြားနေရပါတယ်"

"ဒါထက် မြသင်းကြူ ဘယ်လိုကိစ္စများ ရှိလို့ ကျွန်တော့်ဆီ ရောက်လာတာလဲဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ ဖေဖေ့ကိစ္စအတွက် ကိုမင်းထင်ကျော်ကို အကူအညီတောင်းစရာရှိလို့ပါ"

"ပြောပါ မြသင်းကြူ တတ်နိုင်တဲ့ အကူအညီမျိုးဆိုရင် ပေးပါ့မယ်"

"ကျွန်မဖေဖေက စက်ရှင်တရားသူကြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတော့ ကိုမင်းထင်ကျော် သိပါတယ်နော်”

“ဟုတ်ကဲ့ . . . သိပါတယ်၊ ဦးက အခုအချိန်အထိ အလုပ်လုပ်နေတုန်းပဲလား”

“ဟုတ်ကဲ့ . . . လုပ်နေတုန်းပဲ၊ တလောက ဖေဖေ့ရုံးက ဆရာဝန်တစ်ယောက်အမှုကို ဆုံးဖြတ်ပေးခဲ့ရတယ်”

“နိုင်ငံခြားပြန် ဆရာဝန်ကြီး ဦးကျော်သာရဲ့အမှုများ လား”

“ဟုတ်ပါတယ် . . . အခု သတင်းစာတွေမှာ ပါနေတဲ့ အမှုပါပဲ၊ အဲဒီအမှုက သေဒဏ်ပေးခဲ့ရတဲ့အမှုပါ။ ဦးကျော်သာ သေဆုံးသွားပြီးတဲ့နောက်ပိုင်းမှာ အမှုနဲ့ သက်ဆိုင်တဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် သေနေကြတာ ကိုမင်းထင်ကျော် လည်း သိပြီးရောပေါ့”

မြသင်းကြူက စားပွဲပေါ်မှာ ချထားသော သတင်းစာနှင့် ဂျာနယ်များကို တစ်ချက်ကြည့်ကာ မေးလိုက်သည်။

“ဟုတ်ကဲ့ . . . သိပြီးပါပြီ၊ အမှုက အတော်ထင်ရှားတဲ့ အမှုပဲ”

“ဟုတ်ပါတယ် . . . အမှုက ဆရာဝန်ကြီး ဦးကျော်သာ က သေတဲ့သူကို သတ်လိုက်တယ်ဆိုတာလည်း အမှန်ပါပဲ ဒါကြောင့် ဖေဖေက ကြိုးမိန့်ပေးခဲ့တာပါ၊ အဲဒီနောက်ပိုင်းမှာ တော့ အဲဒီအမှုမှာ ပါဝင်ပတ်သက်တဲ့ ပုလိပ်ကအစ အင်စပက် တော်အလယ် ဂျူရီအဖွဲ့မှာ ပါတဲ့ လူကြီးတွေပါ တစ်ယောက်ပြီး တစ်ယောက် အသတ်ခံနေရတာပါပဲ”





“သူတို့က ဘယ်လိုပုံစံနဲ့ သေကြတာလဲ”

“အားလုံး လည်ပင်းကို ကြိုးနဲ့ ရစ်ပတ်ပြီး အသတ်ခံရ တာပါပဲ၊ အမှန်တော့ ကြိုးပေးခံရလို့ သေသလိုမျိုး သေကြရတာ ပါပဲ၊ အခုတော့ ဖေဖေ့အလှည့် ရောက်လာပါပြီ”

“ဟင် . . . ဘယ်လိုမျိုး ရောက်လာတာလဲ”

မြသင်းကြူက စိတ်မကောင်းသော အမူအယာဖြင့် ပြောပြလေသည်။

“ဖေဖေပြောပြတဲ့အတိုင်းဆိုရင် သေတဲ့လူတွေဆီကို သေသွားတဲ့ ဆရာဝန်ကြီး ဦးကျော်သာရဲ့ဝိညာဉ် ရောက်လာပြီး ခြောက်လှန့်နှောက်ယှက်တယ်လို့ ပြောပါတယ်၊

အဲဒီလို အနှောင့်အယှက် ခံရပြီးရင် တစ်နည်းနည်းနဲ့ လည်ပင်းမှာ ကြိုးပတ်ခံရပြီး သေကြရတာပါပဲ”

“တိုက်ဆိုင်မှုတစ်ခုရော မဖြစ်နိုင်ဘူးလား”

“တိုက်ဆိုင်မှုတော့ မဟုတ်နိုင်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ သေတဲ့လူတွေအားလုံး ဦးကျော်သာရဲ့ကြောက်မက် ဖွယ်ကောင်းတဲ့ ပုံပန်းသဏ္ဍာန်ကြီးကို တွေ့မြင်ပြီးမှ သေကြရ တယ်လို့ ပြောပါတယ်”

“အတော်ဆန်းကြယ်တဲ့ အဖြစ်အပျက်ပဲ၊ ဒါထက် မြ သင်းကြူအဖေကတော့ အခုရက်ပိုင်းအတွင်းမှာ ဦးကျော်သာရဲ့ ဝိညာဉ် ခြောက်လှန့်နေတာကို ခံနေရပါတယ်”

စက်ရှင်တရားသူကြီး ဦးမြတ်စံ နေထိုင်သောနေရာမှာ ကန်တော်လိန်း(ယခု ကုက္ကိုင်း)ဘက်ရှိ အတွင်းဘက်၌ ရှိသော ခြံကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတစ်ခြံဖြစ်သည်။

ရှေးအခါက ပက္ကလိန်းဘက်၌ လူနေအိမ်ခြေ သိ မများလှဘဲ ခြံနှင့်ဝန်းနှင့် နေထိုင်ကြသူများသာ နေထိုင်ကြေ သည်။

ထို့ပြင် သစ်ပင်ဝါးပင်များ ပေါများသဖြင့် တစ်အိမ်နှ တစ်အိမ် တစ်ခြံနှင့်တစ်ခြံ မမြင်ရလောက်အောင် ပိတ်ဆီးလျ ရှိနေသည်။

ဦးမြတ်စံ နေထိုင်သောခြံမှာ လမ်းအတွင်းပိုင်း၌ ရှိေ သည်။ ဦးမြတ်စံမှာ အသက်(၆၀)အရွယ်နား နီးနေပြီဖြစ်သော် လည်း ပင်စင်မယူသေးဘဲ စက်ရှင်တရားသူကြီးအလုပ်ကို လု ကိုင်လျက်ပင် ရှိသေးသည်။

သူသည် အဂတိ လိုက်စားမှု ကင်းကာ သမာသမ ကျသော တရားသူကြီးများထဲတွင် တစ်ဦးပါလေသည်။

တရားစီရင်ရာမှာလည်း မှန်ကန်မှု ရှိပေသည်။

သို့ကြောင့် အရေးကြီးသော အမှုကြီးများဆိုလျှ ဦးမြတ်စံ စီရင်ဆုံးဖြတ်မှု ပေးရလေသည်။

ရှေးယခင်ကလည်း တရားခံများအား ကြိုးပေးစီရင် သောအမှုကြီးများကို အခါအားလျော်စွာ စီရင်ဆုံးဖြတ်ပေးရေ ရှိရာ မည်သည့်ပြဿနာမျိုးမှ မပေါ်ခဲ့ဖူးပေ။

ယခု ဆရာဝန်ကြီး ဦးကျော်သာအမှုကို စီရင်ချက်ချပြီး နောက်ပိုင်းမှာတော့ ကြောက်မက်ဖွယ်ကောင်းသော ဖြစ်ရပ်မျာ ကို ကြုံတွေ့လာရခြင်းဖြစ်ပေသည်။





ဦးကျော်သာအား ကြိုးပေးခဲ့ပြီး တစ်နှစ်ခန့် အချိန်ကြာ ပြီးသောအခါမှ အမှုတွင် ပါဝင်ပတ်သက်ခဲ့သူများ တစ်ယောက် ပြီးတစ်ယောက် သေဆုံးခဲ့ရလေသည်။

ယခုအခါ သူ့အလှည့်သို့ ရောက်လာခဲ့လေပြီလား မပြောတတ်ပေ။

ပထမဦးဆုံး တွေ့ကြုံရသော အဖြစ်အပျက်မှာ ညဘက် အချိန် အလင်းရောင် ဝိုးတဝါး ရှိနေသည့်အခါမှာ ပြတင်းပေါက် မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်ရာ ခြံစည်းရိုးအစပ်နား၌ ရပ်နေသည့် မည်းမည်းသဏ္ဌာန်ကြီးကို ဦးစွာလှမ်းမြင်ရခြင်းဖြစ် သည်။

မီးရောင်တစ်စွန်းတစ်စ ကျဆင်းနေသည့် ခြံစည်းရိုး အစပ်နားရှိ သစ်ပင်ရိပ်အောက်တွင် ရပ်နေသည့် သဏ္ဌာန်ကို မြင်လိုက်ရတော့ ပထမ ခြံစောင့်တစ်ယောက်ယောက် ရပ်နေ သည်လားဟု ထင်မိသေး၏။

သို့သော် အချိန်အတော်ကြာသည်အထိ ထိုနေရာတွင် ရပ်တန့်နေသောကြောင့် စိတ်ထဲမှ မသင်္ကာသောကြောင့် အံဆွဲ ထဲမှာ ထည့်ထားသည့် သေနတ်နှင့်လက်နှိပ်မီးကို ယူ၍ ထိုး ကြည့်လိုက်သောအခါ ထိုနေရာတွင် ဘာမှမရှိတော့ပေ။

သေချာအောင် နေရာအနှံ့ မီးရောင်ဖြင့် ထိုးကြည့် တော့လည်း ထူးထူးခြားခြား ဘာမှမတွေ့ရတော့သဖြင့် အိမ် အောက်ထပ်သို့ ဆင်းလာပြီး ခြံစောင့်ကုလားနှစ်ယောက်ကို ခေါ် မေးကြည့်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ခြံစည်းရိုးနားကို လူကပ်တာ မမြင်မိကြဘူးလား"

ထိုသို့မေးသောအခါ ကုလားနှစ်ယောက်မှာ ဇဝေဇဝါဖြင့်. . .

"ကျွန်တော်တို့ ဒီမှာစောင့်နေကြတာတော့ ဘာမှမတွေ့မိပါဘူး ဆရာကြီး"

ဟု ကပျာကယာ ပြန်ပြောကြလေသည်။

ထိုကုလားနှစ်ယောက်မှာ ခြံစောင့်အလုပ် လုပ်ရာတွင် စိတ်ချယုံကြည်ရသူများဖြစ်သလို လစ်ဟင်းမှု မရှိသူများလည်း ဖြစ်ကြလေသည်။

"အေး. . အေး. . သတိဝိရိယ ထားပြီး စောင့်ကြ"

"စိတ်ချပါ ဆရာကြီး"

ထိုသို့မှာကြားပြီး အိမ်ပေါ်သို့ ပြန်တက်လာသည်။

ထိုညက စိတ်ထဲမှာ တစ်ခုခု စိုးရိမ်နေသဖြင့် ကောင်းစွာ အိပ်မပျော်ခဲ့ပေ။

ဦးမြတ်စံ စိတ်ထဲမှာ ဝိညာဉ်ဘဝဖြင့် ပြန်လာသော ဦးကျော်သာ လာရောက်နှောင့်ယှက်မည်ကို စိုးရိမ်နေမိလေသည်။

နောက်ပိုင်းရက်များမှာတော့ ဦးမြတ်စံမှာ ကြားထားသဖြင့် ဒရဝမ်နှစ်ယောက်က ခြံအတွင်းအပြင်သို့ မကြာခဏ ပတ်ကာ လှည့်လည်ကြသဖြင့် အတန်အသင့် စိတ်သက်သာရာ ရမိလေသည်။

သို့သော် တစ်ရက်နှစ်ရက်သာ အခြေအနေ ငြိမ်သက်





နေပြီး သုံးရက်မြောက်သောနေ့မှာတော့ ခြံထောင့်ရှိ သစ်ပင်အောက်၌ မားမားကြီး ရပ်နေသည့်သဏ္ဌာန်ကို လှမ်းမြင်ရပြန်လေသည်။

ထိုအချိန်၌ ခြံစောင့်ကုလားနှစ်ယောက်၏ အရိပ်အယောင်ကိုမျှ မတွေ့ရပေ။

မသင်္ကာသဖြင့် အိမ်အောက်ထပ်သို့ ဆင်းကြည့်သောအခါ ကုလားနှစ်ယောက်စလုံးမှာ ဂုင်းနေထိုင်ရာ အစောင့်တဲရှေ့၌ ငူငူကြီး ထိုင်နေကြသည်ကို တွေ့ရသည်။

ခါတိုင်းက မိမိလာတာကို မြင်လျှင် ပျာပျာသလဲ ထတာ အရိုအသေ ပေးကြသော်လည်း ယခု အနားရောက်နေသည့်တိုင်အောင် ထိုင်မြဲထိုင်နေကြသဖြင့် စိတ်ထဲမှ မသင်္ကာသောကြောင့် လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သည်။

"ဟင်. ."

ခြံစောင့်ကုလားနှစ်ယောက်စလုံးမှာ မျက်လုံးဖွင့်လျက်သားဖြင့် ငုတ်တုတ်ကြီး အိပ်ပျော်နေကြသည်ကို အံ့သြစွာ တွေ့ရလေသည်။

"ဟဲ့. . . ဆာမိန့်မူတူးတို့ ဘယ်လိုဖြစ်နေကြတာလဲဟ"

ဟု လှုပ်နှိုးလိုက်တော့မှ နှစ်ယောက်စလုံး နိုးလာသလိုဖြစ်ကာ မတ်တတ်ရပ်ကြလေသည်။

"ဟာ. . . ဆရာကြီး"

"အစောကြီး ဘာကြောင့် နှစ်ယောက်စလုံး အိပ်ပျော်နေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . ဟို"

"မင်းတို့ အရက်သောက်တာ များပြီး ငုတ်တုတ်ကြီးတွေ
အိပ်ပျော်နေကြတာ မဟုတ်လား"

"ကျွန်တော်တို့ မအိပ်ပါဘူး ဆရာကြီး"

"လက်ဆုပ်လက်ကိုင် မိတာတောင် လိမ်ချင်သေးတယ်
မအိပ်ကြသေးဘဲနဲ့ ငါ အနားရောက်လာတာတောင် ဘာကြောင့်
မသိရတာလဲ"

"ကျွန်တော်တို့ မအိပ်ပါဘူး၊ ဆရာကြီး အိမ်ပေါ်တ
ဆင်းလာတာကိုလည်း လှမ်းမြင်ရပါတယ်၊ ဒါပေမယ့် တစ်ကိုယ်
လုံးကို ကြိုးကြီးကြီးနဲ့ ချည်တုပ်ထားသလို လှုပ်လို့မရလို့ပါ"

"ဟင်. ."

ထိုစကားကြားသောအခါ ဦးမြတ်စံပင် အံ့သြသွားလေ
သည်။

ကုလားနှစ်ယောက်စလုံး လိမ်ညာပြောနေသည် မဟုတ်
မှန်းလည်း သိသဖြင့် များစွာအံ့သြနေမိခြင်းဖြစ်သည်။

သို့ကြောင့် ထွေထွေထူးထူး ဘာမှ ထပ်မပြောတော့ဘဲ

"ကဲ. . . ကဲ၊ နောက်ကို ဒီလိုမဖြစ်စေနဲ့၊ သတိဝီရိယ
ထားပြီး စောင့်ကြ"

ဟု မှာကြားကာ အိမ်ပေါ် ပြန်တက်ခဲ့လေသည်။

ဦးမြတ်စံအနေဖြင့် နောက်တစ်ကြိမ် ကြုံတွေ့ရသော
အဖြစ်အပျက်ကတော့ တုန်လှုပ်ချောက်ချားဖွယ်ရာ ကောင်းလှ
ပေသည်။





တစ်နေ့သ၌ ဦးမြတ်စံသည် ရုံးသွားရန်အတွက် ၎င်း၏
ဘောက်(စ်)ဂွန်းကားကလေးကို ကိုယ်တိုင်မောင်းကာ ခြံထဲမှ
ထွက်လာခဲ့သည်။

၎င်းနေထိုင်သော ခြံဝန်းမှာ အတွင်းဘက် ကျသဖြင့်
ကမ္ဘာအေးဘုရားလမ်း ရောက်အောင် အတော်ကလေး မောင်း
ရသည်။

လမ်းတစ်လျှောက်၌ ရှိသော ခြံဝန်းများမှာလည်း
အများအားဖြင့် တံခါးပိတ်ထားသည်က များပြီး အသွားအလာ
လည်း သိပ်မရှိသောကြောင့် လမ်းပေါ်မှာ ရှင်းနေလေသည်။

ပက္ကလိန်း(ကုက္ကိုင်း)လမ်းတစ်လျှောက်တွင် အရိပ်ရ
သော သစ်ပင်ကြီးများက အုပ်စိုးနေသောကြောင့် အုံ့အုံ့ဆိုင်း
ဆိုင်း ရှိနေသည်။

တစ်နေရာသို့ ရောက်သော် ၎င်းကားနှင့် မလှမ်းမကမ်း
ရှိ သစ်ပင်အကွယ်မှ လူတစ်ယောက် ထွက်လာပြီး ကားလမ်းမ
ပေါ် ဆင်းလာသောကြောင့် ကားကို ဘရိတ်သတ်ကာ ရပ်လိုက်
ရသည်။

ထိုလူက ကားလမ်းမပေါ် ဆင်းလာပြီး ခါးထောက်ကာ
ရပ်နေသည်။

၎င်းမှာ တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားပြီး မြက်
ခမောက်ဝိုင်းကြီးကို ဆောင်းထားသဖြင့် မျက်နှာကို မမြင်ရပေ။

၎င်းရပ်နေသည့်နေရာနှင့် ကားရပ်ထားသောနေရာမှာ
တစ်လံမျှပင် မဝေးသောကြောင့် အတိုင်းသား မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်စံက မိမိအား ရန်မူမည် ထင်သဖြင့် နံဘေးနားမှာ အဆင်သင့် ချထားသည့် သေနတ်ကို ကောက်ယူလိုက်သည်။ ထိုသူက ကားရှေ့တည့်တည့်မှ လျှောက်လာပြီး အနီးရောက်သောအခါမှ ခေါင်းပေါ်မှာ ဆောင်းထားသော ဦးထုပ်အဝိုင်းကြီးကို အပေါ်သို့ မ,တင်ပြလိုက်သည်။

"ဟင်. ."

ဦးမြတ်စံမှာ များစွာတုန်လှုပ်သွားလေသည်။

၎င်းကားရှေ့၌ ရပ်နေသူမှာ အခြားမဟုတ်ပေ။

သူကြိုးပေးလိုက်သည့် ဆရာဝန်ကြီး ဦးကျော်သာပင်ဖြစ်တော့သည်။

သို့သော်. . .

ဦးကျော်သာမျက်နှာမှာ ပုံမှန်မရှိတော့ဘဲ မျက်လုံးကအပြင်ဘက်သို့ ပြူးထွက်နေကာ မျက်နှာက တစ်ဖက်သို့ စောင်းကျနေသည်။

ထို့ပြင် အဆစ်ပြုတ်နေသော လည်ပင်းကြီးက ရှည်ထွက်နေပြီး ခေါင်းက ဒယိမ်းဒယိုင်ဖြစ်နေသည်။

ကြိုးပေးခံရစဉ်က ကြိုးဒဏ်ကြောင့် လည်ပင်းအစ်ထွက်သွားသောကြောင့် မျက်နှာက ပုံပန်းသဏ္ဌာန် ပျက်ကာ အစ်ထွက်နေသော်လည်း ဦးကျော်သာမှန်းတော့ ကောင်းစွာသိနိုင်ပေသည်။

ရုတ်တရက် ဦးကျော်သာကို တွေ့လိုက်ရသဖြင့် ဘာလုပ်ရမှန်း မသိအောင် ရှိနေစဉ် ဦးထုပ်ကြီးကို ပြန်ဆောင်းပြီး





နောက် လမ်းဘေးသို့ ပြန်ဆင်းကာ သစ်ပင်များနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါမှပင် တုန်လှုပ်ချောက်ချားစွာဖြင့် ကားကိုမောင်းထွက်ခဲ့ရပေသည်။

နောက်တစ်ရက်မှာတော့ ဦးမြတ်စံနာမည်နှင့် စာတိုက်မှ စာအိတ်တစ်လုံး ရောက်လာသဖြင့် ဖောက်ကြည့်သောအခါ အောက်ပါစာကြောင်းအချို့ကို တွေ့ရလေသည်။

အပေါ်၌ ရေးထားသော စာကြောင်းက

"Same and Equal Reaction"

"မိမိပြုသောကံအတိုင်း မိမိခံရမည်။

တူညီသော တုံ့ပြန်မှုများက သင့်အလှည့်သို့ ရောက်လာတော့မည်"

ဟု ရေးသားထားလေသည်။

"ဖေဖေလည်း အဲဒီစာကို ဖတ်ရပြီးကတည်းက တုန်လှုပ်ချောက်ချားနေပြီး မအိပ်နိုင်မစားနိုင် ဖြစ်နေတော့တာပါပဲ၊

အဲဒါကြောင့် ကိုမင်းထင်ကျော်ဆီကို အကူအညီတောင်းရအောင် လာခဲ့တာပါ"

ဟု မြသင်းကြူက အကြောင်းစုံ ပြောပြလေသည်။

"ပုလိပ်နဲ့ စုံထောက်တွေကို အကြောင်းကြားပြီး အကူအညီ တောင်းကြည့်ရင် မကောင်းပေးဘူးလား"

"သူတို့ကို အကြောင်းကြားလည်း သိပ်တော့ ထူးခြားမယ် မထင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ပုလိပ်အဖွဲ့သက လူ



www.burmeseclassic.com

www.burmeseclassic.com



တွေတောင် တစ်ယောက်ပြီးတစ်ယောက် အသတ်ခံနေရတာဆိုတော့ ကိုမင်းထင်ကျော်အနေနဲ့ တတ်နိုင်ရင် အကူအညီပေးစေချင်တာပါပဲ"

ဟု တောင်းပန်ပြောဆိုလေရာ ဒေါက်တာမင်းထင်ကျော်အနေကလည်း သူကိုယ်တိုင်က စိတ်ဝင်စားသောအမှုလည်း ဖြစ်ပြန်၊ ကျောင်းနေဖက် မိတ်ဆွေတစ်ဦး၏အရေးကိစ္စလည်းဖြစ်နေသောကြောင့် မငြင်းသာတော့ဘဲ တတ်နိုင်သမျှအကူအညီပေးမည့်အကြောင်း ကတိပေးလိုက်ရာ မြသင်းကြူလည်း အတန်အသင့် စိတ်သက်သာရာရသွားဟန်ဖြင့် ပြန်သွားလေတော့သည်။





## အခန်း(၁၁)

# ဦးရွှေမောင်နှင့် လျှို့ဝှက်ချက်များ

ပက္ကလိန်းဘက်ရှိ မြသင်းကြူတို့နေအိမ်သို့ ဒေါက်တာ ...င်းထင်ကျော် ရောက်သွားသောအချိန်၌ ဦးမြတ်စံ၏အခြေ ...နေမှာ အတော်ကလေး ဆိုးဝါးနေချေပြီ။

ထိတ်လန့်ကြောက်ရွံ့မှုများနှင့် မကြာခဏ တွေ့ကြုံနေ ...သဖြင့် မအိပ်နိုင်မစားနိုင်ဖြစ်ကာ အိပ်ယာပေါ် လဲနေသည့် ...ခြေအနေသို့ပင် ရောက်နေတော့သည်။

ထိုအခြေအနေကြောင့် ဗဟန်းဂါတ်တဲမှာ ပုလိပ်နှင့် ...ာက်က နေ့စဉ် လာရောက်စောင့်ကြပ်ပေးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်ကုလားနှစ်ယောက်က ခြံဝန်းလုံခြုံရေးအတွက် စောင့်ကြပ်ပေးရပြီး ပုလိပ်နှစ်ယောက်က အိမ်၏လုံခြုံရေး စောင့်ရှောက်ပေးကြလေသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအခါ သင်းကြိုက ဖခင်ဖြစ်သူနှင့် မိတ်ဆက်ပေးလေသည်။

"ဖေဖေ. . . ဒါက သမီးရဲ့ကျောင်းနေဖက် မိတ်ဆွေ နာမည်က ကိုမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ဖေဖေ့အတွက် အကူအညီပေးဖို့အတွက်၊ သမီးအကူအညီတောင်းလို့ ရောက် လာတာပါ"

ဦးမြတ်စံက အားနည်းစွာ ပြုံးပြသည်။

"အခုလို တကူးတက ရောက်လာပြီး အကူအညီပေး တာ ကျေးဇူးတင်ပါတယ် မောင်မင်းထင်ကျော်၊ ဒါပေမယ့် ဦးရဲ့ ကိစ္စက အခြားသူတွေ အကူအညီပေးလို့ မရနိုင်တော့ဘူး ထင် ရဲ့"

ဟု အားလျော့နေသောလေသံမျိုးဖြင့် ပြောလေသည်။

"ဒီလိုလည်း မဟုတ်ပါဘူး ဦး၊ ပြဿနာတစ်ခု ရှိရင် အဖြေတစ်ခုတော့ ရှိရမှာပါ၊ ကျွန်တော်တတ်နိုင်သမျှ အကူ အညီ ပေးပါမယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ကွယ်"

"တဆိတ်လောက် ဦးကြုံတွေ့ရတာလေးတွေ ပြောပြ နိုင်ရင် ပြောပြပေးစေချင်ပါတယ်"

ထိုသို့ ပြောလိုက်သောအခါ ဦးမြတ်စံ၏မျက်နှာမှာ ညှိုး





ကျော့သွားလေသည်။

ပြီးမှ မျှော်လင့်ချက် မရှိတော့သည့်လေသံမျိုးဖြင့် ပြော သည်။

"ဦးတော့ သူ့ရဲ့စက်ကွင်းက လွတ်နိုင်တော့မယ် မထင် ဘူး၊ သူက ညတိုင်း ရောက်ရောက်လာတယ်၊ အိပ်မက်ထဲမှာ ကြောက်စရာကောင်းတဲ့မျက်နှာနဲ့ ပုံပန်းသဏ္ဌာန်ကြီးကို အမြဲ တွေ့နေရတယ်"

"ဘယ်သူများလဲ ဦး"

"တခြားဟုတ်ပါရိုးလားကွယ်. . . ဟိုနှစ်က ကျုပ် ကြိုး ပေးလိုက်တဲ့ ဆရာဝန်ကြီး ဦးကျော်သာပဲပေါ့၊ သူရောက်လာ နဲ့ ကြောက်စရာကောင်းတဲ့အသံကြီးနဲ့ အမြဲပြောသေးတယ်၊ ခင်ဗျားက ကျုပ်ကို မတရားကြိုးမိန့်ပေးခဲ့လို့ ကျုပ်သေခဲ့ရတယ်၊ ကျုပ် အနှစ်နှစ်အလလ,က ကြိုးစားခဲ့ရတဲ့ ရည်ရွယ်ချက်တွေ လည်း ပျက်ခဲ့ရတယ်၊ ဒါကြောင့် ခင်ဗျားကို လက်စားချေရမယ်၊ ကျုပ်သေသလိုမျိုး ခင်ဗျားသေရမယ်တဲ့၊ အဲဒီလို ပြောပြီး ကျုပ်ရဲ့ လည်ပင်းကို ညှစ်သတ်ဖို့ ကြိုးစားတာ အကြိမ်မနည်းတော့ပါဘူး ကွယ်"

"အဲဒါတွေက အိပ်မက်ထဲမှာ တွေ့ရတာလား ဦး"

"အိပ်မက်ထဲမှာလည်း တွေ့ရတယ်၊ အပြင်မှာလည်း ကြောခဏ တွေ့နေရပါတယ်ကွယ်"

"အပြင်မှာ သူ့ကို တွေ့ရသလား ဦး"

ဦးမြတ်စံက ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဦးကျော်သာက ဦးကိုယ်တိုင် ကြိုးမိန့်ချခဲ့လို့ သေသွားခဲ့တာ ကြာခဲ့ပြီမဟုတ်လား၊ အခြားနည်းနဲ့ မဟုတ်ဘဲ ကြိုးမိန့်ပေးတဲ့လူဆိုတာ လွတ်ရိုးထုံးစံမှ မရှိတာ၊ တစ်ကြိမ်နဲ့ သေရင်တောင် မသေမချင်း သတ်ရတာ မဟုတ်လား"

"ဟုတ်ပါတယ်. . "

ဒေါက်တာမင်းထင်ကျော်က အတန်ကြာအောင် စဉ်းစားနေပြီးမှ ဦးမြတ်စံအား နှုတ်သိမ့်မှု ပေးလိုက်လေသည်။

"ဒီလောက်လည်း စိုးရိမ်သောက ရောက်မနေပါနဲ့ ဦး ဒီအမှုကို မပေါ်ပေါ်အောင် စုံစမ်းပေးပါ့မယ်၊ ကျွန်တော့်ကိုသာ အင်းစိန်ထောင်က ထောင်ပိုင်ကြီးဆီကို ဦးအနေနဲ့ စာတစ်စောင် ရေးပေးပါ"

ဟု ပြောရာ ဦးမြတ်စံက အင်းစိန်ထောင်ပိုင်ကြီးထံသို့ စာတစ်စောင် ရေးပေးလေသည်။

ထို့နောက်. . .

ဒေါက်တာမင်းထင်ကျော်က မိမိကားဖြင့် ဦးဗန်ကောင်းကိုပါ ဝင်ခေါ်ပြီး အင်းစိန်ထောင် ရှိရာသို့ သွားကြလေသည်။

အင်းစိန်ထောင်ကြီးသို့ ရောက်သောအခါ စက်ရှင်တရားသူကြီး ဦးမြတ်စံ ရေးပေးလိုက်သည့်စာကြောင့် ထောင်ပိုင်ကြီးက ထောင်တွင်းမှ တွေ့ချင်သူများအား တွေ့ခွင့်ပေးလိုက်လေသည်။

သို့ကြောင့်. . .

ဆရာဝန်ကြီး ဦးကျော်သာ ထောင်၌ ရှိစဉ်က တာဝန်





သုခဲ့ကြသည့် ထောင်မှူး၊ ထောင်ကြပ်၊ ထောင်ဆရာဝန်နှင့် ကြိုးပေးရာတွင် ကြိုးစင်ပေါ်မှ ဦးကျော်သာအား ကိုယ်တိုင်ဖြုတ်ချပေးခဲ့ရသူ နှစ်ကြီးအကျဉ်းသားတစ်ဦးကိုပါ တွေ့ခွင့်ရကာ သိလိုသမျှ မေးမြန်းခွင့် ရခဲ့သည်။

"ဦးကျော်သာကို ကြိုးပေးကာနီးတော့ ကျွန်တော်ကိုယ်တိုင် တာဝန်ယူပြီး စောင့်ကြပ်ခဲ့ရတာပါ၊ သူ့ကို ထောင်ဆရာဝန်နဲ့ သွေးစမ်း၊ သရဏဂုံ တင်ပြီးမှ ကြိုးစင်ပေါ်ကို ပို့ပေးခဲ့ရတာပါ"

ထောင်မှူးက ပြောသည်။

"ဦးကျော်သာကို စက်တိုင်က ဒေါက်ဖြုတ်ခဲ့တာ ကျုပ်ကိုယ်တိုင်ပါပဲ၊ မျက်စိရှေ့မှာတင် တစ်ခါတည်း သေသွားခဲ့တာပါပဲ"

ဒေါက်ဖြုတ်ခဲ့သည့် အကျဉ်းသားကလည်း ပြောပြသည်။ နောက်ဆုံး ထိုအချိန်က ဦးကျော်သာအား ဆေးစစ်ပေးခဲ့သော ထောင်ဆရာဝန်ကလည်း ပြောပြသည်။

"ကြိုးစင်ပေါ် မတက်ခင်ရော၊ ကြိုးပေးပြီး သေမသေ စမ်းသပ်ပေးရတာ ကျုပ်ကိုယ်တိုင်ပါပဲ၊ ကြိုးပေးခံရပြီးနောက် ဦးကျော်သာ သေဆုံးသွားပြီးနောက် သက်ဆိုင်ရာ မိသားစုတွေက သင်္ဂြိုဟ်ခွင့်တောင်းပြီး အလောင်းကို လာထုတ်သွားကြလို့ ကျွန်တော်ကိုယ်တိုင်ပဲ လက်မှတ်ထိုးပြီး ထုတ်ပေးလိုက်ရတာပါ"

"ဒါထက် အဲဒီအချိန်က ဦးကျော်သာအလောင်းကို လာယူသွားကြတာ ဘယ်သူတွေလဲဆိုတာရော မှတ်မိပါသေးလား"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိပါတယ်. . . သူ့ရဲ့လက်ထောက်ဆရာဝန် ဦးရွှေမောင်ဆိုတဲ့လူပါပဲ"

ထို့နောက် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မှာ အင်းစိန်ထောင်မှ မဂိုလမ်းသို့ လာခဲ့ကြပြီး ဦးကျော်သာ ထူထောင်ထားသော ဆေးခန်းသို့ ဝင်ကြသည်။

ဆေးခန်းကို လက်ရှိ ကြီးကြပ်လုပ်ကိုင်နေသူမှာ ဦးရွှေမောင်ကိုယ်တိုင်ပင်ဖြစ်၏။

ဆေးခန်းရောက်တော့ မေနှင်းကျော်၏ယောက်ျားလည်း ဖြစ်၊ ဆေးခန်းကို တာဝန်ယူ လုပ်ကိုင်နေသူ မောင်သူရနှင့် တွေ့ရလေသည်။

"ဘာကိစ္စများ ရှိလို့ပါလဲ"

"ဆရာဝန် ဦးရွှေမောင်နဲ့ တွေ့ချင်လို့ပါ"

မောင်သူရက တစ်ချက်မော့ကြည့်ပြီး စိတ်ညစ်သွားဟန်ရှိသည်။

"ဖေဖေ မရှိပါဘူး"

"ကျွန်တော်တို့က ပုလိပ်ဘက်က မဟုတ်ပါဘူး၊ တခြားကိစ္စနဲ့ တွေ့မှာပါ. . ခဏတွေ့ပါရစေ"

ဟု ထပ်ပြောလိုက်သည်။

"ခက်တာပဲဗျာ. . . ဖေဖေလည်း အခုတလော အေးအေးကို မနေရဘူး၊ ကိုယ့်အလုပ် ကိုယ်လုပ်ရင်းနဲ့ကို မကြာခဏ အမေးအမြန်း အစစ်အဆေးခံနေရတော့တာပဲ"

ဟု ညည်းညူပြောဆိုကာ တယ်လီဖုန်းကို လှည့်လိုက်





သည်။

အတန်ကြာအောင် စကားပြောပြီးမှ ပြန်ချထားလိုက်လေသည်။

"ဟိုနောက်ဘက်အခန်းထဲကိုသာ ဝင်သွားပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မှာ ၎င်းညွှန်ပြလိုက်သည့်အခန်းတွင်းသို့ ဝင်ခဲ့ကြရာ သီးသန့်ပြင်ဆင်ထားသည့်အခန်းထဲ၌ ဆရာဝန်ဦးရွှေမောင်နှင့် တွေ့ရလေသည်။ ဆရာဝန်ဦးရွှေမောင်မှာ အသက်ငါးဆယ်ကျော်အရွယ်ရှိပြီး တည်ကြည်ခန့်ငြားသော ရုပ်ရည်ရှိသူဖြစ်၏။

"ကျွန်တော်က ဒေါက်တာမင်းထင်ကျော်ပါ၊ သူကတော့ ဦးဇန်ကောင်းလို့ ခေါ်ပါတယ်"

"ကျုပ်ကတော့ ဦးရွှေမောင်ပါ. . . ထိုင်ကြပါ"

ဟု ပြောသဖြင့် ရှေ့တွင် ရှိသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကြသည်။ ဦးရွှေမောင်မှာ စုံထောက်နှင့်ပုလိပ်များ မကြာခဏ ရောက်လာပြီး မသိမသာသော်လည်းကောင်း၊ သိသိသာသာသော်လည်းကောင်း၊ စုံစမ်းမေးမြန်းခြင်း ခံရတာ များနေသဖြင့် ဘယ်မေးခွန်း မေးလျှင် ဘယ်လိုပြန်ဖြေရမည်ကို သိနေဟန်ရှိ၏။

"ကျွန်တော်က စုံထောက်တစ်ယောက် မဟုတ်သလို ပုလိပ်ဘက်ကလည်း မဟုတ်ပါဘူး၊ သုတေသနသမားတစ်ယောက်ပါ"

"မောင်ရင်က ဘယ်လိုကိစ္စမျိုး သုတေသနလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးပညာကို သုတေသနပြုနေတာပါ"

"ဆေးပညာနဲ့ ပတ်သက်ပြီးတော့ သုတေသန ပြုစရာတွေက အများကြီး ရှိတာပဲ၊ ဘယ်ကိစ္စကို ဦးစားပေးပြီး လေ့လာနေတာလဲ"

"အသက်ဝိညာဉ်နဲ့ သက်ဆိုင်တဲ့ကိစ္စပါ"

"ဟင်. ."

ဦးရွှေမောင်က အနည်းငယ် အံ့သြသွားဟန် ရှိလေသည်။

ဦးရွှေမောင်က အံ့သြသွားသော်လည်း ဒေါက်တာမင်းထင်ကျော်ကတော့ အရေးမကြီးသော အမူအယာဖြင့် ဆက်ပြောလေသည်။

"ကျွန်တော်က လူတွေ တိရစ္ဆာန်တွေရဲ့အသက်လို့ ခေါ်တဲ့ ဝိညာဉ်ကို ကိုယ်လိုသလို နှုတ်နိုင်သွင်းနိုင်တဲ့ ပညာရပ်မျိုးကို စိတ်ဝင်စားတာပါ"

ထိုသို့ပြောလိုက်သောအခါ ဦးရွှေမောင်က မျက်နှာအမူအယာကို ချက်ချင်းပြင်လိုက်ပြီးနောက်. . .

"ဒါထက် ကျုပ်ဆီကို လာတဲ့ကိစ္စက ဘာများလဲ"

ဟု မေးလိုက်သည်။

"တခြားတော့ မဟုတ်ပါဘူး၊ တစ်ချိန်က ဦးနဲ့အတူ လက်တွဲခဲ့တဲ့ ဆရာဝန်ကြီးဦးကျော်သာဆိုတော့ ကျွန်တော်စိတ်ဝင်စားတဲ့ ပညာရပ်မျိုး ကျွမ်းကျင်တတ်မြောက်တယ်လို့ စုံစမ်းလို့ သိရပါတယ်"





"ဆရာကြီးက မရှိတော့ပါဘူး၊ သေဆုံးသွားတာ ကြာပါပြီ"

"အဲဒီသတင်းလည်း သိပါတယ်၊ ကျွန်တော် ခု လာခဲ့တာက ဦးဆီမှာ အဲဒီပညာရပ်နဲ့ ပတ်သက်တဲ့ မှတ်တမ်းမှတ်ရာတွေများ ကျန်ခဲ့သလားလို့ လာပြီးစုံစမ်းကြည့်တာပါ"

"ကျုပ်က ဒီပညာတွေကိုမတတ်ကျွမ်းပါဘူး၊ ဆရာကြီးရှိစဉ်က အကူသဘောမျိုးနဲ့ ဝိုင်းလုပ်ပေးခဲ့ရတာလောက်ပဲ ရှိပါတယ်၊ သူ့ရဲ့မှတ်တမ်းတွေ ဘယ်မှာ ထားခဲ့တယ်ဆိုတာလည်း ကျုပ်မသိပါဘူး"

ဟု စကားကို ဖြတ်လိုက်သည့်သဘောမျိုးဖြင့် ပြောလေသည်။

"ဒါဖြင့် ဆရာကြီး ရှိစဉ်က သုတေသနပြုခဲ့တဲ့နေရာက ဘယ်နေရာမှာပါလဲ"

ဦးရွှေမောင် အမူအယာမှာ ထိုမေးခွန်းကို မဖြေချင်သော်လည်း မလွဲသာသဖြင့် ပြောပြရသော အမူအယာဖြင့်. . .

"တောက်ကြံ့ဘက်မှာပါ"

ဟု ပြောသည်။

"နာမည်က ဘယ်လိုခေါ်ပါသလဲ"

"မောရမြိုင်. ."

"အဲဒီနေရာကို ကျွန်တော်တို့ သွားပြီးလေ့လာချင်ပါတယ်၊ လေ့လာလို့ ရပါသလား"

"သွားချင်သပဆိုရင်လည်း သွားပေါ့၊ အဲဒီမှာ ခြံစောင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရှိတယ်၊ သူက ခွင့်ပြုမယ်ဆိုရင်တော့ ဝင်
လေ့လာကြည့်ကြပေါ့”

ဟု ပြောလိုက်ရာ ဒေါက်တာမင်းထင်ကျော်တို့လ
ရင်းအား နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့ကြသည်။

ဒေါက်တာမင်းထင်ကျော်က ကားကို ဆေးခန်းရှေ့
မောင်းထွက်လာခဲ့ပြီး အတော်ဝေးဝေးရောက်မှ ပြန်လှည့်
ဆေးခန်းနှင့် မနီးမဝေးနေရာမှာ ရပ်တန့်ထားလိုက်လေသ
နာရီဝက်ခန့် ကြာသောအခါ ဆေးခန်းအတွင်းမှ ဦးရွှေမော
ထွက်လာသည်။

ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်ပြီးနော
ရင်းကားရှိရာသို့ သွားကာ တံခါးဖွင့်၍ အတွင်းဝင်သွားသ

အတန်ကြာတော့ အရှိန်ဖြင့် မောင်းထွက်သွားလေ
သည်။

ဒေါက်တာမင်းထင်ကျော်က စီးကရက်ကို အေးအေ
ဆေးဆေး ဖွာရင်း ကားထဲမှာပင် ထိုင်ကြည့်နေလေသည်။

“သူ. . ဘယ်သွားတာလဲ”

“ထောက်ကြံ့က မောရမြိုင်ကို သွားတာ ဖြစ်မှာ
ကျွန်တော်တို့ မရောက်ခင် အရင်ရောက်အောင် သွားပြီး စီ
စရာရှိတာတွေ သွားပြီးစီစဉ်တာ နေမှာပေါ့”

“ဒီလူ.ကို အကဲခတ်ကြည့်ရတာ တစ်ခုခုကို ဖုံးကွ
ထားတဲ့ပုံပဲ၊ အခု ပေါ်ပေါက်နေတဲ့ လူသတ်မှုတွေဟာ သူနဲ့
တစ်နည်းတစ်ဖုံ ပတ်သက်နေရော့သလား မသိဘူး”





“ကျွန်တော့်အထင် ပြောရရင်တော့ ဆရာဝန်ကြီး ဦး
ကျော်သာနဲ့ လက်ပွန်းတတီး နေခဲ့တာ သူတစ်ယောက်ပဲ ရှိတာ
ဆိုတော့ လျှို့ဝှက်ချက် အတော်များများကိုတော့ သူသိထားတဲ့ပုံ
ပေါ်ပါတယ်”

“ဒါဖြင့် ကျုပ်တို့ ဘယ်လိုဆက်လုပ်ကြမလဲ”

“အကောင်းဆုံးကတော့ မောရမြိုင်က အမိကနေရာ
ဆိုတော့ အဲဒီကို သွားရင် သဲလွန်စ တစ်ခုခု ရနိုင်မှာ သေချာပါ
တယ်”

“ဘယ်တော့ သွားမှာလဲ”

“ဘယ်သူမှ မမြင်အောင် ညဘက် သွားကြည့်ကြတာ
ပေါ့”

ဟု ပြောဆိုကာ ကားကို မောင်းထွက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

# လူသတ်သမားနှင့် ကြောက်မက်ဖွယ်အန္တရာယ်

ဒေါက်တာမင်းထင်ကျော်တို့ ထောက်ကြံ့ဘက် ရောက်သောအခါ မော်တော်ကားကို သင့်တော်သည့်နေရာ၌ ရပ်ထားခဲ့ပြီး လမ်းအတိုင်း ခြေလျင်ဝင်သွားကြသည်။

သူတို့ ရောက်သွားသောအချိန်မှာ ညနေပိုင်းအချိန် ဖြစ်သဖြင့် အလင်းရောင်အချို့ ရှိနေသေးသော်လည်း မောရမြိုင်ခြံကြီးတစ်ဝိုက်မှာတော့ မှောင်စပျိုးနေချေပြီ။

ရာဘာတောကြီးများအပြင် ခြံဝန်းအတွင်း၌ ရှိသော



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးများကြောင့် အမှောင်ရိပ်များက များပြားနေခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့ လမ်းအတိုင်း လျှောက်သွားကြစဉ် အတွင်းဘက်မှ မောင်းထွက်လာသည့် မော်တော်ကားတစ်စီး၏စက်သံကို ကြားရသဖြင့် လမ်းဘေးချုံအတွင်းသို့ ဝင်နေလိုက်ကြသည်။

ကားမှာ အခြားမဟုတ်ပေ။

ဦးရွှေမောင် စီးလာသော ကားပင်ဖြစ်လေသည်။

ဦးရွှေမောင်က ၎င်းတို့ကို မမြင်ဘဲ ကားကို အလျင်စလို မောင်းထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်က သူ့ကားကို တောတွင်း တစ်နေရာမှာ ဝှက်ထားခဲ့သဖြင့် ဦးရွှေမောင် မမြင်နိုင်ပေ။

ဦးရွှေမောင်၏ကား အတော်ဝေးဝေး ရောက်သွားတော့မှ ဆက်လျှောက်လာခဲ့ကြသည်။

ခြံပေါက်ဝ ရောက်၍ လှမ်းကြည့်လိုက်သောအခါ လူရိပ်လူခြည် မတွေ့ရပေ။

ခြံပေါက်ဝနှင့် အိမ်နှင့်ကလည်း အတော်ဝေးသည့်အပြင် ချုံနှင့် သစ်ပင်များ ကာဆီးနေသဖြင့် ရုတ်တရက် မမြင်နိုင်ခြင်းလည်း ဖြစ်ပေလိမ့်မည်။

ဒေါက်တာမင်းထင်ကျော်က စေ့ထားသော ခြံတံခါးကို လက်ဖြင့် တွန်းကြည့်သောအခါ အလွယ်တကူ ပွင့်သွားသဖြင့် နှစ်ယောက်သား ခြံအတွင်းသို့ ဝင်လာခဲ့သည်။





ခြံအတွင်းမှာမူ မြက်ရိုင်းများ၊ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ရှိနေရုံမက အချို့နေရာများတွင် တစ်နေရာနှင့် တစ်နေရာ လှမ်းမမြင်ရလောက်အောင်ပင် ပိတ်ဆီးလျက်ရှိနေကြသည်။ နှစ်ယောက်သား သတိကြီးစွာ ထား၍ အတွင်းဘက်သို့ ဝင်လာကြရာ ခြံထောင့်တစ်နေရာသို့ ရောက်သောအခါ မြက်ရိုင်းတောများ ထူထပ်စွာ ဖုံးအုပ်လျက်ရှိနေသော အုတ်ဂူဟောင်းတစ်လုံးကို တွေ့ကြရသည်။

အုတ်ဂူမှာ ရေညှိများ တက်နေသောကြောင့် မူလအရောင်အဆင်းပင် မပေါ်တော့ပေ။

ဒေါက်တာမင်းထင်ကျော်က အုတ်ဂူနံယံ၌ ရေးထိုးသောစာများကို ဖတ်ကြည့်လိုက်သည်။

စာများမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးထားခြင်းဖြစ်ပြီး ဆရာဝန်ကြီးဦးကျော်သာ၏အမည်နှင့် ဘွဲ့ထူးဂုဏ်ထူးများအပြင် ကွယ်လွန်အနိစ္စ ရောက်သည့် နေ့ရက်များကို ရေးထိုးထားလေသည်။

"ဒါ ဦးကျော်သာရဲ့အုတ်ဂူပဲ"

"ဒါဖြင့် သူသေသွားပြီဆိုတာ အမှန်ပဲပေါ့"

"သေတာကတော့ အမှန်ဖြစ်မှာပါ၊ ဒါပေမယ့် ဘယ်ပုံဘယ်နည်းနဲ့ သေရွာက ပြန်လာသလဲဆိုတာသာ သိဖို့လိုတယ်"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် ဦးဗန်ကောင်း အံ့သြသွားလေသည်။

"တစ်ခု ထူးဆန်းတာက ဆရာဝန်ကြီး ဦးကျော်သာ



www.burmeseclassic.com

www.burmeseclassic.com



သေပြီးတဲ့နောက်မှာ သူ့သားသမီးတွေနဲ့ တပည့်ရင်းဖြစ်တဲ့ ဦး ရွှေမောင်လို လူတွေပါ ကျန်ခဲ့ပါရက်နဲ့ ဒီအုတ်ဂူကို ဘာကြောင့် ဒီအတိုင်း ပစ်ထားကြသလဲ မသိဘူး"

ဦးဇန်ကောင်းကလည်း ပတ်ဝန်းကျင် အခြေအနေကို လိုက်လံကြည့်ရှုနေလေသည်။

သို့တိုင်အောင် ထူးခြားမှု တစ်စုံတစ်ရာတော့ မတွေ့ရပေ။

"ကျွန်တော်တို့ အိမ်ကြီးဘက်ကို သွားကြည့်ရအောင်"

ဟု ပြောကာ အိမ်ကြီးရှိရာဘက်သို့ လျှောက်လာကြသည်။

နေဝင်ချိန် ရောက်လာပြီဖြစ်သောကြောင့် ခြံဝန်းတစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းနေလေပြီ။

အိမ်ကြီးတစ်ခုလုံးမှာလည်း မည်းမှောင်လျက် ရှိနေသည်။

မလှမ်းမကမ်းမှ ကြည့်ရသည်မှာပင် မကောင်းဆိုးဝါးကြီးတစ်ကောင် အမှောင်ထဲမှာ ငုတ်တုတ်ထိုင်နေသည်နှင့်ပင် တူတော့သည်။

အိမ်ကြီးနှင့် မလှမ်းမကမ်းနေရာ ရောက်သည်အထိ လူရိပ်လူခြည် မတွေ့ရဘဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

တံခါးပေါက်ဝအနီးသို့ ရောက်ပြီး အခြေအနေ ကြည့်နေကြစဉ် အမှောင်ရိပ်ထဲမှ ကြောက်စရာကောင်းသောမျက်နှာနှင့် လူကြီးတစ်ယောက် ထွက်လာသည်။





"ဘာကိစ္စရှိလို့လဲ"

အသံသြသြကြီးနှင့် မေးလိုက်သည်။

"ဒီအိမ်ထဲ ဝင်ကြည့်ချင်လို့ပါ"

ဒေါက်တာမင်းထင်ကျော်က လေသံမှန်မှန်ဖြင့်ပင် ပြန်ပြောလိုက်သည်။

"အိမ်ထဲမှာ ဘယ်သူမှ မရှိဘူး၊ လူမနေတာလည်း အတော်ကြာပြီ၊ အထဲမှာ ဘာမှမရှိဘူး"

အိမ်တွင်းကို မဝင်စေလိုဟန်ဖြင့် အပြတ်ပြောသည်၊

"ကျွန်တော်တို့က ပုလိပ်ဘက်က မဟုတ်ပါဘူး၊ ဦးရွှေမောင်နဲ့လည်း တွေ့ခဲ့ပြီးပါပြီ၊ အထဲဝင်ကြည့်ပါရစေ"

"ဒီလိုဆိုရင်လည်း ကိုယ့်သဘောနဲ့ကိုယ် ဝင်ကြည့်ပေါ့၊ ဒါပေမယ့် တစ်ခုတော့ မှာလိုက်တယ်၊ အိမ်ထဲ ရောက်ရင် ပိတ်ထားတဲ့တံခါးတွေကို မဖွင့်နဲ့၊ တစ်ခုခု ဖြစ်ခဲ့ရင် ကိုယ့်သဘောနဲ့ ကိုယ်ပဲလို့သာ မှတ်ကြရော့"

ဟု ပြောဆိုကာ အမှောင်တွင်းသို့ ပြန်ဝင်သွားလေတော့သည်။ ထို့နောက် ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးနှင့် သေနတ်ကို အဆင်သင့် ထုတ်သည်။

ပြီးမှ စေ့ထားသော တံခါးကို တွန်းဖွင့်ပြီး အတွင်းသို့ ဝင်ခဲ့ကြသည်။ အပြင်ဘက်မှာ အလင်းရောင် အနည်းငယ် ရှိနေသေးသော်လည်း အိမ်အတွင်းဘက်မှာတော့ မည်းမှောင်လျက် ရှိနေလေပြီ။ ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးရောင်ဖြင့် အတွင်းသို့ လှမ်းထိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပင့်ကူအိမ်များ၊ ဖုံများဖြင့် ရှုပ်ထွေးလျက်ရှိသော အိမ်အတွင်းပိုင်းမှာတော့ မသင်္ကာစရာ မတွေ့ရပေ။

သို့ကြောင့် နှစ်ယောက်သား အိမ်အောက်ထပ်သို့ လိုက်လံကြည့်ရှုသော်လည်း သာမန်အသုံးပြုခဲ့ဟန်ရှိသော ဧည့်ခန်းနှင့် အသုံးအဆောင်ပစ္စည်းအချို့ကို တွေ့ရလေသည်။ စားပွဲ၊ ကုလားထိုင်၊ ဘီရို စသည်တို့မှာ အသုံးမပြုဘဲ ထားတာ ကြာပြီဖြစ်သဖြင့် ဖုံအလိမ်းလိမ်း တက်နေသည်။

ဒေါက်တာမင်းထင်ကျော်က ခြေရာလက်ရာ တွေ့လိုတွေ့ငြား လိုက်လံကြည့်ရှုနေစဉ် ဦးဗန်ကောင်းက တစ်နေရာသို့ လက်ညှိုးထိုးပြသည်။

ဖုံထုတက်နေသော ကြမ်းပြင်ပေါ်မှာ ထင်ကျန်နေသော ဖိနပ်ခြေရာများ ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ဖိနပ်ခြေရာများကို အသေအချာ လိုက်လံကြည့်ရှုပြီး မှတ်ချက်ချသည်။

"လူတစ်ယောက်ရဲ့ခြေရာ မဟုတ်ဘူး၊ နှစ်ယောက် သုံးယောက်ရဲ့ခြေရာတွေ ဖြစ်ဖို့များတယ်၊ နောက်ပြီး ဖိနပ်ခြေရာတွေကလည်း တစ်ပုံစံတည်းဆိုတော့ ပုလိပ်တွေရဲ့ခြေရာ ဖြစ်ဖို့များတယ်"

ထို့နောက် နှစ်ယောက်သား လှေခါးမှ အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

အပေါ်ထပ်မှာတော့ အခန်းဖွဲ့စည်းမှု သိပ်မများဘဲ ပိတ်ထားသော အခန်းကျယ်တစ်ခုသာ တွေ့ရလေသည်။





ထိုအခန်းတံခါးကိုတော့ ကြေးသော့ခလောက်ကြီးဖြင့် ခတ်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်က အခန်းအခြေအနေကို ကြည့်ပြီး. . .

"ဆရာဝန်ကြီး ဦးကျော်က သုတေသနပြုတဲ့အခန်းဖြစ်ဖို့များတယ်"

ဟု ပြောကာ အပေါ်ထပ်သို့ လိုက်လံကြည့်ရှုသော်လည်း ထွေထွေထူးထူး မတွေ့ရတော့သဖြင့် အောက်ထပ်သို့ ပြန်ဆင်းခဲ့သည်။ ထိုအချိန်တွင် အိမ်ကြီးအတွင်းမှာ အတော်မှောင်နေချေပြီ၊ အပြင်ဘက်မှ တိုးဝင်လာသော အလင်းရောင်အချို့ကြောင့်သာ ဝိုးတဝါး မြင်နိုင်၏။

လှေခါးမှ ဆင်းလာစဉ် နောက်ဘက်မှ အသံတစ်ခု ကြားလိုက်ရသဖြင့် ဒေါက်တာမင်းထင်ကျော်က ဖျပ်ကနဲ လှည့်ကြည့်သည်။

သူလှည့်ကြည့်သည့်အချိန်မှာ စောစောက ပိတ်ထားသော အခန်းပေါက်ဝမှာ ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်လိုက်ရသဖြင့် လက်နှိပ်မီးဖြင့် ထိုးကြည့်ရန် ပြင်လိုက်တော့ ဖျပ်ကနဲ ပျောက်သွားလေသည်။

အတန်ကြာအောင် ရပ်ကြည့်နေသော်လည်း နောက်ထပ် အခြေအနေ မထူးတော့မှ အောက်ထပ်သို့ ဆင်းခဲ့ကြသည်။

အိမ်ထဲမှ ပြန်ထွက်လာတော့ သူတို့ ဝင်လာစဉ်က တွေ့လိုက်ရသော ခွေးစောင့်ကြီးကို မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့ ပတ္တ
လိန်းမှ ဦးမြတ်စံအိမ်သို့ ပြန်ရောက်တော့ အတော်မှောင်နေခဲ့
ပြီ။

မြသင်းကြူက စိတ်ပူနေဟန်ဖြင့် ထွက်စောင့်နေလေ
သည်။

"အခြေအနေ ဘာထူးသေးလဲ မြသင်းကြူ"

"နေ့ခင်းလောက်က ကိုမင်းထင်ကျော်တို့ ထွက်သွားပြီး
တဲ့နောက်မှာ ခါးကိုင်းကိုင်းနဲ့ ရှမ်းအဘိုးကြီးတစ်ယောက် ရောက်
လာပြီး စာတစ်စောင် လာပေးသွားတယ်"

ဟု ပြောကာ စာအိတ်တစ်လုံးကို ပေးသဖြင့် ဖတ်ကြည့်
လိုက်သည်။

"မိမိပြုခဲ့သောကံအတိုင်း မလွဲမသွေ ခံရမှာပဲ၊
ဘယ်လိုမှ တားဆီးလို့ မရနိုင်ဘူး၊
တူညီသော တုံ့ပြန်မှု ရဖို့ အချိန်မဝေးတော့ဘူး"
သေရွာမှ ပြန်လာသူ

ဟူသောစာကို အင်္ဂလိပ်ဘာသာဖြင့် ရေးထားလေ
သည်။

"ဒီစာကို ဦး ဖတ်ပြီးပြီလား"

"ဖေဖေ့ကို မပေးသေးဘူး၊ သူဖတ်မိရင် စိတ်ဆင်းရဲမှာ
စိုးလို့"

"ကောင်းတယ်. . ကောင်းတယ်၊ ဒီစာကို ကျွန်တော်ပဲ
ယူထားလိုက်ပါ့မယ်"





"ကိုမင်းထင်ကျော် အခုလိုလာပြီး ကူညီစောင့်ရှောက်
ပေးတာ ကျွန်မတော့ သိပ်ပြီးကျေးဇူးတင်ပါတယ်"

"ရပါတယ် မြသင်းကြူ၊ ဒီလောက်လည်း ကျေးဇူးတင်ဖို့
မလိုပါဘူး၊ ကျွန်တော်ကလည်း ဒီလိုအကူအညီပေးရတာကို
စိတ်ဝင်စားပါတယ်၊ အခု ကျွန်တော်တို့လည်း ရောက်လာပြီ၊
ပုလိပ်နှစ်ယောက်လည်း အစောင့်ရှိနေပြီဆိုတော့ မြသင်းကြူတို့
စိတ်ချလက်ချ နေလို့ရပါပြီ"

မြသင်းကြူက ကျေးဇူးတင်သောမျက်နှာဖြင့် ခေါင်း
ညိတ်ပြလေသည်။

ထိုညက ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့
နှစ်ယောက်အတွက် အိမ်ကြီး၏အပေါ်ထပ်အခန်း၌ စီစဉ်ပေး
လေသည်။ ထိုအခန်းမှ ကြည့်လျှင် ခြံဝန်းထဲသို့ လှမ်းမြင်နိုင်လေ
သည်။ နှစ်ယောက်သား မအိပ်ကြဘဲ မြသင်းကြူ စီစဉ်ပေးသော
ကော်ဖီနှင့် လက်ဖက်ရည်ကြမ်းခါးခါးကို သောက်ရင်း အမှု
အကြောင်းကို တိုင်ပင်ဆွေးနွေးကြလေသည်။

"ကျုပ်တို့ စုံစမ်းရသမျှတော့ ဆရာဝန်ကြီး ဦးကျော်သာ
သေသွားတာတော့ အမှန်ဖြစ်မှာပဲ၊ အခု လူတွေကို တစ်ယောက်
ပြီးတစ်ယောက် လိုက်သတ်နေတာ ဘယ်သူဖြစ်နိုင်မလဲ"

ဦးဇန်ကောင်းက ထုံးစံအတိုင်း ကွမ်းတမြုံ့မြုံ့ ဝါးရင်း
မေးလိုက်လေသည်။

ဒေါက်တာမင်းထင်ကျော်က ကပ္ပိတန် စီးကရက်တစ်
သိပ်ကို အေးအေးဆေးဆေး ဖွာရင်း စဉ်းစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သာမန်စဉ်းစားမယ်ဆိုရင်တော့ အခုဖြစ်နေတဲ့အမှုတွေဟာ ဆရာဝန်ကြီးဦးကျော်သာနဲ့ ဆက်စပ်နေတာကတော့ အမှန်ပဲ၊ ဒါပေမယ့် ထောင်က ထောင်မှူးတွေ၊ ထောင်ဆရာဝန်တွေ ပြောပြချက်အရ ဆရာဝန်ကြီး ဦးကျော်သာ သေသွားခဲ့ပြီဆိုတာကလည်း အမှန်ပဲ"

"ဒါဖြင့် ဘယ်လိုဖြစ်နေတာလဲ"

"ယေဘူယျ ခန့်မှန်းကြည့်ရင်တော့ ဦးကျော်သာ သေသွားပြီးတဲ့နောက်မှာ ကျန်ခဲ့တဲ့လူတွေထဲက တစ်ယောက်ယောက်က လိုက်ပြီး ကလဲ့စားချေနေတယ်လို့ ထင်စရာရှိတယ်"

"ဒီလိုရော မဖြစ်နိုင်ဘူးလား"

"အသတ်ခံရတဲ့လူတွေရဲ့ အမှုအကြောင်းတွေကို သတင်းစာတွေမှာ အကျယ်တဝင့် ဖော်ပြထားတာတွေကို ကြည့်ရင် အမှုတွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာကို တွေ့ရမယ်

ဒါတွေကို ကြည့်ရင် သာမန်လူတစ်ယောက်ဟာ အာဃာတ ရန်ငြိုးတစ်ခုနဲ့ ဗရမ်းဗတာ လူတွေကို လိုက်သတ်နေတာ မဟုတ်ဘူး ဦးဇန်ကောင်း"

"ဒီတော့. . ."

"လူသတ်မှု ကျူးလွန်နေသူဟာ တစ်ယောက်တည်းပဲ၊ သူဟာ လူတွေအားလုံးကို စနစ်တကျ အကွက်ချပြီး လိုက်သတ်နေတယ်ဆိုတာ ထင်ရှားတယ်"

"ဒီလိုဆိုရင် ဘယ်သူဖြစ်မလဲ၊ မျက်နှာပေါက်ဆိုးဆိုးနဲ့ လူကြီးကော မဖြစ်နိုင်ဘူးလား"





"ဒီလူကြီးကို ထင်မယ်ဆိုရင် ထင်စရာရှိပါတယ်၊ ဒါပေမယ့် လူသတ်သမားက သူသတ်တော့မယ့်လူတွေဆီကို ရေးပေးတဲ့စာတွေထဲမှာ အင်္ဂလိပ်ဘာသာနဲ့ ရေးပေးတဲ့စာတွေ ပါတယ်၊ အဲဒီလက်ရေးကို လေ့လာကြည့်ရင် သာမန်အင်္ဂလိပ်စာ တတ်ကျွမ်းတဲ့ လူတစ်ယောက် မရေးနိုင်တဲ့ လက်ရေးမျိုးပဲ"

ဒေါက်တာမင်းထင်ကျော်က မြသင်းကြူထံမှ ယူထားသောစာကို ထုတ်ပြသည်။

အင်္ဂလိပ်စာ လက်ရေးများမှာ ဆရာဝန်တစ်ယောက် ဆေးစာရေးသည့်လက်ရေးမျိုးဖြစ်သည်။

"ဒါဖြင့် ဆရာဝန် ဦးရွှေမောင်များလား"

"သူ့ကိုလည်း စဉ်းစားတဲ့အထဲမှာ ထည့်ထားရမှာပဲ၊ ဦးရွှေမောင်က ဒီစာတွေကို ရေးပေးပြီး အခြားတစ်ယောက်ယောက်ကို လိုက်သတ်ခိုင်းနေတာလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် စဉ်းစားမိတာ တစ်ချက်ရှိတယ်"

"ဘာများလဲ"

"အဘ အင်းစိန်ထောင်ထဲမှာ ရှိနေတုန်းက ဦးကျော်သာနဲ့ ရင်းရင်းနှီးနှီး တွေ့ခဲ့ရတယ် မဟုတ်လား"

"အင်း. . . တွေ့ခဲ့ရတယ်"

"အဲဒီတုန်းက ထူးထူးခြားခြား သူ ဘာတွေ ပြောခဲ့တယ်ဆိုတာ ကျွန်တော့်ကို ပြန်ပြောပြစမ်းပါ"

ထိုအခါ ဦးဇန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးရင်း အတန်ကြာအောင် စဉ်းစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့မှ . . .

"ကျုပ်နဲ့ တွေ့တုန်းက သူ မကြာခဏ ပြောခဲ့တဲ့စကား တစ်ခွန်းတော့ ရှိတယ်၊ အဲဒီသေသွားတဲ့ မောင်ထွန်းခဆိုတဲ့လူကို သူ မသတ်ဘူးဆိုတဲ့အကြောင်းပဲ၊ သူက မောင်ထွန်းခကို အခကြေးငွေပေးပြီး ဆေးပညာအတွက် သုတေသနလုပ်ဖို့ ပြောတယ်၊ မောင်ထွန်းခကလည်း လက်ခံတယ်၊ အဲဒါနဲ့ သုတေသနလုပ်နေတုန်း သူ့မိန်းမက ပုလိပ်တွေ ခေါ်လာတာနဲ့ ဘယ်လိုမှ မလုပ်ရခင်မှာ သေသွားရတယ်လို့ ပြောတယ်"

"သူ့ရဲ့စမ်းသပ်နည်းက ဘယ်လိုတဲ့လဲ"

"သူပြောခဲ့တာတော့ နိုင်ငံခြားက ပါရဂူဘွဲ့ ယူလာခဲ့တဲ့ အသက်ဝိညာဉ်ကို လိုသလို ထိန်းချုပ်နိုင်တဲ့ပညာမျိုးလို့ ပြောတယ် မောင်ထင်ကျော်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ များစွာစိတ်ဝင်စားသွားလေသည်။

"ဆက်ပြောပါဦး အဘရဲ့၊ နောက်ထပ် ဘာတွေများ ပြောသွားသေးသလဲ"

"သူ့ပညာက ရှင်နေတဲ့လူရဲ့ဝိညာဉ်ကို ထုတ်ယူနိုင်ပြီး ဝိညာဉ်မဲ့နေတဲ့ ခန္ဓာကိုယ်တွင်းကိုလည်း အသက်ဝိညာဉ် ပြန်သွင်းနိုင်တဲ့ပညာပဲ၊ ခါတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတဲ့ရုပ်ကို ပြုပြင်လို့ ရသလို နာမ်လို့ ခေါ်တဲ့ ဝိညာဉ်ကိုလည်း လိုအပ်သလို ပြုပြင်ပြောင်းလဲလို့ ရနိုင်သတဲ့၊ အိန္ဒိယ ယောဂီကြီးတွေနဲ့ တိဗက်လာမားကြီးတွေ အသက်ရှည်အောင် ကျင့်ကြံအားထုတ်





မှုနဲ့ ထိန်းချုပ်ထားသလို သူ့အနေနဲ့လည်း ဆေးပညာနဲ့ ပြုပြင်ပြောင်းလဲလို့ ရနိုင်တယ်လို့ ပြောသွားတယ်"

ဟု ပြောပြရာ ဒေါက်တာမင်းထင်ကျော်၏မျက်စိမှာ စိတ်ဝင်စားမှုကြောင့် အရောင်တလက်လက် တောက်ပလာသည်။

"ဒီအတိုင်းသာ မှန်ရင် သူစမ်းသပ်နေတဲ့နည်းဟာ အောင်မြင်ဖို့ နီးစပ်နေပြီဆိုတဲ့သဘောပဲ"

"ဟုတ်တယ် . . . သူပြောသွားတာကလည်း အောင်မြင်တော့မယ်လို့ ပြောသွားတယ်၊ တကယ်သာ မှန်ခဲ့ရင်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ ဆေးပညာရပ်တစ်ခု ပျက်စီးသွားခဲ့ရတာ နစ်နာတယ်လို့ ပြောရမှာပဲ"

"မှန်တာပေါ့ အဘရယ်၊ ကျွန်တော်တို့တိုင်းပြည်က နယ်ချဲ့တွေရဲ့ဖိနှိပ်ချုပ်ချယ်မှု လက်အောက်မှာ နှစ်ပေါင်းတစ်ရာကျော်အောင် နေခဲ့ကြရတော့ ခေတ်မီတိုးတက်လာတဲ့ အသိအမြင် မရှိကြသေးဘူး၊ ဆေးပညာနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေဆိုတာကတော့ ဝေလာဝေးရော၊

ဒါကြောင့် သူ ဘယ်လိုပဲ ရှင်းပြရှင်းပြ ဘယ်သူကမှ လက်မခံကြဘူး၊ မယုံကြဘူး ဖြစ်ကြလို့ အခုလို မဖြစ်သင့်တာတွေ ဖြစ်ခဲ့ကြရတာပဲ"

ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းသောလေသံဖြင့် ပြောလိုက်ရာ ဦးဖုန်ကောင်းကလည်း ခေါင်းညိတ်ပြာ ထောက်ခံလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပါပဲ. . . အဲဒီအချိန်တုန်းက သူရှင်းပြတာကို သာ လက်ခံခဲ့ကြမယ်ဆိုရင် သေတဲ့လူလည်း မသေရဘူး၊ အခုလို အဖြစ်မျိုးတွေလည်း ဖြစ်ရမှာ မဟုတ်ဘူး၊ သူ နောက်ဆုံးပြော သွားခဲ့တဲ့ စကားတစ်ခွန်းကို ကျုပ် အခုအချိန်ထိ အမှတ်ရနေ တုန်းပဲ"

"ဘာများပါလိမ့်"

"ကျုပ်ရဲ့ပညာ ဘယ်လောက်မှန်ကန်တယ်၊ အစွမ်း ထက်တယ်ဆိုတာကို တစ်နေ့ကျရင် ကောင်းကောင်းသိစေရ မတဲ့"

"အင်း. . . ဒီအတိုင်းသာ မှန်ရင် လူတွေကို တစ် ယောက်ပြီးတစ်ယောက် လိုက်သတ်နေတဲ့သူဟာ တခြားသူ မဟုတ်တော့ဘူး၊ ဆရာဝန်ကြီး ဦးကျော်သာကိုယ်တိုင်ပဲ ဖြစ်ဖို့ များနေပြီ"

"ဦးကျော်သာက ကြိုးပေးခံရလို့ သေသွားခဲ့ပြီ မဟုတ် လား"

"သူသေသွားတော့ ဦးရွှေမောင်ကိုယ်တိုင် အလောင်း ကို လာထုတ်သွားတယ်လို့ အင်းစိန်ထောင်က ပြောလိုက်တယ် မဟုတ်လား၊ ဦးရွှေမောင်က ဦးကျော်သာရဲ့လက်ရင်းတပည့် တစ်ယောက်ဆိုတော့ သူ့ဆီက ပညာတွေကို ရလိုက်မှာ မုချပဲ သူတို့ စမ်းသပ်နေတဲ့ ဆေးပညာ တကယ်အောင်မြင်တယ်ဆိုရင် ဆရာဝန်ကြီး ဦးကျော်သာကို ဝိညာဉ်ပြန်သွင်းနိုင်မှာ မုချပဲ"

"ဟင်. . . ဖြစ်နိုင်ပါ့မလား မောင်ထင်ကျော်"





"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ အဘရယ်၊ အနောက် တိုင်း ဆေးပညာလောကမှာ ဒီလိုအသက်သွင်းနိုင်တဲ့ ပညာရပ် တွေ ပေါ်ပေါက်ခဲ့တာ အတော်ကြာခဲ့ပြီပဲ"

"ဒါကြောင့်များ သူ့ရုပ်ကြီးက ကြိုးစင်ပေါ်ကအတိုင်း ကြောက်စရာကောင်းတဲ့ ပုံပန်းသဏ္ဍာန်မျိုး ဖြစ်နေတာ နေမှာ ပေါ့နော်"

"ဟုတ်တယ် အဘ၊ သူ့ဝိညာဉ်ကို အစားထိုးနိုင်ခဲ့ပေ မယ့် ရုပ်ကိုတော့ မပြင်နိုင်လို့ ဒီအတိုင်း ရှိနေတာ နေမှာပေါ့"

"ဒါထက် သူ့ဝိညာဉ်က ကြိုးစင်ပေါ်မှာကတည်းက ထွက်သွားရတာဆိုတော့ အခုထည့်ထားတာ ဘယ်သူ့ဝိညာဉ် ဖြစ်မလဲ"

"ကျွန်တော့်အထင် မမှားဘူးဆိုရင်တော့ သေသွားတဲ့ မောင်ထွန်းခရဲ့ဝိညာဉ်သွေး ဖြစ်ဖို့များတယ်၊

မောင်ထွန်းခရဲ့ဝိညာဉ်သွေးကို ထုတ်ထားတဲ့အချိန်မှာ ပုလိပ်တွေ ရောက်လာတော့ သူ့တပည့်ကို အဲဒီဝိညာဉ်သွေး ယူပြီး တစ်နေရာကို ရှောင်ခိုင်းလိမ့်မယ်၊ ဒါကြောင့် ပုလိပ်တွေ အခန်းထဲ ဝင်လာတော့ သူနဲ့ မောင်ထွန်းခ အလောင်းပဲ တွေ့ တယ်လို့ သတင်းစာတွေက ရေးကြတာ ဖြစ်မှာပေါ့"

"ဒါဖြင့် သူ့တပည့်ဆိုတာ တခြားသူတော့ မဖြစ်နိုင်ဘူး၊ ဦးရွှေမောင်ပဲ ဖြစ်မှာ သေချာတယ်"

"အဲဒါက အရေးမကြီးဘူး၊ ဦးကျော်သာဟာ ပင်ကိုယ် စိတ်မရှိတော့ဘူး၊ သူ့စိတ်ထဲမှာ အာဃာတ ရန်ငြိုးတစ်ခုပဲ ရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်၊ သူ့ကို အချိန်မီ မတားဆီးနိုင်ရင် နောက်ထပ်လူတွေ ထပ်သေကြဦးမှာပဲ"

"အခု မောင်ထင်ကျော် မှတ်ထားတဲ့အထဲမှာ သူ့အမှုနဲ့ ပတ်သက်တဲ့လူတွေ ဘယ်နှစ်ယောက် ကျန်နေသေးလဲ"

"ကျွန်တော်သိသမျှတော့ အရေးကြီးတဲ့လူတွေဆိုလို့ စက်ရှင်တရားသူကြီး ဦးမြတ်စံ၊ ဆွဲချရှေ့နေ ဦးမင်းဒင်နဲ့ ဌာနအုပ် ဦးဘဖေတို့ပဲ ကျန်တော့တယ်၊ ကျန်တဲ့လူတွေကတော့ အားလုံးသေကုန်ကြပြီ"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ မောင်ထင်ကျော်"

"ကျွန်တော်တို့ အမြန်ဆုံး စုံစမ်းဖော်ထုတ်နိုင်မှ ကျန်တဲ့လူတွေ ချမ်းသာရာ ရမယ် အဘ"

နှစ်ယောက်သား စကားပြောနေကြစဉ် တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းသို့ ရောက်လာလေတော့သည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

ပြတင်းပေါက်တံခါး ဖွင့်ထားသောကြောင့် အပြင်ဘက်မှ လေက တစိမ့်စိမ့် ဝင်နေသည်။

ထိုအခိုက်မှာပင် လေနှင့်အတူ သင်းပျံ့သော ရနံ့တစ်ခု ဝင်လာသည်ကို သတိပြုမိလိုက်သည်။

"အဘ. . . နှာခေါင်းကို ပုဝါနဲ့ အမြန်စည်းထားလိုက်"

ဒေါက်တာမင်းထင်ကျော်က ဦးဖန်ကောင်းကို သတိပေးရင်း သူကိုယ်တိုင်ကလည်း ပုဝါတစ်ထည်ဖြင့် နှာခေါင်းကို





ပိတ်စည်းထားလိုက်သည်။

ပြီးလျှင် အခန်းထဲမှာ ထွန်းထားသည့် မီးခလုတ်ကို ထပိတ်လိုက်ရာ အခန်းတစ်ခုလုံး မှောင်ကျသွားသည်။

ထိုအခါမှ သေနတ်ကို ယူကာ ဖွင့်ထားသော ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည်။

အပြင်ဘက်၌ မှောင်နေသောကြောင့် အတန်ကြာအောင် အားစိုက်ကြည့်မှ ဝိုးတဝါး မြင်လာရသည်။

သူရှိနေသောနေရာမှ ကြည့်လျှင် ခြံပေါက်ဝမှာ စောင့်နေကြသည့် ကုလားနှစ်ယောက်ကိုသော်လည်းကောင်း၊

အိမ်ပေါက်ဝ၌ စောင့်နေကြသည့် ပုလိပ်နှစ်ယောက်ကိုသော်လည်းကောင်း လှမ်းမြင်နိုင်ပေသည်။

ကုလားနှစ်ယောက်ကို မတွေ့ရသော်လည်း အိမ်ပေါက်ဝမှာ ရှိနေသော ပုလိပ်နှစ်ယောက်ကိုတော့ လှမ်းမြင်ရသည်။

ပုလိပ်နှစ်ယောက်မှာ အိမ်နံရံကို ကျောဖြင့် မှီကာ မလှုပ်မယှက်နှင့် တောင့်တောင့်ကြီး ရပ်နေကြသည်။

ရင်းတို့ ကြည့်ရသည်မှာ မတ်တတ်ရပ်လျက်သား အိပ်ပျော်နေသကဲ့သို့ ရှိလေသည်။

အိမ်ကြီးတစ်ခုလုံးမှာလည်း ဘာအသံမှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ဦးမြတ်စံတို့မိသားစုများမှာ အိမ်အပေါ်ထပ်၌ နေကြသဖြင့် စိုးရိမ်စရာတော့ သိပ်မရှိလှပေ။

ဒေါက်တာမင်းထင်ကျော်က ခြံဝန်းတဝိုက်ကို အကဲ



www.burmeseclassic.com

www.burmeseclassic.com



ခတ်ကြည့်နေစဉ် ခြံစည်းရိုးတစ်နေရာမှာ လှုပ်ကနဲ ဖြစ်သွားပြီး မည်းမည်းသဏ္ဌာန်တစ်ခု ခြံတွင်းသို့ တိုးဝင်လာသည်။

၎င်းတိုးဝင်လာသောနေရာမှာ အိမ်ပေါက်ဝနှင့် မဝေးလှပေ။ သို့တိုင်အောင် ပုလိပ်နှစ်ယောက်မှာ လုံးဝမလှုပ်ကြသေးပေ။

အတွင်းသို့ ရောက်ပြီး ကိုယ်ကို ဆန့်လိုက်တော့မှ မည်းမည်းသဏ္ဌာန်ကြီးမှာ အတော်အရပ်ရှည်မှန်း သိရလေသည်။

သူသည် တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီးဘက်သို့ အကဲခတ်သလို ကြည့်နေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရှိနေသောအခန်းမှာ အောက်ထပ်၌ ရှိသဖြင့် ပြတင်းပေါက် ဖွင့်ထားသောအခန်း ရှိရာသို့ မသင်္ကာသလို လှမ်းကြည့်နေသည်။

ဒေါက်တာမင်းထင်ကျော်က အကွယ်နေရာ၌ ရပ်နေသည်။

လက်ထဲမှာလည်း သေနတ်ကို အဆင်သင့် ကိုင်ထားသည်။

ထိုအခိုက်မှာပင် မည်းမည်းသဏ္ဌာန်ကြီးက အိမ်ပေါက်ဝသို့ တစ်လှမ်းချင်း တိုးလာနေသည်။

တံခါးပေါက်ဝ ဆင်ဝင်အောက်၌ ထွန်းထားသော မီးရောင်ကြောင့် ၎င်း၏ပုံပန်းသဏ္ဌာန်ကို ပိုမိုထင်ရှားစွာ မြင်လာရသည်။

၎င်းမှာ ခမောက်အဝိုင်းကြီးကို ဆောင်းထားပြီး တစ်





ကိုယ်လုံး အဝတ်နက်ကြီး ခြုံထားလေသည်။

အရပ်အမောင်းမှာ မြင့်မားလှပြီး ခါးက ရှေ့သို့ ကိုင်းကျနေသည်။

ထိုလူ ဝင်လာနေသော်လည်း ခြံပေါက်ဝမှာ စောင့်နေကြသော ကုလားနှစ်ယောက်သည်လည်းကောင်း၊

အိမ်ပေါက်ဝမှာ စောင့်နေကြသည့် ပုလိပ်နှစ်ယောက်သည်လည်းကောင်း လုံးဝ မလှုပ်ကြသည်ကတော့ ထူးဆန်းလှပေသည်။

အကယ်၍သာ အိမ်ထဲ ဝင်တော့မည်ဆိုပါက ဒေါက်တာမင်းထင်ကျော်အနေဖြင့် မလွဲမသွေ တားဆီးရပေတော့မည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်မှာလည်း အသက်မရှူဝံ့အောင် ရှိနေကြသည်။

ထိုအခိုက်မှာပင် မည်းမည်းသဏ္ဌာန်ကြီးက အိမ်ပေါက်ဝသို့ တစ်လှမ်းချင်း လျှောက်သွားပြီး တံခါးပေါက်ဝမှာ ရပ်နေကြသည့် ပုလိပ်နှစ်ယောက်ကို တစ်ချက်ကြည့်လိုက်လေသည်။

ပုလိပ်နှစ်ယောက်မှာ တောင့်တောင့်ကြီး ဖြစ်နေကြသည်။

ထို့နောက်. . .

အိမ်တံခါးပေါက်ဝတွင် ခတ်ထားသော သော့ခလောက်ကို ဖွင့်ရန် ကြိုးစားနေသည်။

ထိုအချိန်မှာပင် ဒေါက်တာမင်းထင်ကျော်တို့ နှင့်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က အနောက်ဘက်မှ လှည့်ကာ အပြင်သို့ ထွက်သည်။

အပြင်သို့ရောက်သောအခါ အိမ်နံဘေးမှ ကပ်ကာ အိမ်ရှေ့ဘက်သို့ လှည့်လာကြသည်။

မည်းမည်းသဏ္ဍာန်သည် အိမ်တံခါးကိုသာ မဲဖွင့်နေသဖြင့် ဒေါက်တာမင်းထင်ကျော်တို့ ရောက်လာသည်ကို သတိမပြုမိကြပေ။

"ဟော့. . . မလုပ်နဲ့"

ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် ချိန်ကာ အမိန့်ပေးလိုက်သည်။

ထိုအခိုက်မှာပင် မည်းမည်းသဏ္ဍာန်က နောက်သို့ လှည့်လာသည်နှင့် ဝတ်ရုံအတွင်းမှ အနုမြူရောင်ခြည်ကဲ့သို့ လင်းလက်သော အလင်းတန်းတစ်ခု ထိုးထွက်လာသဖြင့် နှစ်ယောက်သား နံဘေးသို့ ပစ်လှဲကာ ကပျာကယာ ရှောင်လိုက်ကြရသည်။

"ရှဲ. . ရှဲ. . ရှဲ. ."

မည်းမည်းသဏ္ဍာန်ထံမှ ထွက်လာသော အလင်းရောင်တန်း ထိမိသော သစ်ပင်သစ်ရွက်တို့မှာ လောင်မီးကျသကဲ့သို့ ကျွမ်းသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့က ဘေးလွတ်ရာသို့ ရှောင်တိမ်းနေကြစဉ်မှာ မည်းမည်းသဏ္ဍာန်ကြီးက ခြံပေါက်ဝမှ အပြင်သို့ ပြန်ထွက်သွားချေပြီ။

ထိုအခါမှပင် နှစ်ယောက်သား ကပျာကယာ နေရာမှ ထပြီးကြည့်လိုက်တော့ မတွေ့ရတော့ပေ။





သူတို့အနောက်ဖက်မှာတော့ မီးကျွမ်းနေသော သစ်ပင်အချို့နှင့် မီးလောင်နေဆဲဖြစ်သော သစ်ပင်သစ်ကိုင်းများကို တွေ့ရသည်။

ထိုအခါမှ အပေါ်ထပ်မှ မြသင်းကြူတို့ ဆင်းလာကြသည်။

"ဘာဖြစ်တာလဲ ကိုမင်းထင်ကျော်"

မြသင်းကြူက အထိတ်တလန့် မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က အကြောင်းစုံ ပြောပြလိုက်သည်။

"ဟင်. . . သူတို့ ရှိနေရဲ့သားနဲ့ ဘယ်လိုဖြစ်တာလဲ"

မြသင်းကြူက ပုလိပ်နှစ်ယောက်ကို ကြည့်ရင်း မေးသည်။

"သူတို့နှစ်ယောက်ရော ခြံစောင့်နှစ်ယောက်ပါ မေ့ဆေးငွေ့ မိပြီး မလှုပ်နိုင်တော့ပါဘူး၊ လူသတ်သမားက ဒီနည်းကိုသုံးပြီး လူတွေကို ဖမ်းခေါ်သွားတာပါပဲ၊

တစ်နေရာ ရောက်တော့မှ သူသတ်ချင်တဲ့ပုံစံအတိုင်း လည်ပင်းကို ကြိုးနဲ့ ရစ်သတ်ခဲ့တာပါ"

"ကြောက်စရာကောင်းလိုက်တာ. . . ဒီည ကိုမင်းထင်ကျော်တို့သာ မရှိခဲ့ရင် ဖေဖေတော့ အသတ်ခံရမှာ အသေအချာပါပဲ၊ ကျွန်မ ကိုမင်းထင်ကျော်ကို သိပ်ပြီးကျေးဇူးတင်တာပါပဲ"

"ရပါတယ် မြသင်းကြူ၊ ဦးရဲ့အသက်အန္တရာယ် ကင်းဖို့ ကျွန်တော်အစွမ်းကုန် ကူညီပေးပါ့မယ်"

ဟု ပြောလိုက်ရာ မြသင်းကြူမှာ မျက်ရည်လေး



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းသားဖြင့် ကြည့်နေရှာသည်။

ထို့နောက်တွင် သတိမေ့နေသော ခြံစောင့်နှစ်ယောက် နှင့် ပုလိပ်နှစ်ယောက်တို့ ဖြေဆေးဖြင့် ပြုစုပေးလိုက်တော့ ဝူးဝူးဝါးဝါးဖြင့် သတိပြန်ရလာကြသည်။

၎င်းတို့မှာ အဖြစ်မှန် သိသောအခါ များစွာကြောက်ရွံ့ နေကြသည်။

ထိုညက ဘယ်သူမှ မအိပ်ကြတော့ဘဲ စကားပြောရင်း စောင့်ကြရာ နောက်ထပ်ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ကြ တော့ပေ။ အမှောင်ထုများကတော့ ပတ်ဝန်းကျင်ကို ဖုံးလွှမ်း ထားနေဆဲပင် ရှိသေး၏။





အခန်း(၁၃)

# သေမင်းရောင်ခြည် လက်နက်ဆန်း

နောက်တစ်နေ့ မနက်ပိုင်း ထုတ်ဝေသော သတင်းစာ များတွင် ဆွဲချရှေ့နေ ဦးမင်းဒင်တစ်ယောက် အသတ်ခံရသော သတင်းများ အကျယ်တဝင့် ပါလာလေသည်။

ဦးမင်းဒင်မှာလည်း ယခင်လူများ သေသည့်အတိုင်း လည်ပင်းကို ကြိုးဖြင့် ရစ်ပတ်ကာ အသတ်ခံရခြင်းဖြစ်ပေသည်။

ထို့ပြင် ၎င်း၏ခြံစောင့်ပုလိပ်တစ်ယောက်မှာ တစ်ကိုယ်လုံး မီးလောင်ခံရသကဲ့သို့ ဖြစ်ကာ သေဆုံးနေသည်ကိုလည်း တွေ့ရကြောင်း ဖော်ပြထားလေသည်။

ဒေါက်တာမင်းထင်ကျော်က သတင်းစာကို ဖတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သက်ပြင်းချလိုက်သည်။

“ဒီအတိုင်းဆိုရင် ညက လူသတ်သမားက ဦးမြတ်စံဆီကို အရင်လာတာပဲ၊ ဒီမှာ မအောင်မြင်တော့မှ ဦးမင်းဒင်ဆီကို သွားတာ ဖြစ်မှာပဲ၊ သူ အသုံးပြုခဲ့တဲ့ လောင်မီးလက်နက်ဟာ အတော်အန္တရာယ်ကြီးတဲ့ လက်နက်မျိုးပဲ”

“သူက သိပ္ပံပညာရော ဆေးပညာရော ကျွမ်းကျင်တဲ့လူဆိုတော့ သူအသုံးပြုတဲ့ လက်နက်တွေကလည်း ကြောက်စရာကောင်းမှာပဲပေါ့၊ အင်း. . . ဒါကြောင့် ရှေးကလူတွေ စကားပုံထားခဲ့တာပဲ၊ အသိဉာဏ်ပညာ ကြီးမားတဲ့လူတွေ လမ်းမှားရောက်သွားတဲ့အခါ အသိဉာဏ် မရှိတဲ့ လူမိုက်တွေထက် ပိုပြီး ကြောက်စရာကောင်းတယ်ဆိုတာ အမှန်ပဲ”

“ဒါထက် ပါရဂူဘွဲ့ ရပြီးတဲ့လူတစ်ယောက်က ကြံစည်တာဆိုတော့ သာမန်လူတွေအနေနဲ့ တားဆီးဖို့ ခက်ကြတာပေါ့”

“ကျုပ်တို့ရော ဘယ်လိုစီစဉ်ကြမလဲ မောင်ထင်ကျော်”

“လူသတ်သမားက အခါက ရန်သူဖြစ်တဲ့ သူ့ကို ကြိုးမိန့်ပေးခဲ့တဲ့ စက်ရှင်တရားသူကြီး ဦးမြတ်စံကိုတော့ ဘယ်နည်းနဲ့မှ ချမ်းသာပေးမှာ မဟုတ်ဘူး၊

သူ့ရဲ့အဓိကပစ်မှတ်က ဦးမြတ်စံ ဖြစ်မှာ သေချာတယ်၊ သူ့ကို သတ်ဖို့ အခွင့်မသာလို့သာ အခြားလူတွေကို တစ်ယောက်ပြီးတစ်ယောက် လိုက်သတ်နေတာ ဖြစ်ရမယ်”

ဦးဗန်ကောင်းက ခေါင်းညိတ်ပြသည်။

“ဒီတော့ ဘယ်နည်းနဲ့မဆို ဦးမြတ်စံကို ကြံစည်ဖို့ တစ်





ကြိမ်မဟုတ်တစ်ကြိမ် ပြန်လာမှာ သေချာတယ်၊

ကျွန်တော်တို့အနေကသာ သတိမလစ်ကြဖို့ အငိုက်မမိကြဖို့ အရေးကြီးတယ်”

“ဘယ်လို စီမံမလဲ”

“လူသတ်သမား အသုံးချတဲ့ အဓိက လက်နက်တွေက အနံ့ပေးလိုက်တာနဲ့ လူတစ်ယောက်ဟာ သတိမမေ့ပဲ လုံးဝလှုပ်နိုင်တဲ့ မေ့ဆေးတစ်မျိုးရယ်၊ အန္တရာယ်နဲ့ ရင်ဆိုင်တွေ့တဲ့အခါ အသုံးပြုဖို့ လောင်မီးလက်နက်ရယ်၊ ဒီနှစ်မျိုးကို အသုံးပြုနေတာပဲ၊

ခြံထဲ ဝင်တော့မယ်၊ အိမ်ထဲ ဝင်တော့မယ်ဆိုရင် မေ့ဆေးငွေ့ကို အရင်သုံးတယ်၊ လူတွေ မေ့ပြီး မလှုပ်နိုင်တော့မှ ဝင်လာပြီး သူလိုချင်တဲ့လူကို ခေါ်သွားတာပဲ၊

လောင်မီးလက်နက်ကတော့ ညတုန်းကမှ စပြီးအသုံးပြုတာ ဖြစ်ရမယ်၊ မေ့ဆေးမထိဘဲ ထွက်လာတဲ့လူ ရှိရင် သေနတ်သို့ အသံမကြားရအဲ သေစေနိုင်တဲ့ လောင်မီးလက်နက်ကို အသုံးပြုတာ ဖြစ်ရမယ် အဘ”

“ဟုတ်တယ်. . . ညတုန်းက သူပစ်တဲ့ရောင်ခြည်နဲ့သာ ထိမိရင် ကျုပ်တို့နှစ်ယောက်လည်း မုချသေမှာပဲ၊

အခု ဘယ်လို စီစဉ်ကြမလဲ မောင်ထင်ကျော်”

“ဦးကျော်သာရဲ့အမှုသွားအမှုလာထဲမှာ ပါဝင်ပတ်သက်တဲ့ လူအတော်များများကတော့ တစ်ယောက်ပြီးတစ်ယောက် သေကြတာနဲ့ သိပ်မကျန်တော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အခု ဘယ်သူတွေ ကျန်သေးသလဲ"

"ကျွန်တော် ပစ်မှတ်ထားတဲ့အတိုင်းဆိုရင် သူ့ကိုကြိုးမိန့်ပေးခဲ့တဲ့ တရားသူကြီးဦးမြတ်စံနဲ့ မင်္ဂလာဒုံဂါတ်တဲက ဌာနအုပ် ဦးဘဖံတို့နှစ်ယောက်ပဲ ကျန်တော့တယ်"

"ဒီအတိုင်းဆိုရင်တော့ အခု ဦးမြတ်စံဆီကို လာနေသလို ဌာနအုပ် ဦးဘဖံဆီကိုလည်း သွားမှာ သေချာတယ်၊ ဒါပေမယ့် ဟိုမှာက ဂါတ်တဲဆိုတော့ ထင်သလောက်တော့ လွယ်လွယ်ကူကူ ရမယ် မထင်ဘူး"

"လူသတ်သမားက အကြံအစည် သိပ်ကောင်းတယ်၊ သူ သတ်ချင်တဲ့လူကို မရရအောင် သတ်လေ့ရှိတယ်၊ တခြားမကြည့်နဲ့. . . အင်စပက်တော်တွေ၊ ဆားပုလင်းတွေ ပုလိပ်တွေကို မရရအောင် သတ်သွားခဲ့တာ ကြည့်ပေတော့၊ ဒီအတိုင်းဆိုရင် ဦးဘဖံလည်း ဘယ်နည်းနဲ့မှ သူ့လက်က လွတ်မယ်မထင်ဘူး"

"အခု ကျုပ်တို့ ဘာလုပ်ကြမလဲ မောင်ထင်ကျော်"

"မင်္ဂလာဒုံဂါတ်တဲက ဌာနအုပ် ဦးဘဖံဆီ သွားကြရင်ကောင်းမယ်၊ ဒါပေမယ့် ဒီမှာလည်း စီစဉ်စရာတွေ စီစဉ်ပေးခဲ့ရဦးမယ်"

ဟု ပြောဆိုကာ လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးခဲ့သည်။

ထို့နောက် နှစ်ယောက်သား မော်တော်ကားဖြင့် မင်္ဂလာဒုံ ဂါတ်တဲသို့ ထွက်ခဲ့ကြသည်။





မင်္ဂလာဒုံဂါတ်တဲသို့ ရောက်လျှင် ဌာနအုပ် ဦးဘဖံနှင့် တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က လာရင်းကိစ္စကို ပြောပြလိုက်သောအခါ ဦးဘဖံမှာ အတော်အတန် အားတက်သွားဟန်ရှိလေသည်။ ထို့နောက် ၎င်း၏ရုံးခန်းအတွင်းသို့ ဖိတ်ခေါ်သွားပြီး စကားပြောကြသည်။

"ဒါဖြင့် ဒေါက်တာက တရားသူကြီး ဦးမြတ်စံရဲ့အိမ်မှာ ရောက်နေတာပေါ့နော်"

"ဟုတ်ပါတယ်"

"ဘယ်လိုထူးခြားမှုတွေ တွေ့ရပြီလဲ"

"ကျွန်တော် လူသတ်သမားကို တွေ့ရပါပြီ"

"ဟင်. . . လူသတ်သမားကို တွေ့ရပြီဟုတ်လား၊ ဘယ်လိုတွေ့ရတာလဲ. . . ပြောပြပါဦး"

ဒေါက်တာမင်းထင်ကျော်က ညက ကြုံတွေ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်ရာ ဦးဘဖံမှာ များစွာထိတ်လန့်တုန်လှုပ်သွားဟန် ရှိလေသည်။

"ဦးဘဖံဆီမှာရော ဘယ်လိုထူးခြားမှုတွေ တွေ့ရပြီလဲ"

"ကျုပ် ဂျူတီပြီးလို့ အိမ်ပြန်သွားတဲ့တစ်ညမှာ အမှောင်ခိုပ်ထဲမှာ ရပ်နေတဲ့ မည်းမည်းသဏ္ဌာန်ကြီးကို လှမ်းမြင်လိုက်ရတယ်၊ သေနတ်နဲ့ ပစ်မလို့ လုပ်တုန်း ပျောက်သွားတယ်၊ ဒါထက် ဒေါက်တာတို့ စုံစမ်းရတာတွေရော ကျုပ်ကို ပြောပြပါဦး"

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဘဖံတို့မှာ အမှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သည့်အကြောင်းများ၊ ပြုလုပ်ကြမည့် အစီအစဉ်များ
တိုင်ပင်ဆွေးနွေးကြလေသည်။

ထိုအစီအစဉ်များထဲတွင် မောရမြိုင်ခြံနှင့် အိမ်ကြီးပတ်
ဝန်းကျင်တစ်ဝိုက်ကို လျှို့ဝှက်စွာ စောင့်ကြည့်ရမည့် အစီအစဉ်
လည်း ပါလေသည်။

ဦးဘဇံထံမှ ပြန်လာပြီး ဦးမြတ်စံအိမ်သို့ ပြန်ရောက်
သောအခါ သူ့အတွက် စာတစ်စောင် ရောက်နေသည်။

ဖောက်ကြည့်သောအခါ. . .

ကိုယ်နှင့် မဆိုင်တဲ့အလုပ်ကို ဝင်မပါပါနဲ့၊
ရပ်တန်းက ရပ်ပါ၊
ရှေ့ဆက်တိုးရင် အသက်သေလိမ့်မယ်။
လောင်မီးစက်

ဟူ၍ ရေးသားထားလေသည်။

"လူသတ်သမား ပို့လိုက်တဲ့စာပါ၊ သူက ကျွန်တော်တို့
ခြေလှမ်းတွေကို သိနေတဲ့ပုံပဲ၊ သူ လက်မဦးခင် ကျွန်တော်တို့
လက်ဦးဖို့ အရေးကြီးတယ်"

ဟုပြောဆိုကာ မြသင်းကြူနှင့် တိုင်ပင်ပြီးနောက် ဦး
မြတ်စံအား လျှို့ဝှက်စွာဖြင့် နယ်မြို့တစ်မြို့သို့ ပို့ပေးလိုက်သည်။

အပြင်မှာတော့ ဦးမြတ်စံ နေမကောင်းသဖြင့် အိမ်
မှာပင် နေရသည်ဟု သတင်းလွှင့်ထားလေသည်။

နောက်တစ်ရက်တွင် ဗဟန်းဂါတ်တဲမှ ပုလိပ်





ယောက်ကို ပြန်ခိုင်းလိုက်ပြီး ဒေါက်တာမင်းထင်ကျော်ကတော့
ထိုအိမ်မှာပင် ဆက်နေမြဲ နေလေသည်။

တစ်ပတ်ခန့် အချိန်ကြာသည်အထိ အခြေအနေ မထူး
ဘဲ ရှိနေရာမှ တစ်နေ့တွင် အသက်ငါးဆယ်အရွယ်ခန့် ရှိသော
လူကြီးတစ်ယောက် ရောက်လာသည်။

"ကျုပ်က နယ်မှာ နေတာပါ၊ အမှုကိစ္စအတွက် တရား
သူကြီးမင်းနဲ့ တွေ့ရအောင် လာတာပါ"

မြသင်းကြူနှင့် တွေ့သဖြင့် မြသင်းကြူက အခြေအနေ
ကို ပြောပြလိုက်သည်။

"ဖေဖေ အတော်ကလေး နေမကောင်း ဖြစ်နေလို့
တရားရုံး မသွားနိုင်ပါဘူးရှင်. . . ခွင့်ယူထားပါတယ်"

"တရားသူကြီးမင်း အတော်နေမကောင်း ဖြစ်နေတာ
ကိုး၊ ဒီလိုဆိုရင်လည်း နောက်မှပဲ တစ်ခေါက်လာခဲ့ပါ့မယ်. . .
ပြန်လိုက်ပါဦးမယ်"

ဟု ပြောဆိုကာ ပြန်သွားလေသည်။

နောက်တစ်ရက်နှစ်ရက်အထိ အခြေအနေ မထူးခြား
ဘဲ ရှိနေရာ တစ်ညတွင် သင်းပျံ့သောရနံ့များ ဝင်လာပြီး တစ်
အိမ်လုံး အိပ်ပျော်သွားကြစဉ် မည်းမည်းသဏ္ဌာန်ကြီးက အိမ်
တွင်းသို့ ဝင်လာရာ ကုတင်ပေါ်မှာ အိပ်ပျော်နေသောသူကို ပွေ့
ချီသွားလေသည်။

ထို့နောက်. . .

ခြံစည်းရိုးနှင့် မနီးမဝေးတွင် ရပ်ထားသောကားပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



တင်ကာ မောင်းထွက်သွားလေသည်။

မော်တော်ကားသည် ထောက်ကြံ့ဘက်၌ ရှိသော မော
ရမြိုင်ခြံကြီးသို့ မောင်းသွားလေသည်။

ခြံဝသို့ ရောက်သောအခါ ခြံစောင့်ကြီး ဦးစံသာက ခြ
တံခါးပေါက်ကို လာဖွင့်ပေးသဖြင့် ခြံဝန်းအတွင်းသို့ တော
လျှောက် မောင်းဝင်လာခဲ့လေသည်။

အိမ်ပေါက်ဝ ရောက်သောအခါ ကားကို ရပ်ပြီး သတိ
မေ့နေသောလူကို အိမ်ပေါ်သို့ ပွေ့ခေါ်သွားသည်။

လျှို့ဝှက်ခန်းတစ်ခန်းရှေ့သို့ ရောက်သောအခါ တံခါး
ခေါက်လိုက်ရာ တံခါးနှစ်ချပ် ပွင့်သွားလေသည်။

"ပါလာခဲ့ပြီလား"

အတွင်း၌ အသင့်စောင့်နေသည့် အဝတ်မည်း ခြုံထား
သည့်လူကြီးက အသံသြသြကြီးဖြင့် လှမ်းမေးလိုက်သည်။

"ခေါ်လာခဲ့ပါပြီ ဆရာကြီး"

"အနှောင့်အယှက်တွေ တွေ့ခဲ့သေးလား"

"ဒီတစ်ကြိမ်တော့ ချောချောမောမောပါပဲ၊ မတွေ့ရပ
ဘူး ဆရာကြီး"

ဟု ပြောကာ ပွေ့ချီလာသောလူကို ကုတင်ပေါ် တင
လိုက်ပြီး မီးဖွင့်လိုက်သည်။

"ဟင်. .

"ဘာဖြစ်လို့လဲ ဆရာကြီး"

"ခင်ဗျားခေါ်လာတဲ့လူက တရားသူကြီး ဦးမြတ်စံ





မဟုတ်ဘဲ"

"ဟင်. . . ဒါဖြင့် ဘယ်သူလဲ ဆရာကြီး"

"သူ့အိမ်ရောက်နေတဲ့ နှစ်ယောက်အနက်က တစ်
ယောက်ပဲ၊ သူ့ကို ကျုပ်ကောင်းကောင်းသိတယ်"

"သူ ဘယ်သူလဲ ဆရာကြီး"

"ထောင်ထဲမှာတုန်းက သူနဲ့ အတူနေခဲ့ဖူးတယ်၊ သူ့
နာမည်က ဦးဗန်ကောင်းတဲ့"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ ဆရာကြီး"

"ကျုပ်တို့ တစ်ပတ်အရိုက်ခံရတာပဲ၊ ဘာပဲဖြစ်ဖြစ် သူ့ကို
ပြန်ပို့လို့တော့ ဘယ်နည်းနဲ့မှ မဖြစ်တော့ဘူး၊ သူ့ကို လျှို့ဝှက်
အခန်းထဲမှာ ပိတ်ထားလိုက်ပေတော့"

"ကောင်းပါပြီ ဆရာကြီး"

ဟု ပြောကာ မေ့နေသော ဦးဗန်ကောင်းကို ပွေ့ကာ
လျှို့ဝှက်အခန်း ရှိရာသို့ လာလေသည်။

တစ်နေရာ ရောက်သောအခါ နံရံမှာ လျှို့ဝှက်မြှုပ်နှံ
ထားသောခလုတ်ကို နှိပ်လိုက်ရာ နံရံမှာ ကပ်ထားသော ဘီရိုက
နေရာရွှေ့သွားပြီး အပေါက်ဝတစ်ခု ပေါ်လာသည်။

အဝတ်မည်း ခြုံထားသူက ဦးဗန်ကောင်းကို ပွေ့၍
အခန်းတွင်းသို့ ဝင်သွားကာ ခလုတ်ကို ပြန်နှိပ်ရာ နံရံပေါက်က
ပြန်ပိတ်သွားလေသည်။

ထို့နောက်. . .

ကြမ်းပြင်မှ အပေါက်တစ်ခုကို ဖွင့်ကာ ဦးဗန်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



အား အောက်သို့ ပစ်ချရန် ဟန်ပြန်လိုက်သည်။ သတိမေ့နေသော ဦးဇန်ကောင်း၏လက်နှစ်ဖက်က မြောက်တက်လာကာ အပေါ်မှ လူ၏လည်မြိုနေရာသို့ လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

"ဒုတ် . ."

"အင့် . ."

တစ်ချက်သာ အော်နိုင်ပြီး မေ့လဲသွားလေသည်။

ထိုအခါမှ ဦးဇန်ကောင်းက နေရာမှ ထရပ်လာသည်။

တကယ်တော့ ဦးဇန်ကောင်းမှာ သတိမေ့နေခြင်း မဟုတ်ဘဲ တမင်သတိမေ့ဟန်ဆောင်ကာ လိုက်လာခြင်းဖြစ်၏။

ဦးဇန်ကောင်းက သတိမေ့နေသူကိုယ်ပေါ်မှ အဝတ်မည်းကြီးကို ဆွဲချွတ်လိုက်ရာ အခြားသူ မဟုတ်ဘဲ ဆရာဝန်ကြီး ဦးရွှေမောင်ပင်ဖြစ်ကြောင်း တွေ့ရလေသည်။

"ဒီတစ်ခါတော့ နိဂုံးချုပ်ပါပြီ"

ဟု ရေရွတ်ကာ ဦးရွှေမောင်အား အပေါက်မှ အောက်သို့ ပစ်ချလိုက်လေသည်။

မြေအောက်အခန်းမှာ မှောင်နေပြီး အတွင်းမှမကောင်းသော အနံ့အသက်များ လှိုင်ထွက်နေသည်။

ထို့နောက် တံခါးပေါက်ကို ပြန်ပိတ်လိုက်ပြီးနောက် အဝတ်မည်းကြီးကို တစ်ကိုယ်လုံး ဝတ်ဆင်လိုက်သည်။

ဝတ်ရုံမည်းကြီးမှာ မျက်စိပေါက်သာ ရှိသဖြင့် ဘယ်သူဘယ်ဝါမှန်း မသိနိုင်ပေ။





ဦးဇန်ကောင်းက စောစောက မှတ်ထားသဖြင့် လျှို့ဝှက်ခလုတ်နေရာကို သိပြီးဖြစ်ရာ အလွယ်တကူပင် အပြင်သို့ ထွက်လာနိုင်သည်။

သူအပြင်ရောက်လာတော့ ဆရာကြီးကို မတွေ့ရတော့ပေ။ သို့ကြောင့် အပြင်သို့ ထွက်လာသည်။

ခြံတံခါးဝ ရောက်တော့ ဦးသာစံက အရိပ်အခြေ ပေးကာ တံခါးဖွင့်ပေးသဖြင့် အပြင်သို့ အလွယ်တကူ ထွက်လာနိုင်သည်။

အပြင်ဘက် ရောက်တော့ ကိုယ်ပေါ်မှာ ခြုံထားသော အဝတ်မည်းကြီးကို ချွတ်ပစ်လိုက်သည်။

ထို့နောက် ခပ်သုတ်သုတ် လျှောက်လာရာ လမ်းဝတစ်နေရာ ရောက်တော့ အသင့်စောင့်နေသည့် ဒေါက်တာမင်းထင်ကျော်တို့နှင့် တွေ့သည်။

"ဘယ်လိုလဲ အဘ . . . အဆင်ပြေခဲ့ရဲ့လား"

"ပြေပါတယ် . . . သူ့တပည့် ဦးရွှေမောင်တော့ ကျုပ် လျှို့ဝှက်စခန်းထဲ ချထားခဲ့တယ်"

"အတွင်းမှာ ဘယ်သူရှိသလဲ"

"ဦးကျော်သာ ရှိနေတယ်"

"ဒါဖြင့် ဟန်ကျတာပေါ့၊ ဒီတစ်ခါတော့ ဘယ်လိုနည်းနဲ့မှ အလွတ်ပေးလို့ မဖြစ်တော့ဘူး၊ မင်္ဂလာဒုံ ဂိတ်တဲစခန်းက ဌာနအုပ် ဦးဘဖုံနဲ့ ပုလိပ်တွေလည်း အိမ်ကြီးပတ်လည်မှာ ဝိုင်းထားကြပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အရမ်းဝင်လို့ မသင့်ဘူးထင်တယ်၊ သူ့ဆီမှာ သေမင်းရောင်ခြည်လက်နက် ရှိနေတယ်"

"သတိနဲ့ ဝင်ရမှာပဲ"

ထို့နောက်. . .

တစ်ယောက်နှင့်တစ်ယောက် အချက်ပေးလိုက်ကြပြီး မော်ရမြိုင်အိမ်ကြီးရှိရာသို့ ချဉ်းကပ်လာကြသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ကို အဆင်သင့် ဆုပ်ကိုင်ထားသည်။

အိမ်ကြီးတစ်ခုလုံးမှာ မီးရောင်မရှိသောကြောင့် မည်းမှောင်နေလေသည်။

ရုတ်တရက် လှမ်းကြည့်လျှင် မကောင်းဆိုးဝါးတစ်ကောင် ထိုင်နေသည်နှင့် တူလှသည်။

အိမ်ကြီးနှင့် မနီးမဝေး ရောက်သောအခါ ထွက်ပေါက်မရှိအောင် ပတ်ဝိုင်းထားလိုက်သည်။

ထိုအခြေအနေ ရောက်သည်အထိ လူရိပ်လူခြေ မတွေ့ရသေးပေ။ ခြံစောင့်ကြီးဦးသာစံကိုပင် အရိပ်အယောင် မတွေ့ရသဖြင့် စိတ်ထဲမှာ ဇဝေဇဝါဖြစ်မိသည်။

ထိုအခိုက်မှာပင် ဦးဘဇံက ပုလိပ်အချို့ကို တံခါးပေါက်သို့ သွားကာ တံခါးဖွင့်ခိုင်းလိုက်သည်။

ပုလိပ်သုံးယောက်က တံခါးရှိရာသို့ သွားကာ ပိတ်ထားသော တံခါးချပ်ကို တွန်းဖွင့်လိုက်သည်။

တံခါးနှစ်ချပ်က အတွင်းမှ ဂျက်ထိုးမထားသဖြင့် အ





သွယ်တကူ ပွင့်သွားလေသည်။

တံခါးချပ်ကို တွန်းဖွင့်လိုက်သည်နှင့် အတွင်းမှ စူးရှသော အလင်းရောင်တန်းတစ်ခု ထိုးထွက်လာရာ ၎င်းအလင်းရောင် ထိလိုက်သည်နှင့် ပုလိပ်သုံးယောက်စလုံး စူးစူးဝါးဝါး အော်ဟစ်ကာ နောက်သို့ လဲကျသွားလေတော့သည်။

"အား. ."

"အထဲမဝင်နဲ့. . . အရမ်းမဝင်နဲ့"

ဒေါက်တာမင်းထင်ကျော်က အော်ဟစ်သတိပေးလိုက်သည်။ ခဏကြာတော့ အလင်းရောင်တန်းက ပြန်မှိတ်သွားသည်။

ထိုအခါ စောစောက လင်းထိန်နေသည့် ပတ်ဝန်းကျင်မှာ ပြန်မှောင်သွားပြန်သည်။

ထိုအခါမှ သတိဖြင့် အိမ်ပေါက်ဝအနီး ရောက်အောင် တိုးသွားကြသည်။

တံခါးပေါက်ဝနားမှာတော့ ပုလိပ်သုံးယောက်မှာ အတုံးအရုံး လဲကျသေဆုံးနေကြလေသည်။

ဒေါက်တာမင်းထင်ကျော်က တံခါးပေါက်နဘေး ကပ်သွားပြီး အတွင်းသို့ လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်တော့ ဘာမှမတွေ့ရပေ။

သို့ကြောင့် အားလုံးကို အချက်ပြကာ အတွင်းသို့ ဝင်ကြလေသည်။ အိမ်ထဲသို့ ရောက်သောအခါ အလင်းရောင် ရစေရန် လက်နှိပ်မီးရောင်များဖြင့် ပြိုင်တူထိုးထားကြရာ လင်းထိန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်သို့ လိုက်လံရှာဖွေကြသော်လည်း ဘာမှ မတွေ့ရပေ။

ဦးဗန်ကောင်း ပြသဖြင့် အောက်ထပ်ရှိ လျှို့ဝှက်အခန်း တွင်းသို့ ဝင်ကြည့်ကြသည်။

ထိုအခိုက်မှာပင် အပေါ်ထပ် တက်သွားသော ပုလိပ် နှစ်ယောက်တို့မှာ သေမင်းရောင်ခြည်တန်း မိပြီး ပြန်ကျလာသည်။

"အပေါ်ထပ်မှာ ရန်သူရှိနေတယ်"

ထို့နောက် ဒေါက်တာမင်းထင်ကျော်က အစီအစဉ်များကို ပြောပြကာ အပြင်သို့ ပြန်ထွက်လာသည်။

ပြီးလျှင် ပြတင်းပေါက်မှတဆင့် လေသာဆောင်သို့ တက်သည်။ လေသာဆောင်မှတစ်ဆင့် တံခါးရွက်ကို အသံမကြားအောင် ဖွင့်ကာ အတွင်းသို့ ရောက်အောင်ဝင်သည်။

အမှောင်ထဲမှာ မျက်စိကျင့်သားရအောင် ကြည့်ပြီးမှ လှေခါးရှိရာသို့ သွားသည်။

လှေခါးမှ တက်လာသူများကို သေမင်းရောင်ခြည်တန်း ဖြင့် ထိုးသတ်ရန် စောင့်နေခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် အောက်ဖက်မှ လူရိပ်ပြလိုက်သည်နှင့် အကွယ်မှ ထွက်ကာ သေမင်းရောင်ခြည်ဖြင့် ထိုးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ထိုအခွင့်အရေးကို လက်လွှတ်မပေးတော့ဘဲ သေနတ်ဖြင့် ပစ်ချလိုက်သည်။

"ဒိုင်း. . ဒိုင်း. ."





သေနတ်သံနှင့်အတူ လှေခါးထိပ်၌ ရှိနေသော မည်းမည်းသဏ္ဍာန်မှာ အောက်သို့ ဒလိမ့်ခေါက်ကွေး လိမ့်ကျသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က အောက်သို့ ဆင်းလိုက်သွားပြီး လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်ရာ ၎င်းမှာ သူထင်သလို ဦးကျော်သာ မဟုတ်ဘဲ ခြံစောင့်ကြီး ဦးစံသာ ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေသည်။

"ဦးကျော်သာလည်း မဟုတ်ပါလား"

ဦးစံသာလက်ထဲမှ လွတ်ကျနေသော သေမင်းရောင်ခြည် လက်နက်ဆန်းကတော့ တစ်စစီ ဖြစ်နေချေပြီ။

ထို့နောက်. . .

အားလုံး အိမ်ထဲ ဝင်ကြပြီး တစ်အိမ်လုံး ပိုက်စိပ်တိုက်၍ ရှာဖွေကြသော်လည်း ဦးကျော်သာ၏အရိပ်အယောင်ကိုမျှ မတွေ့ကြရပေ။

ထိုအခါ ဒေါက်တာမင်းထင်ကျော်မှာ အတွေးတစ်ခု ပ်ကနဲ ဝင်လာသည်။

ထို့ကြောင့်. . .

ဦးဗန်ကောင်းအား ခေါ်၍ မောရမြိုင်အိမ်ကြီးအတွင်းမှ အလျင်အမြန် ပြန်ထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၄)

# သေရွာပြန်ကျော့ကွင်းထောင်ချောက်

အချိန်မှာ ညဥ့်နက်ပိုင်း ရောက်လာပြီမို့ အမှောင်ထုများက ပတ်ဝန်းကျင်တဝိုက်ကို ဖုံးအုပ်ထားလေသည်။

မြသင်းကြူမှာ အပြင်ဘက်မှ အမှောင်ထုများကြောင့် အိမ်ကြီးအတွင်းမှာ နေရသည်ကိုပင် ကြောက်ရွံ့နေမိလေသည်။

ဖခင်ဖြစ်သူ ဦးမြတ်စံက နယ်သို့ သွားနေရာ မိခင်က လိုက်သွားရသည်။

အိမ်၌ သူမနှင့် အိမ်ဖော်အမျိုးသမီးကြီးတစ်ဦးသာ ကျန်ခဲ့လေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာတော့ ခြံစောင့်ကုလားနှစ်ယောက်နှင့် ဒေါက်တာမင်းထင်ကျော်၊ ဦးဇန်ကောင်းတို့ ရှိကြသည်။

ယခုညမှာတော့ ညဦးပိုင်းကတည်းက ဒေါက်တာမင်းထင်ကျော်တို့ မရှိကြပေ။

ထောက်ကြံ့ဘက် သွားမည်ဟု ပြောကာ ထွက်သွားကြသည်မှာ ယခုတိုင် ပြန်မရောက်ကြသေးပေ။

တိုင်ကပ်နာရီမှ ည(၂)နာရီထိုးသံ ပေါ်ထွက်လာသည်။

မြသင်းကြူမှာ အိမ်အပေါ်ထပ် ပြတင်းပေါက်မှ ဒေါက်တာမင်းထင်ကျော်တို့ ပြန်လာမည်ကို တမျှော်မျှော် ရှိနေလေသည်။

ယခုထက်တိုင် အရိပ်အယောင်မှ မတွေ့ရသေးပေ။

မြသင်းကြူမှာ စိတ်ဂဏှာမငြိမ် ဖြစ်နေသောကြောင့် ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်၊ သက်ပြင်းချလိုက်နှင့် ရှိနေသည်။

ခြံဝန်းတံခါးပေါက်မှာတော့ ခြံစောင့်ကုလား နှစ်ယောက်တို့မှာ စကားတပြောပြောနှင့် ပုံမှန်အတိုင်း ရှိနေကြသည်။

အိမ်ဖော်အမျိုးသမီးကတော့ အခန်းထဲမှာ အိပ်ပျော်နေချေပြီ။

ထိုအချိန်တွင် လမ်းအတွင်းသို့ ကားတစ်စင်း မောင်းဝင်လာသော စက်သံကို ကြားရသဖြင့် ဝမ်းသာသွားသည်။

ခဏကြာတော့ ကားမီးရောင်ကို မြင်ရပြီး ခြံတံခါး





ပေါက်ဝသို့ ကားတစ်စင်း ခေါင်းထိုးဝင်လာသည်။

ခြံစောင့်ကုလားက မော်တော်ကားကို ကြည့်ပြီး ခြံတံခါးနှစ်ချပ်ကို ဖွင့်ပေးလိုက်သည်။

ကားမှာ ဒေါက်တာမင်းထင်ကျော်ကားပင်ဖြစ်၏။

ခြံစောင့်ကုလားက ကားကို မှတ်မိနေသောကြောင့် တံခါးကို ဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

ကားက ဆင်ဝင်အောက်သို့ မောင်းဝင်လာရာ မြသင်းကြူက အပေါ်ထပ်မှ ကပျာကယာ ဆင်းသွားပြီးနောက် သော့ခတ်ထားသော သံဘာဂျာတံခါးကို ဖွင့်ပေးလိုက်သည်။

ထိုအချိန်မှာ ကားတံခါးဖွင့်ပြီး လူတစ်ယောက် ဆင်းလာလေသည်။

မြသင်းကြူမှာ ထိုအခါမှပင် မှားမှန်း သိသွားသော်လည်း နောက်ကျသွားချေပြီ။

တစ်ကိုယ်လုံး အဝတ်နက်များ ခြုံထားသောသူက သေတ်ဖြင့် ချိန်ကာ အိမ်ထဲ ဝင်လာသည်။

"နင့်အဖေ ဘယ်မှာလဲ"

အသံသြသြကြီးဖြင့် မေးလိုက်သည်။

"ဖေဖေ. . ဖေဖေ. . မရှိပါဘူး"

"သူ ဘယ်မှာလဲ. ."

"နယ်. . နယ်ကို သွားပါတယ်"

"ဘယ်ကိုသွားတာလဲ"

"ကျွန်မ. . မ. . မသိပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ငါ့ကို လှည့်စားလို့ ရမယ်ထင်သလား၊ ငါ့လက်က ဘယ်တော့မှ မလွတ်ဘူးဆိုတာ မှတ်ပါ"

"ဖေဖေ့အသက်ကို ချမ်းသာပေးပါရှင်"

"သူတစ်ပါးရဲ့အသက်ကို မတရား သတ်ခဲ့ပြီးမှတော့ ကိုယ့်အသက် ပြန်ပေးရမှာကိုကြောက်နေတာလား၊

နင့်အဖေလက်ချက်ကြောင့် ငါ ဘယ်လိုဘဝ ရောက်ခဲ့ရတယ်ဆိုတာ ဒီမှာကြည့်စမ်း"

ဟု ပြောဆိုကာ ဦးခေါင်းပေါ်မှာ အုပ်ထားသော အဝတ်နက်ကြီးကို ဆွဲဖယ်လိုက်ရာ ကြောက်မက်ဖွယ်ရာကောင်းသော မျက်နှာကြီး ပေါ်လာလေတော့သည်။

"အမယ်လေး"

မြသင်းကြူမှာ အမှောင်ရိပ်ထဲမှာ ကြောက်မက်ဖွယ်ကောင်းလှသောမျက်နှာကြီးကိုတွေ့မြင်လိုက်ရသဖြင့် သတိမေ့ကာ လဲကျသွားလေတော့သည်။

၎င်းမှာ အခြားမဟုတ်ပေ။

သေရွာပြန် ဦးကျော်သာ၏ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးပင်ဖြစ်သည်။

ကြိုးစင်ပေါ်မှာ ကြိုးဒဏ်ကြောင့် မျက်နှာကြီးက အစ်ထွက်နေသည်။ မျက်လုံးနှစ်လုံးက အပြင်ဘက်သို့ ပြူးထွက်နေပြီး လည်ပင်းက သာမန်ထက် ပိုရှည်နေသည်။

ထို့ထက် အရိုးအဆစ်များ ပြုတ်နေသောကြောင့် လည်ပင်းက ဦးခေါင်းကို ကောင်းစွာမထိန်းနိုင်ဘဲ ဟိုယိမ်းဒီယိုင် ဖြစ်





နေလေသည်။

ဦးကျော်သာ မူလကတည်းက ပိန်ပိန်ပါးပါးနှင့် အရပ်ရှည်သူဖြစ်ရာ ယခုအခါ ခါးက သာမန်ထက် ပိုကိုင်းနေလေသည်။

ယခုကဲ့သို့ အမှောင်ရိပ်ထဲမှာ တွေ့မြင်ရပါက မည်သူကမှ လူကောင်းတစ်ယောက်ဟု မထင်ဘဲ သရဲသဘက်တစ်ကောင်ဟု ထင်မှတ်ကာ ကြောက်ရွံ့ကြမည်မှာ အမှန်ပင်ဖြစ်၏။

ယခုလည်း မြသင်းကြူမှာ ဦးကျော်သာ၏ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကြီးကို ရုတ်တရက် တွေ့လိုက်ရသည်နှင့် သတိမေ့ကာ လဲကျသွားခြင်းဖြစ်လေသည်။

ဦးကျော်သာသည် မြသင်းကြူ မေ့လဲကျသွားသည်နှင့် စာရွက်ပေါ်တွင် စာတစ်စောင် ရေး၍ စားပွဲပေါ် တင်ထားလိုက်သည်။

ထို့နောက် မြသင်းကြူကို ပွေ့ကာ ကားအတွင်းသို့ ထည့်ကာ အပြင်သို့ ပြန်မောင်းထွက်သွားလေသည်။

၎င်းထွက်သွားပြီး မကြာမီ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ ကားတစ်စင်းဖြင့် ပြန်ရောက်လာသည်။

၎င်းတို့ စီးလာသောကားမှာ ပုလိပ်များ စီးသော ဂျစ်ကားဖြစ်လေသည်။

သူတို့နှစ်ယောက်ကို မြင်တော့ ခြံစောင့်ကုလားနှစ်ယောက်က အံ့သြနေကြသည်။

"ဟင်. . . ဆရာကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါပြန်မရောက်ခင် ဘယ်သူလာသေးလဲ"

"စောစောက ဆရာကြီး စီးတဲ့ မော်တော်ကား ပြန်ဝင်လာလို့ ခြံတံခါး ဖွင့်ပေးလိုက်ပါတယ်"

"ကားထဲမှာ ဘယ်သူပါသလဲ"

"လူတစ်ယောက် ထိုင်နေတာပဲ တွေ့လိုက်ပါတယ်"

"အခု အဲဒီကား ဘယ်ရောက်သွားပြီလဲ"

"စောစောကပဲ အပြင်ကို ပြန်ထွက်သွားပြီ ဆရာကြီး"

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"ရန်သူက ကျွန်တော်တို့ထက် တစ်ကွက်ပိုဦးသွားပြီ အဘ"

ဟု ပြောကာ အိမ်ထဲ ဝင်၍ အခြေအနေ လိုက်ကြည့်တော့ မြသင်းကြူကို မတွေ့ရတော့ပေ။

"မြသင်းကြူ မရှိတော့ဘူး၊ သူဖမ်းခေါ်သွားပြီထင်တယ်"

နှစ်ယောက်သား အိမ်အပေါ်ထပ် အောက်ထပ်အနှံ့ လိုက်လံရှာဖွေသော်လည်း မတွေ့ရဘဲ စားပွဲပေါ်မှ စာတစ်စောင်ကို တွေ့ရသဖြင့် ယူ၍ဖတ်ကြည့်လိုက်သည်။

*"ဒေါက်တာမင်းထင်ကျော်. . .*

*မောင်ရင်က အစွမ်းအစ ရှိတဲ့လူတစ်ယောက်ဆိုတာ ကျုပ်သိပါတယ်၊*





*အခုအချိန်လောက်ဆိုရင် ကျုပ်ဘယ်သူလဲဆိုတာ သိလောက်ပြီမဟုတ်လား၊*

*ကျုပ်ရဲ့ရည်ရွယ်ချက်က ကျုပ်ရဲ့ရန်သူတွေမှန်သမျှ လက်စားချေဖို့ပဲ၊*

*'Equal Reaction'*

*တူညီသောတုံ့ပြန်မှုဆိုတာ ရှိရမှာပေါ့။*

*အခု မိန်းကလေးကို ကျုပ်ဖမ်းခေါ်သွားပြီ၊*

*သူ့အသက်ကို မသေစေချင်ရင် မောင်ရင်ကိုယ်တိုင် ဦးမြတ်စံကို ခေါ်လာပြီး ကျုပ်လက်ထဲကို လာအပ်ပါ၊*

*လာရမယ့်နေရာကတော့ မောရမြိုင်အိမ်ကိုပဲ။ ပုလိပ်တွေ ခေါ်လာရင်တော့ မိန်းကလေးရဲ့အလောင်းကိုပဲ တွေ့ရလိမ့်မယ်။*

*သေရွာက ပြန်လာသူ"*

ဟူ၍ရေးထားလေသည်။

"ဘာတဲ့လဲ မောင်ထင်ကျော်"

ဒေါက်တာမင်းထင်ကျော်က အကျိုးအကြောင်း ပြောပြလိုက်သည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ၊ သူ့အဖေ ဦးမြတ်စံတို့ကို အကြောင်းကြားရမှာပေါ့"

"ဒီကိစ္စကိုတော့ ဦးမြတ်စံတို့ကို အသိပေးရမှာပေါ့၊ သူတို့နဲ့ တိုင်ပင်ပြီး တစ်ခုခု စီစဉ်ရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုတိုင်ပင်ကာ နောက်တစ်နေ့တွင် ဦးမြတ်စံ ရှိသောနေရာသို့ လူလွှတ်၍ အကြောင်းကြားလိုက်ရာ လင် မယားနှစ်ယောက်စလုံး ပြန်ရောက်လာကြသည်။

ဒေါက်တာမင်းထင်ကျော်က အခြေအနေကို ပြောပြ လိုက်သောအခါ ဦးမြတ်စံမှာ မျှားစွာစိတ်ပူသွားလေသည်။

"အို. . . ကျုပ်သမီးလေးတော့ ဘယ့်နည်းနဲ့မှ အသေ မခံနိုင်ဘူး၊ ကျုပ်က အသက်အရွယ်လည်း ကြီးပါပြီ၊ သေရမယ် ဆိုရင်တောင် ကျုပ်ပဲ အသေခံပါရစေ"

"ဒီလောက်လည်း စိတ်မပူပါနဲ့ ဦး၊ မြသင်းကြူကို ရ အောင် ကယ်နိုင်ဖို့ ကျွန်တော်တို့ ကြိုးစားရမှာပေါ့"

ဟု ပြောကာ အစီအစဉ်များကိုပြောပြလေသည်။

ထိုနေ့ နေ့လည်ဘက်အချိန်မှာ ဒေါက်တာမင်းထင် ကျော် တစ်ယောက်တည်း မဂိုလမ်း ဆေးခန်းရှိရာသို့ ကားဖြင့် သွားလေသည်။

ဆေးခန်းမှာ ပိတ်ထားလေသည်။

ဆေးခန်းပိတ်ထားသဖြင့် မောင်သူရနှင့် မေနှင်းကျော် တို့ နေထိုင်သောနေရာကို မေးမြန်းစုံစမ်းကြည့်ရာ လိပ်စာသိရ သဖြင့် ထိုနေရာသို့ ဆက်လိုက်သွားသည်။

ဘုန်းကြီးလမ်းရှိ တိုက်သို့ ရောက်သောအခါ မောင်သူရ ကို မတွေ့ရဘဲ မေနှင်းကျော်တစ်ယောက်တည်းကိုသာ တွေ့ရ လေသည်။

"ကျွန်တော် ပုလိပ်ဘက်က မဟုတ်ပါဘူး၊ မေနှင်းကျော်





ဆီမှာ အကူအညီတောင်းချင်လို့ လာခဲ့တာပါ"

ဟု ပြောတော့မှ တံခါးဖွင့်ပေးသည်။

မေနှင်းကျော်က သူမ၏သားငယ် နေမကောင်းဖြစ်နေ သဖြင့် စိတ်သောက ရောက်နေဟန်ရှိလေသည်။

"ကိုသူရ ဘယ်များ သွားသလဲ"

"သူ့အဖေ ဆေးခန်းကို ပြန်မလာလို့ လိုက်ရှာနေပါ တယ်"

"ဆရာဝန် ဦးရွှေမောင်ကို ပြောတာလား"

"ဟုတ်ပါတယ်"

"မေနှင်းကျော်က ဒီအကြောင်းတွေကို ဘာမှမသိရ သေးဘူးထင်တယ်"

"ဟင့်အင်း. . . ကျွန်မ ဘာမှမသိပါဘူး၊ ဘာတွေဖြစ် နေလို့လဲဟင်"

"မေနှင်းကျော်ရဲ့ဖခင် ဆရာဝန်ကြီးဦးကျော်သာက အခု အသက်ရှင်လျက်နဲ့ ရှိနေပါသေးတယ်၊ ဦးရွှေမောင်က သူနဲ့ အတူ မောရမြိုင်မှာ ရှိနေပါတယ်"

"ရှင် မဟုတ်တာ လာမပြောနဲ့၊ ကျွန်မဖေဖေ သေတာ ကြာလှပြီ၊ မဟုတ်တာတွေ လာပြောနေတယ်၊ အသရေဖျက်မှုနဲ့ ပုလိပ်လက်ကို ခေါ်အပ်လိုက်ရမလား"

"ကျွန်တော် အမှန်ပြောနေတာပါ၊ ဆရာဝန်ကြီး ဦး ကျော်သာကို ကြိုးပေးသတ်လို့ သေပြီးတဲ့နောက်မှာ သူ့ရဲ့တပည့် ဖြစ်တဲ့ ဦးရွှေမောင်က ဝိညာဉ်ပြန်သွင်းထားတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ့ရဲ့အသက်ဝိညာဉ် မဟုတ်ဘူး၊ မော
ထွန်းခ ဆိုတဲ့လူရဲ့အသက်ဝိညာဉ်ပါ"

မေနှင်းကျော်က မျက်လုံးအပြူးသားနှင့် နားထောင်နေလေသည်။

"ဦးကျော်သာ အသက်ပြန်ရှင်လာပြီးတဲ့နောက်မှာ သူ့ကို ကြိုးပေးခံရအောင် လုပ်ခဲ့တဲ့လူတွေကို တစ်ယောက်ပြီးတစ်ယောက် လိုက်သတ်နေပါတယ်၊ သေတဲ့လူတွေဟာ သူ့အမှု ပတ်သက်တဲ့လူတွေချည်းပဲဆိုတာ မေနှင်းကျော်လည်း သိတိမှာပေါ့"

"ရှင်. . ရှင် အမှန်ပြောနေတာလား"

"ကျွန်တော်က မေနှင်းကျော်ကို လိမ်ညာပြောနေလို့ ဘာအကျိုးရှိမှာလဲ"

"ဒါဖြင့် ဖေဖေ ဘယ်မှာလဲ"

"မောရမြိုင်မှာ ရှိနေပါတယ်၊ အခု စက်ရှင်တရားသူကြီး ဦးမြတ်စံကို ကြိုးနဲ့ သတ်ဖို့အတွက် သူ့သမီးကို ဖမ်းထားပါတယ် အဲဒါ မေနှင်းကျော် အကူအညီပေးမှ ဖြစ်မှာမို့ ကျွန်တော်လာပြီး အကူအညီ တောင်းတာပါ"

မေနှင်းကျော်မှာ တွေတွေကလေးဖြစ်သွားလေသည်။ သူမအနေနှင့် ဘယ်လိုလုပ်ရမှန်း သိဟန်မတူပေ။

"ကျွန်မက ဘယ်လိုအကူအညီပေးရမှာလဲ၊ ကျွန်မသား လေးကလည်း အတော်ကလေး နေမကောင်းဖြစ်နေတယ်"

"အဲဒါဆိုရင်လည်း ပိုကောင်းပါတယ်၊ ဦးကျော်သာ





ကို သူ့မြေးလေး ခေါ်သွားရင် ဦးကျော်သာ စိတ်ပြောင်းသွားနိုင် ပါတယ်၊ မေနှင်းကျော်သာ အကူအညီ မပေးရင် ဦးမြတ်စံတို့ မိသားစုတွေ အသတ်ခံရတော့မှာပါ"

မေနှင်းကျော်က အတန်ကြာအောင် စဉ်းစားနေသည်။

သူမအနေနှင့် ဖခင်ဖြစ်သူအကြောင်းကို ယခုမှ သိရပြီး စိတ်ထဲမှာလည်း တွေ့ချင်နေသည်။

ဒီတစ်သက် ဘယ်သောအခါမှ မတွေ့ရတော့ဟု စိတ်ထဲမှာ ထားခဲ့သည့် ဖခင်ဖြစ်သူကို ပြန်တွေ့ရမည်ဆိုသောအခါ စိတ်ထဲမှာ လှုပ်ရှားနေလေသည်။

"ကောင်းပြီလေ. . . ဖေဖေနဲ့ ပြန်တွေ့ရမယ်ဆိုရင် ကျွန်မ အကူအညီပေးပါ့မယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာသာ ပြောပါ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်မှာ စိတ်သက်သာရာ ရသွားပြီး မေနှင်းကျော်အား ပြုလုပ်ရမည့် အစီအစဉ်များကို ပြောပြလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

# သေရွာပြန်နီဂုံး

မောရမြိုင်ခြံကြီးအတွင်းသို့ ဒေါက်တာမင်းထင်ကျော် ကားမောင်းဝင်သွားသောအချိန်မှာ ညနေပိုင်းအချိန်ဖြစ်လေသည်။

ခြံဝန်းအတွင်းသို့ ကားမောင်းဝင်လာစဉ် အပေါ်ထပ်ပြတင်းပေါက်မှ လှမ်းကြည့်နေသော သဏ္ဍာန်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

ဒေါက်တာမင်းထင်ကျော် ကားအတွင်းမှာတော့ စက်ရှင်တရားသူကြီး ဦးမြတ်စံတစ်ယောက်သာ ပါလာလေသည်။

ကားကို ဆင်ဝင်အောက်သို့ ထိုးရပ်ပြီးနောက် ဒေါက်တာမင်းထင်ကျော်နှင့် ဦးမြတ်စံတို့နှစ်ယောက်က ကားပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းကြပြီး ပိတ်ထားသောတံခါးရှေ့၌ ရပ်လိုက်ကြသည်။

အတန်ကြာတော့ တံခါးချပ်က အလိုလို ပွင့်သွားသဖြင့် နှစ်ယောက်သား အိမ်အတွင်းသို့ ဝင်ခဲ့ကြသည်။

တံခါးများ ပိတ်ထားသဖြင့် အိမ်ကြီးအတွင်း၌ မှောင်နေလေသည်။ သူတို့ အတွင်းရောက်ပြီးသည်နှင့် တံခါးနှစ်ချပ်က ပြန်ပိတ်သွားလေသည်။

ထိုအခါမှ မှောင်ရိပ်အတွင်းမှ မည်းမည်းသဏ္ဍာန်ကြီး ထွက်လာသည်။

သေရွာပြန်ဦးကျော်သာပင်ဖြစ်သည်။

ဦးမြတ်စံမှာ ဦးကျော်သာ၏ ကြောက်မက်ဖွယ် ကောင်းလှသော မျက်နှာကြီးကို မြင်ရသောအခါ အသက်ရှူမှား မတတ် ထိတ်လန့်ကြောက်ရွံ့သွားလေသည်။

"ဘယ်လိုလဲ တရားသူကြီးမင်း၊ ရေစက်မကုန်သေး တော့ ကျုပ်တို့ ပြန်တွေ့ရပြန်ပြီပေါ့နော်"

ဟု အသံသြသြကြီးဖြင့် ပြောလိုက်သည်။

"ခင်. . ခင်ဗျား. . ကြိုးပေးခံရလို့ သေတာ ကြာပြီ မဟုတ်လား၊ ဘယ်လိုအသက်ပြန်ရှင်လာတာလဲ"

"ဟား. . ဟား. . ဟား. . ဟား. . ခင်ဗျားအံ့သြနေပြီ မဟုတ်လား၊ ဟိုတုန်းက ကျုပ်ပြောခဲ့တုန်းကတော့ ခင်ဗျားမယုံခဲ့ ဘူး လက်မခံခဲ့ဘူး မဟုတ်လား၊ ကျုပ်စမ်းသပ်ထားတဲ့ ဆေး ပညာက သေပြီးစ လူတစ်ယောက်ကို အသက်ဝိညာဉ်တစ်ခု ထည့်ပြီး ရှင်စေနိုင်တဲ့နည်းဗျ၊ ဒါကို ခင်ဗျားတို့တတွေက ကျုပ်ရူး





နေလို့ ပြောတာလို့ သတ်မှတ်ခဲ့ကြတယ် မဟုတ်လား"

"ကျုပ်မှားပါပြီ ဦးသာကျော်ရယ်၊ ကျုပ်အသက်နဲ့ ကျုပ် သမီးလေးအသက်ကို ချမ်းသာပေးပါ"

"အခုမှတော့ တောင်းပန်မနေနဲ့ ဦးမြတ်စံ. . . မရ တော့ဘူး၊ ခင်ဗျားတို့တတွေ ကျုပ်သေသလို သေရမှ အေးမယ်၊ ကြာခင်မှာ ခင်ဗျား ကျုပ်သေသလို သေရမယ်ဗျ"

ဟု အသံသြသြကြီးဖြင့် ပြောရာ ဦးမြတ်စံမှာ ကြောက် လွန်းသဖြင့် တဆတ်ဆတ် တုန်နေလေသည်။

"ကိုင်း. . . လိုက်ခဲ့ပေတော့"

ဟု ပြောကာ ဦးမြတ်စံအား အပေါ်ထပ်သို့ ခေါ်သွား လေသည်။ ဒေါက်တာမင်းထင်ကျော်မှာ အောက်ထပ်မှာ ကျန်ခဲ့ တော့သည်။

ခဏကြာတော့ ခြံဝန်းအတွင်းသို့ ကားတစ်စင်း မောင်း ဝင်လာကာ ဆင်ဝင်အောက်၌ ရပ်လေသည်။

ကားပေါ်မှ ဦးဇန်ကောင်း၊ မောင်သူရနှင့် မေနှင်းကျော် တို့ ဆင်းလာကြသည်။

မေနှင်းကျော် ရင်ခွင်ထဲမှာ နေမကောင်းနေသည့် ကလေးငယ်ကို ပွေ့ချီထားသည်။

"ဖေဖေ ဘယ်မှာလဲဟင်"

"သူ အပေါ်ထပ်ကို တက်သွားပြီ၊ တရားသူကြီးဦးမြတ်စံ ကို ခေါ်သွားပြီ"

"ဒီလိုဆိုရင် လျှို့ဝှက်ခန်းထဲ ခေါ်သွားတာ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်သူရက ဝင်ပြောသည်။

"လျှို့ဝှက်အခန်းက ဘယ်မှာလဲ"

"ကျွန်တော်သိတယ်၊ အရင်တုန်းက ဆရာကြီးရဲ့ လုပ်ငန်းတွေကို အကူအညီပေးရင်းနဲ့ လျှို့ဝှက်အခန်းကို ကျွန်တော် ရောက်ဖူးတယ်၊ လာ. . . သွားကြမယ်"

ဟု ပြောကာ လေးယောက်သား အပေါ်ထပ်သို့ ခပ်သုတ်သုတ် တက်လာခဲ့ကြသည်။

အပေါ်ထပ်မှာလည်း ဦးကျော်သာကို မတွေ့ရပေ။

အပေါ်ထပ်သို့ ရောက်သောအခါ မောင်သူရက ဦးဆောင်၍ ပိတ်ထားသောအခန်းရှိရာသို့ သွားကြသည်။

(ထိုအခန်းမှာ ဦးကျော်သာ သုတေသနပြုလုပ်သော အခန်းဖြစ်သည်။ မောင်ထွန်းခအား စမ်းသပ်နေစဉ်က ဦးရွှေမောင်နှင့် မောင်သူရတို့ နှစ်ယောက်စလုံး ရှိနေကြသည်။

ပုလိပ်များ ရောက်လာသောအခါ ဦးကျော်သာက မောင်ထွန်းခ၏အသက်ဝိညာဉ်သွေးဘူးကို ပေး၍ ဦးရွှေမောင်နှင့် မောင်သူရတို့နှစ်ယောက်အား လျှို့ဝှက်အခန်းမှ ထွက်ပြေးရန် စေခိုင်းသဖြင့် လွတ်မြောက်သွားခဲ့ကြခြင်းဖြစ်ပေသည်။)

သုတေသနအခန်းရှေ့ ရောက်သောအခါ တံခါးကျက်ကို ဖျပ်ဆီး၍ အတွင်းသို့ ဝင်ကြသည်။

အခန်းတွင်းမှာ အမှောင်ရိပ်များ ရှိနေပြီး အလင်းရောင် မိုးတဝါးမျှသာ ရှိတော့သည်။

အခန်းတစ်ခုလုံး ဆေးပုလင်းများ ထည့်ထားသည့်ဗီရို





များ၊ ဆေးခန်းသုံး ကိရိယာများ ထည့်ထားသည့် ဗီရိုများ၊ စင်များ၊ နိုင်ငံခြားဘာသာဖြင့် ရေးထားသော စာအုပ်စာတန်းများဖြင့် ပြည့်နေလေသည်။

အခန်းအလယ်မှာတော့ လူနာတင်သည့် စင်တစ်ခု ရှိသည်။

ထိုအခန်းထဲမှာလည်း ဦးသာကျော်တို့ မရှိပေ။

မောင်သူရက အခန်းနံရံရှိ ဘီရိုတစ်လုံး နောက်ဘက်ရှိ လျှို့ဝှက်ခလုတ်တစ်ခုကို လက်ဖြင့် စမ်း၍ နှိပ်ချလိုက်ရာ ဘီရိုကြီးက တကျွိကျွိနှင့် နံဘေးသို့ ရွေ့သွားပြီး အပေါက်တစ်ပေါက် ပေါ်လာသည်။

ထိုအပေါက်တွင် အုတ်နံရံအတွင်း၌ လျှို့ဝှက်ပြုလုပ်ထားသော လှေခါးထစ်များ ရှိသဖြင့် မောင်သူရက ရှေ့မှ ဦးဆောင်ကာ ဆင်းသွားလေရာ ကျန်လူများက နောက်မှ လိုက်ကြသည်။

မှောင်မည်းနေသောကြောင့် သတိထားပြီး ဆင်းကြရသည်။

အောက်သို့ ရောက်တော့ မြေအောက်ခန်းကဲ့သို့ ပြုလုပ်ထားသော အခန်းကျယ်တစ်ခု တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးဖြင့် ထိုးကြည့်ရာ ကြမ်းပြင်ပေါ်၌ လူအရိုးစုအချို့ တွေ့ရသည်။

"ဒီအရိုးစုတွေက အရင်စမ်းသပ်တုန်းက မအောင်မြင်လို့ သေသွားတဲ့လူတွေကို ထားခဲ့တာတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



မောင်သူရစကား ကြားသောအခါ မေနှင်းကျော်ပင် မျက်လုံးပြူးသွားလေသည်။

ယခင်က မောရမြိုင်ခြံကြီးအတွင်း၌ ခြံစောင့်လာလုပ်သူများ မကြာခဏ ပျောက်သွားခြင်းမှာ လျှို့ဝှက်အခန်းတွင်း ရောက်သွားခဲ့ခြင်းကြောင့်ဖြစ်ပေသည်။

ထိုအခန်းမှ ဖြတ်သွားကြရာ အတန်ကြာတော့ ပိတ်ထားသော အခန်းတစ်ခန်းရှေ့သို့ ရောက်ကြလေသည်။

မောင်သူရက အချက်ပြသဖြင့် တံခါးချပ်ကို တွန်းကြည့်လိုက်ရာ အလွယ်တကူ ပွင့်သွားလေသည်။

အခန်းအတွင်းမှာတော့ မြင်ကွင်းက မကောင်းလှပေ။

မီးရောင်အနည်းငယ် ရှိသော အခန်းအလယ်တွင် ဦးမြတ်စံကို လက်နှစ်ဖက်အား နောက်ပြန် ကြိုးဖြင့် တုပ်ထားပြီး လည်ပင်းကို ကြိုးကွင်းစွပ်ပြီး ခုံပေါ် တင်ထားသည်။

ထိုင်ခုံကို တွန်းဖယ်လိုက်သည်နှင့် ကြိုးဆွဲချသကဲ့သို့ ဖြစ်သွားပေမည်။

မနီးမဝေး တိုင်မှာ ကြိုးနှင့် တုပ်ထားသော မြသင်းကြူ ရှိသည်။

အခန်းတစ်နေရာမှာတော့ ဦးကျော်သာက ကုလားထိုင် တစ်လုံးဖြင့် အေးအေးဆေးဆေး ထိုင်နေလေသည်။

အခန်းပေါက်ဝမှ ဝင်လာသော ဒေါက်တာမင်းထင် ကျော်ကို မြင်သည်နှင့် . . .

"လာကြပါ . . . ဝင်ခဲ့ကြပါ၊ ကျုပ်ရဲ့အောင်ပွဲကို မြင်ဖို့





အတွက် ခင်ဗျားတို့ကို စောင့်နေတာပါ၊ ဒီနေရာကို တွေ့အောင် ရှာနိုင်တာကတော့ ခင်ဗျား လူတော်ပဲပေါ့"

ဟု လှမ်းပြောသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့က အခန်းတွင်း ဝင်သွားကြသည်။

"ဒီအခန်းထဲ ရောက်လာတဲ့သူမှန်သမျှ ဘယ်သူမှ အသက်ရှင်လျက်နဲ့ ပြန်ထွက်လို့မရဘူး၊ ဒီမှာတွေ့လား၊ ကျုပ်လက်ထဲမှာ ထိန်းချုပ်ထားတဲ့ခလုတ် ရှိတယ်၊ ဒီခလုတ်တွေကို နှိပ်လိုက်တာနဲ့ ကျုပ် တပ်ဆင်ထားတဲ့ သေမင်းရောင်ခြည်တွေ ထွက်လာပြီး အားလုံးသေရမှာပဲ၊

ဒါပေမယ့် မသေခင် ကျုပ်ကို ကြိုးမိန့်ပေးပြီး သတ်ခဲ့တဲ့ တရားသူကြီးမင်းကို ဘယ်လိုကလဲ့စားပြန်ချေမယ်ဆိုတာကို ကြည့်ကြဦးပေါ့"

ဟု ပြောကာ နေရာမှ ထလာသည်။

"ခင်ဗျားမှားနေပြီ ဒေါက်တာ၊ ဦးမြတ်စံမှာ ဘာအပြစ်မှ မရှိပါဘူး၊ သူက သူ့ရဲ့တာဝန်ကို ထမ်းဆောင်ခဲ့တာပဲ"

ဒေါက်တာမင်းထင်ကျော်က ဝင်ပြောလိုက်သည်။

"အခုမှ ကျုပ်ကို တရားချမနေနဲ့၊ ကျုပ်ကတော့ မဖြစ်မနေ ကလဲ့စားချေရမှာပဲ"

"ခင်ဗျားကလဲ့စားချေလို့ သေရတဲ့လူတွေလည်း မနည်းတော့ပါဘူး၊ ဒီတစ်ခါတော့ ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် ထုတ်ချိန်လိုက်သည်။

"ဟား . . ဟား . . ဟား . . ဟား၊ ခင်ဗျားရဲ့သေနတ်ကို ကြောက်မယ်များ ထင်နေသလား၊ ကျုပ်က သေပြီးသား လူတစ်ယောက်ပဲ၊ နောက်တစ်ခါ ထပ်သေရတော့ရော ဘာအရေးလဲ ခင်ဗျားပစ်တာနဲ့ အားလုံးသေမှာပဲ"

ဦးကျော်သာက လက်ထဲမှ ခလုတ်ကို မြှောက်ပြရင်း ဦးမြတ်စံ မတ်တတ်ရပ်နေသည့် ခုံရှိရာသို့ သွားလေသည်။

ထိုအခိုက်မှာပင် မောင်သူရကို မြင်လိုက်တော့ ဦးကျော်သာမှာ အံ့သြသွားလေသည်။

"ဟင် . . . မင်းက ဘယ်လိုရောက်လာတာလဲ"

"ဒီမှာ ဘယ်သူတွေလဲ ကြည့်ပါဦး"

မောင်သူရက ပြောရင်း သူ့နောက်ဘက်မှ ဝင်လာသော မနှင်းကျော်ကို ပြသည်။

"ဟင် . ."

"ဖေဖေ . ."

မနှင်းကျော်က ကလေးကို ပွေ့ချီထားရင်း ဦးကျော်သာအနီးသို့ တိုးကပ်သွားသည်။

"ဖေဖေ . . ဖေဖေအသက်ပြန်ရှင်နေတယ် ဟုတ်လား သမီး ဝမ်းသာလိုက်တာ၊ ဒီမှာ ဖေဖေ့မြေးကလေးကို ကြည့်ပါဦး"

မနှင်းကျော်က ကလေးကို ထိုးပေးလိုက်ရာ ဦးကျော်သာ အမှတ်တမဲ့ လှမ်းယူလိုက်ရာ လက်ထဲမှာ ကိုင်ထားသော





ခလုတ်က အောက်သို့ ပြုတ်ကျသွားသည်။

ထိုအခါ ခလုတ်ဖွင့်လိုက်သကဲ့သို့ ဖြစ်ကာ နံပါတ်များ ပေါ်လာလေသည်။

နံပါတ်များက ချိန်ကိုက်ဗုံးသဖွယ် နံပါတ်များက လျော့ကျလာချေပြီ။

ထိုအချိန်မှာ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့က မြသင်းကြူနှင့် ဦးမြတ်စံတို့ကို ကြိုးဖြုတ်ပေးလိုက်လေသည်။

"ဖေဖေ့မြေးလေး အတော် နေမကောင်းဖြစ်နေလို့ ကြည့်ပေးပါဦး"

ဦးကျော်သာက ကလေးကို တစ်ချက်ငုံ့ကြည့်ပြီး မနှင်းကျော်ကို ပြန်ပေးလိုက်သည်။

"ကလေးကို အပေါ်ထပ်ဆေးခန်းကို ခေါ်သွားကြ၊ ငါလိုက်လာခဲ့မယ် . . . အမြန်သွားကြ"

ဟု ပြောသဖြင့် အားလုံး မြေအောက်ခန်းအတွင်းမှ ထွက်ကာ အပေါ်ထပ်သို့ ပြန်တက်ကြလေသည်။

မြေအောက်ခန်းအတွင်းမှာတော့ ဦးကျော်သာ တစ်ယောက်တည်းသာ ကျန်ခဲ့လေသည်။

ခလုတ်မှ ဂဏန်းများကလည်း တဖြည်းဖြည်းနှင့် လျော့ကျလာချေပြီ။

"ဖေဖေ့ဘဝက လူတောထဲ ပြန်ဝင်ဖို့ ဘယ်နည်းနဲ့မှ ဖြစ်နိုင်တော့ပါဘူးကွယ်၊ ဖေဖေ ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေက



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လည်း လွတ်လမ်းမရှိတော့ပါဘူး၊

ဒါကြောင့် ဖေဖေ့အတွက် ရွေးစရာလမ်း မရှိတော့ပါဘူး"

ဟု ပြောနေခိုက်မှာပင် အခန်းတွင်း၌ တပ်ဆင်ထားသော ရောင်ခြည်တန်းများက ဖြာထွက်လာရာ ဦးကျော်သာ ကိုယ်ပေါ်သို့ ထိပြီး လောင်ကျွမ်းသွားလေတော့သည်။

အပေါ်ထပ်အခန်းသို့ ရောက်နေကြသော ဒေါက်တာမင်းထင်ကျော်တို့မှာ အချိန်အတော်ကြာအောင် စောင့်နေသော်လည်း ဦးကျော်သာ ရောက်မလာသဖြင့် ဒေါက်တာမင်းထင်ကျော်က မြေအောက်ခန်းသို့ တစ်ကျော့ပြန်ဆင်းသွားလေသည်။

အခန်းတွင်းသို့ ရောက်သောအခါ ကြမ်းပြင်ပေါ်မှာ လဲကျနေသော ဦးကျော်သာကို တွေ့ရသဖြင့်ပွေ့ယူလိုက်သည်။

"ဒေါက်တာ. . . ဒေါက်တာ"

နိုင်ငံခြားပြန် ပါရဂူဘွဲ့ရ ဆရာဝန်ကြီး ဦးကျော်သာ တစ်ယောက် အသက်ပျောက်နေချေပြီ။

ပညာတတ်တစ်ယောက်ဖြစ်ခဲ့သော်လည်း ရန်ငြိုးရန်စ အာဃာတ တရားကြောင့် လမ်းမှားရောက်ခဲ့သော ဆရာဝန်ကြီး ဦးကျော်သာမှာ ယခုတစ်ခါမှာတော့ သေရွာသို့ အပြီးတိုင် ထွက်သွားခဲ့ရချေပြီ။







## အခန်း(၁၆)

# အချစ်များဖြင့် တွဲလက်ပြမေ

နောက်တစ်နေ့ နံနက်လင်းသောအခါ အိမ်ကြီးအတွင်းအပြင်အနှံ့ လိုက်လံရှာဖွေကြသောအခါ မြေအောက်ခန်း တစ်နေရာမှာ သေဆုံးနေကြသော ခြံစောင့်ကြီးဦးစံသာနှင့် ဦးမြေမောင်တို့ အလောင်းများကို တွေ့ရလေသည်။

မနက်ပိုင်းတွင် ဌာနအုပ် ဦးဘဇံ ဦးဆောင်သည့် ကလာဒုံ ဂါတ်တဲခန်းမှ ပုလိပ်များလည်း ရောက်လာကြသည်။

ထိုအခါမှ မောင်သူရက အကြောင်းစုံကို ပြောပြလေသည်။

www.burmeseclassic.com



"ဆရာကြီး သုတေသန လုပ်တဲ့ ဆေးပညာက လူတစ်ယောက်ရဲ့ ဝိညာဉ်သွေးကို ထုတ်လိုက်ရင် ခဏသေသွားမယ်၊ အဲဒီသေတဲ့လူကို ဝိညာဉ်သွေး ပြန်ထည့်ရင် အသက်ရှင်နိုင်မယ့် နည်းပါ"

"အတော်ဆန်းကြယ်တာပဲ"

"ရှေ့ပိုင်းမှာတော့ လူအသေအပျောက် ရှိခဲ့ပါတယ်၊ သူ့ဆီမှာ ခြံစောင့်လုပ်တဲ့လူတွေကို ငွေပေးပြီး စမ်းသပ်တာပါ၊ သေသွားတော့ မြေအောက်ခန်းထဲမှာ ဝှက်ထားခဲ့ပါတယ်၊ နောက်ဆုံး မောင်ထွန်းခ ဆိုတဲ့လူကို စမ်းသပ်တော့မှ အောင်မြင်ခဲ့တာပါ၊

အဲဒီလို အောင်မြင်ခါနီးတော့မှ မောင်ထွန်းခမိန်းမက ပုလိပ်တွေ ခေါ်လာပြီး ဖမ်းလို့ အားလုံးပျက်စီးသွားခဲ့ရတာပါ"

"အတော်နှမြောစရာကောင်းတာပဲ"

"ဒါပေမယ့် မောင်ထွန်းခရဲ့ ဝိညာဉ်သွေးကိုတော့ ရလိုက်ပါတယ်၊ ဒါကြောင့် သူ့ကို ကြိုးပေးပြီးတဲ့နောက်မှ အလောင်းကို ပြန်သယ်လာပြီး အဲဒီဝိညာဉ်သွေးနဲ့ အသက်ပြန်ရှင်အောင် ဖေဖေက လုပ်ပေးခဲ့ရတာပါ၊ အခုတော့ ဆရာကြီးရော ဖေဖေပါ သေသွားကြပြီဆိုတော့ ဒီပညာရပ်လည်း ပျောက်ဆုံးသွားခဲ့ပြီပေါ့"

ဟု မောင်သူရက ဝမ်းနည်းသောလေသံဖြင့် ပြောလိုက်လေသည်။

"ဒါဖြင့် ဦးကျော်သာ ရှိစဉ်တုန်းက မောင်သူရလည်း





အကူအညီပေးခဲ့ရတာပေါ့"

"မှန်ပါတယ်. . . ဖေဖေနဲ့ကျွန်တော်တို့က သူခိုးသမှုလုပ်ပေးခဲ့ရပါတယ်၊ ဒီအတွက် ကျွန်တော့်မှာ အပြစ်ရှိတယ်ဆိုရင်လည်း အရေးယူနိုင်ပါတယ်"

"အခုကိစ္စမှာ မောင်သူရတို့ အကူအညီပေးခဲ့လို့ ဦးမြတ်စံတို့သားအဖရဲ့အသက်ကို ကယ်တင်နိုင်ခဲ့တာပါ၊ မောင်သူရမှာ အပြစ်မရှိပါဘူး"

ဟု ဦးဘဇံက ဝင်ပြောလိုက်သည်။

နောက်ပိုင်းမှာတော့ ဦးဘဇံတို့ ပုလိပ်အဖွဲ့များက မောရမြိုင်နှင့် ပတ်သက်သည့်ကိစ္စရပ်များကို ဆက်လက်လုပ်ကိုင်ကြလေသည်။ ယခုတော့လည်း တစ်ချိန်က ကြောက်မက်ဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာကောင်းလှသည့် မောရမြိုင်အိမ်ကြီးနှင့် ပတ်သက်သော အကြောင်းအရာများက ပြီးဆုံးသွားခဲ့ပေပြီ။

ထို့အတူ ဒေါက်တာမင်းထင်ကျော် ဆောင်ရွက်ပေးခဲ့ရသည့်ကိစ္စများကလည်း နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ရပေပြီ။

မြသင်းကြူတို့အိမ်သို့ ရောက်သောအခါ မြသင်းကြူက များစွာကျေးဇူးတင်သော အမူအယာဖြင့်. . .

"ဖေဖေ့အသက်ကိုရော ကျွန်မအသက်ကိုပါ ကယ်တင်ပေးခဲ့တဲ့အတွက် ကိုမင်းထင်ကျော်ကို သိပ်ပြီးကျေးဇူးတင်ပါတယ်၊ ကျွန်မတို့မှာ ကိုမင်းထင်ကျော် ကယ်တင်ပေးတဲ့အသက်ပဲ ကျန်ပါတော့တယ်၊ ကျွန်မတို့မှာ အခုမှပဲ အိပ်မက်ဆိုးကြီးက လွတ်မြောက်ခဲ့ရသလိုပါပဲ ကိုမင်းထင်ကျော်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေသည်။

"ရပါတယ် မြသင်းကြူ၊ ဒီလောက်လည်း ကျေးဇူးတင်ဖို့ မလိုပါဘူး၊ ကူညီထိုက်လို့ အကူအညီပေးရတယ်လို့ပဲ သဘောထားပါ"

"ဒါပေမယ့် ကျွန်မ ကိုမင်းထင်ကျော်ကို ကျေးဇူးဆပ်ချင်ပါသေးတယ်၊

ကျွန်မတို့အသက်နဲ့ ညီမျှတဲ့ ကျေးဇူးဆပ်ခြင်းမျိုးပေါ့"

ဒေါက်တာမင်းထင်ကျော်က သဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။

"ဒီလိုဆိုရင် အတော်မြင့်မားတဲ့ ကျေးဇူးဆပ်ခြင်းမျိုးဖြစ်မှပဲ၊ ဒါဖြင့် ယူရမယ့်လူရဲ့လိုအပ်တာကို ပေးရင် ပိုပြီးအကျိုးရှိမှာပေါ့နော်"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် မြသင်းကြူ၏ မျက်နှာပြင်ပေါ်မှာ ပန်းနုရောင်သမ်းသွားပြီး ခေါင်းငုံ့သွားလေသည်။

"ကိုမင်းထင်ကျော်က ဘာများ လိုအပ်လို့လဲ"

ဟု လေသံတိုးတိုးဖြင့် မေးလိုက်သည်။

"မြသင်းကြူက ကျွန်တော်လိုချင်တာ တကယ်ပေးမှာလား"

"ပြောလေ. ."

"ကျွန်တော်က ချစ်ခွင့်ပန်ရင် လက်ခံမှာလား"

"ချစ်ခွင့်ပန်တယ်ဆိုရအောင် တကယ်ရော ချစ်လို့





လား"

"တကယ်ချစ်လို့ ပြောတာပေါ့"

"ခရီးသွားဟန်လွှဲ ကြုံကြိုက်လို့ ပြောသွားတာမျိုးတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး. . စိတ်ထဲက တကယ်နှစ်သက်လို့ ပြောတာပါ"

"ကျွန်မတို့ ပြန်တွေ့ကြတာ သိပ်မကြာသေးဘူး၊ မြန်လှချည်လား"

"အချစ်ဆိုတာ လိုအပ်တဲ့အချိန်မှာ ပေါ်လာတတ်တာမျိုးပဲလေ၊ နှေးတယ်မြန်တယ်မှ မရှိတာ၊ တစ်သက်လုံး အတူတူနေကြပေမယ့်လည်း တစ်ယောက်နဲ့တစ်ယောက် ချစ်ချင်မှ ချစ်ကြမယ်၊ ခဏလေး မြင်ရုံနဲ့လည်း စွဲစွဲလန်းလန်း ချစ်ခင်တဲ့စိတ်ဖြစ်ချင်ဖြစ်တာမျိုးပဲ၊

အချစ်စိတ်ဆိုတာ အချိန်နဲ့ ကန့်သတ်တိုင်းတာလို့ရတာမျိုးမှ မဟုတ်တာ"

ထိုစကားကြောင့် မြသင်းကြူက သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

"ကိုမင်းထင်ကျော်က စွန့်စားမှုတွေမှာ ဝါသနာပါသလို ချစ်စကားပြောတော့လည်း အတော်ကောင်းတာပဲနော်"

"ပြောသင့်တဲ့အချိန်မှာ ဘယ်လိုစကားမျိုး ပြောရမယ်ဆိုတာ အချစ်ကပဲ သင်ပေးခဲ့တာပါ"

"ကျွန်မက အချစ်နဲ့ ပတ်သက်ပြီး ဘာမှအတွေ့အကြုံ

www.burmeseclassic.com



မရှိခဲ့လေတော့ ဘယ်လိုပြန်ပြောရမှန်း မသိတော့ဘူး"

"ဒီလိုဆိုရင်လည်း လိုရင်းပဲ အဖြေပေးပေါ့"

"ချက်ချင်းကြီးတော့ အဖြေမပေးပါရစေနဲ့၊ စဉ်းစားဖို့ အချိန်တော့ ပေးဦးမှပေါ့"

"ကောင်းပါပြီဗျာ. . . လက်ဖက်ကောင်း စားချင်မှတော့လည်း ပလောင် တောင်တက်နေရမှာပေါ့၊ ဘယ်အချိန်လောက်များ အဖြေပေးမယ်လို့ စိတ်ကူးထားသလဲ"

"လာမယ့်လမှာ လွတ်လပ်ရေးအောင်ပွဲ ရှိတယ် မဟုတ်လား၊ ကနေဒီ(ကန်တော်ကြီး)ကျွန်းမှာ ပျော်ပွဲရွှင်ပွဲတွေ ရှိတယ်၊ အဲဒီကျတော့ ကိုမင်းထင်ကျော် မြကို လာခေါ်လှည့်လေ"

ဟု ချစ်စဖွယ် အမူအယာဖြင့် ပြောလိုက်ရာ ကျွန်ုပ်တို့ဇာတ်လိုက်ကျော်ကြီး ဒေါက်တာမင်းထင်ကျော်မှာ ဘဝင်ကျသွားလေတော့သည်။

"ဒါထက် ကိုယ့်ကို ဒီအတိုင်းပဲ ခေါ်တော့မှာလား၊ အခေါ်အဝေါ် မပြောင်းတော့ဘူးလား"

"အခုကတည်းက ပိုင်စိုးပိုင်နင်း ဖြစ်ချင်ပြီလား"

"အရောင်းအဝယ် တည့်ကြပြီဆိုတော့ စရံတော့ လိုချင်သေးတာပေါ့"

မြသင်းကြူက ဒေါက်တာမင်းထင်ကျော်စကားကို သဘောကျစွာ ပြုံးလိုက်လေသည်။

"ကိုက သိပ်ပြီးစကားတတ်တာပဲ၊ ကျောင်းမှာ တွေ့ရတုန်းကနဲ့တောင် မတူတော့ဘူး၊ တွေ့စက ဒီလောက်မှန်း မရိပ်မိခဲ့ဘူး"





"အခုမှပဲ တဖွတ်ထိုးနိုင်မှန်း သိရပြီလို့ ဆိုတာပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူး၊ လူတစ်ယောက်ရဲ့အတွင်းစိတ်သဘောကို အကဲခတ်တဲ့နေရာမှာ သိပ်တော်လို့ ချီးကျူးမိတာပါ"

"ဟင်. . . ဒီလိုဖြင့် မြကလည်း ကို ဖွင့်မပြောခင်ကတည်းက ကို့အပေါ်မှာ စိတ်ဝင်စားနေတာပေါ့နော်"

"ကို့စိတ်ထဲမှာ မိန်းကလေးတစ်ယောက်က သူ့သဘောမပါဘဲနဲ့ ချက်ချင်းဖွင့်ပြော၊ ချက်ချင်းလက်ခံလိမ့်မယ်လို့များ ထင်နေလို့လား"

"ကိုသဘောပေါက်ပြီ. . . သဘောပေါက်ပါပြီ၊ မြကလည်း ကိုယ့်အပေါ်မှာ စိတ်ဝင်စားနေလို့ အခုလို ချက်ချင်းလက်ခံတာပေါ့နော်"

"ဘယ်မှာ လက်ခံသေးလို့လဲ၊ စဉ်းစားဦးမယ်လို့ ပြောထားတယ် မဟုတ်လား"

"အဲဒီစဉ်းစားမယ်လို့ ပြောတာကိုက ကိုယ့်ကို လက်ခံပါမယ်လို့ စရံပေးထားတာပဲပေါ့. . . မဟုတ်ဘူးလား"

"ဒါကတော့ ကိုသဘောကျသလို တွေးယူပေါ့"

ဟု ပြောကာ မျက်စောင်းတစ်ချက် ထိုးလိုက်ရာ ဒေါက်တာမင်းထင်ကျော်မှာ သဘောအကျကြီး ကျသွားကာ မြသင်းကြူ၏လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်လေသည်။

ထို့နောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြီးလိုက်ကြလေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (သေရွာပြန်ရန်ပြီး နှင့် လည်ကို ငင်သည့်ကြိုး) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။


အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု။

ကြိုသန်

BURMESE CLASSIC .com

စာပြီးချိန် ။ (၂၀၀၉)ခုနှစ်၊ ဇန်နဝါရီလ(၂၂)ရက်၊
သောကြာနေ့၊ နေ့လည်(၂)နာရီ။

☺ အောင်မြင်စာပေ ☺



www.burmeseclassic.com